
# ဝင်းဘုန်းအောင်



ဒိုးကျောင်းဝိမ်အဘနှင့် ရှစ်မျက်နှာကျား

# ဝင်းဘုန်းအောင်

## မိကျောင်းစိမ်းမား ရှစ်မျက်နှာကျား

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

ပထမပိုင်း၊

စာမူခွင့်ပြုချက်အမှတ်    ၀၄၄/၉၉(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်    ၁၁/၂၀၀၀(၁)

ပထမအကြိမ်

၂၀၀၀-ခုနှစ်၊

ဧပြီလ၊

အုပ်ရေ - ၅၀၀

တန်ဖိုး - နှစ်ရာကျပ်တိတိ

ဖြန့်ချိရေး

**နွေမိုးဆောင်းစာပေ**

အမှတ် ၇၂၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးစိန်ကြီး (မြဲ-၀၅၄၀)
ရွှေချပ်လွှာစာပေ
အမှတ်-၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်
၁၃(အေ)၊ ၉၈-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ် ၉၆၊ ၁၀-လမ်း၊ ရန်ကုန်မြို့။

အခန်း ( ၁ )

## ကြယ်တံခွန်နဂါး နေလခြွေလက်စါး

နေ့ရာသီ၏ နေ့လယ်ခင်းနေသည် တစ်လောကလုံး အရည်ပျော်ကျသွားလောက်အောင်ပင် ခြစ်ခြစ်တောက် ပူပြင်းလွန်းလျက် ရှိနေပေသည်။

ထိုအချိန်၌....

ရန်ကုန်မြို့သို့ ပေါက်ရောက်သောလမ်းမကြီးမှာ ပူပြင်းလွန်းလှသည့်နေပူဒဏ်ကို အန်တုလျက် မြင်းသတ်မြွာပင် ဝပ်စင်းလဲလျောင်းလျက် ရှိနေလေသည်။

ထိုမျှမည့်မတာ ရက်ရက်စက်စက် ပူပြင်းလျက်ရှိသည့် နေရောင်ခြည်အောက်၌ မည်သည့်ခရီးသွားတို့ ဤ မြေလိမ်မြေကောက် ဝပ်စင်းလျက်ရှိသော မြေဝါလမ်းမကြီးပေါ် ဖြတ်သန်းခရီးနှင်ကြမည် မထင်ပါချေ။

သို့သော် ထိုအင်မြင်ချက်ကို တအံ့တသြ ရိုက်ချိုးဖျက်ဆီး လိုက်သည်ကား....

ယင်း မြေဝါလမ်းမကြီး၏အဆုံးအစွန်း ပြာစင်ကြည်လျက် ရှိသည့် မိုးကုပ်စက်ဝိုင်းအောက်အနားသတ်နှင့် ထိစပ်နေသည့် နေရာမှ ဖုန်လုံးတစ်လုံး ဘွားခနဲ ထွက်ပေါ်လာသောကြောင့် ဖြစ်လေသည်။

ဟုတ်ပါလေရဲ့။

ထိုဖုန်လုံးသည် ရန်ကျူးမြို့သို့ ဦးတည်လျက် တရွေ့ရွေ့ ရွေ့လျားလာလေသည်။

ဒါကြောင့် ခေါစောက် ပူပြင်းသောနေရောင်အောက် ဝယ် ငြိမ်သက်စွာအိပ်မောကျနေသည့် မြေဝါလမ်းမကြီးမှာ သက်ဝင်လှုပ်ရှားလာပြီး ယင်းဖုန်လုံး တလိမ့်လိမ့်ဖြတ်သန်းခဲ့ သည့်လမ်းတစ်လျှောက် ဖုန်မှုန့်များ၊ မြူနှင်းများသဖွယ် လွှမ်းခြုံအုပ်ဆိုင်းသွားရပြီး ပတ်ဝန်းကျင်တစ်ခုလုံး ကြည် ကြည်လင်လင် မရှိတော့ပါချေ။



ထို တလိမ့်လိမ့်ရွေ့လျားနေသောဖုန်လုံးက ခရီးသွားတစ် ယောက် ခြစ်ခြစ်တောက် ပူပြင်းလွန်းလှသည့် နေရောင်ကို အန်တု၍ ခရီးနှင်လာ၍ ဖြစ်ပေါ်လာသောဖုန်လုံးပင် ဖြစ် လေသည်။

ဟုတ်မဟုတ် အနီးကပ်မြင်ကွင်းကို ကြည့်ရှုလိုက်လျှင် မြက်ခမောက်ဝိုင်းကြီးအား ခပ်ငိုက်ငိုက်ဆောင်းထားလျက် ခရီးသွားတစ်ယောက်၊ အုန်းခွံရောင်မြင်းညိုကြီးကို ရန်ကျူး မြို့သို့ဦးတည်ကာ ဒုန်းစိုင်းနှင်လာနေခြင်း ဖြစ်လေသည်။

သို့ဆိုလျှင်....

ယင်းမြင်းစီးသမားမှာ မည်သည့်အရေးတကြီးကိစ္စ ကြုံ နေရ၍ ရက်ရက်စက်စက် ပူပြင်းလျက်ရှိသော နေပူဒဏ်ကို ဂရုမမူနိုင်ဘဲ ခရီးနှင်နေရပါသနည်း။

ဤသည်ကိုတော့....

ကာယကံရှင် မြင်းစီးသမားကိုယ်တိုင်မှလွဲ၍ မည်သူမျှ သိနိုင်မည် မထင်ပါချေ။

ထိုမြင်းစီးသမားမှာ အသက်အားဖြင့် သုံးဆယ်ဝန်းကျင် ခန့် ရှိမည်ထင်ရလေသည်။

ပြီး....ထိုသူမှာ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်မြန်းထား လေသည်။

ထိုလူ ဝတ်ဆုံမြန်းထားသော ဝတ်စုံ၏ အစိမ်းရောင် သရေအောက်ကို ဟန်ကဗျုပ်လူမျိုးတို့ ယူဆထားသည်မှာကား....

နားလည်ရန်ခက်ခဲသော ပဟေဠိအရောင်၊ ပြီး....ရင်းနှီးကျွမ်းဝင်မှုမရှိ၊ အထီးကျန်ဆန်သောအရောင်၊ စိမ်းကားရက်စက်သောအရောင်၊ နောက် နတ်ဆိုးတမန်တော်တို့ ကြိုက်နှစ်သက်သောအရောင်ဟု ယူဆသတ်မှတ်ထားကြသည်။

ဒါ... ဒါဆိုလျှင်....

အခု ဝတ်စုံစိမ်းဝတ် မြင်းစီးသမားမှာ တစ်စုံတစ်ယောက်ကို ဒုက္ခပေးဖို့ ရောက်လာသည့် နတ်ဆိုးတမန်ပေလော။

ဟုတ်မှဟုတ်ကိုတော့....။



ကံအားလျော်စွာပင်....

မည်သည့်အရပ်မှ လွင့်မြောလာသည် မသိရသော တိမ်တိုက်တစ်စုက နေသူရိန်၏ မညှာမတာ ရက်ရက်စက်စက် ပူပြင်းမှုကို မမြင်ရက်၍လားမသိ၊

တခဏကြာမျှ ယင်းတိမ်တိုက်တို့ နေသူရိန်ကို မှိန်မှိန်ရ ဖုံးအုပ်လိုက်လေသည်။

ဒါကြောင့် နေခဏရိပ်သွားရသည်။

ထိုအခါ မြေဝါလမ်းမကြီးပေါ် ဝယ် ဖုန်တသိမ့်လိမ့် ခရီးဒုန်းစိုင်းနှင်နေရသော ဝတ်စုံစိမ်းမြင်းစီးသမားမှာ နေပူဒဏ် ရှက်ခြည်း သက်သာခွင့်ရသွားရလေသည်။ ထိုသို့ နေရိပ်ချိန်မှာပင် ဝတ်စုံစိမ်းဝတ် မြင်းစီးသမားမှာ သူ၏ မြင်းညိုကြီးကို ဦးတည်ရာနေရာ အမြန်ရောက်အောင် ဇက်ကိုဖွင့်၍ နှင်လိုက်လေသည်။

ရှေ့ခန့်တစ်ဒိုင်းကျော်ခန့် ကြာသောအခါ ထိုဝတ်စုံစိမ်းဝတ် မြင်းစီးသမားမှာ မြေဝါလမ်းမကြီး လမ်းကျဉ်းတစ်ခု ခွဲထွက်သွားသည့် လမ်းဆုံသို့ ရောက်ရှိလာလေသည်။

ထိုစဉ်မှာပင်...

ဝတ်စုံစိမ်းဝတ် မြင်းစီးသမားသည် သူ၏မြင်းညိုကြီးကို ဇက်ကြိုးသပ်၍ ရပ်လိုက်၏။

သည်နောက် ဝတ်စုံစိမ်းဝတ် မြင်းစီးသမား၏အကြည့်က မြေဝါလမ်းမကြီးမှခွဲထွက်သွားသည့် လမ်းကျဉ်းအဆုံးသို့ ရောက်ရှိသွား၏။

ထိုလမ်းကျဉ်းအဆုံးတွင် စိမ်းညို့ညို့ တောအုပ်ကလေး တစ်အုပ် နေရိပ်အောက်ဝယ် ခပ်ကုပ်ကုပ်ကလေး တည်ရှိနေသည်။

သည်တွင် ဝတ်စုံစိမ်းဝတ် မြင်းစီးသမားမှာ ထိုစိမ်းညိုညို့ တောအုပ်လေးကို လှမ်းမျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချမိ၏။

'အင်း....ငါသွားရောက်ရမယ့် ကြယ်တံခွန်နဂါးတောအုပ် ဆိုတာ ငါ့အခုလှမ်းတွေ့နေရတဲ့ တောအုပ်ပဲထင်ပါရဲ့'

ယင်းသို့ ဝတ်စုံစိမ်းဝတ်မြင်းစီးသမားက ရေရွတ်ပြောဆို မိ၏။

သည်နောက် ဝတ်စုံစိမ်းဝတ်မြင်းစီးသမားသည် သူ့မြင်း ညိုကြီးကို မြေဝါလမ်းမှဖဲ့ကြဉ်၍ လမ်းကျဉ်းအတိုင်း စိမ်းညို ညို့ တောအုပ်ဆီသို့ ဦးတည်စိုင်းနှင်လိုက်သည်။

ရေနွေးတစ်အိုးကျက်ခန့်ကြာသောအခါ ဝတ်စုံစိမ်းဝတ် မြင်းစီးသမားမှာ အုပ်အုပ်ဆိုင်းဆိုင်းရှိသည့် တောအုပ်အစပ် သို့ရောက်ရှိလာ၏။

ထိုအချိန်တွင်မူ....



တိမ်တိုက်ထဲ၌ နစ်မြုပ်ပျောက်ကွယ်လျက် ရှိနေရသော သူရိန်နေမင်းကြီးမှာ တဖြည်းဖြည်း ခေါင်းပြူထွက်ပေါ်လာ သည်။

သို့နှင့် ဝတ်စုံစိမ်းဝတ် မြင်းစီးသမားသည် သူ့မြင်းညို ကြီးကို တောအုပ်အဝင်လမ်းအတိုင်း ပုံမှန်စီးနင်းလာခဲ့လေ သည်။

ပြောရမည်ဆိုလျှင်....

ယခု ဝတ်စုံစိမ်းဝတ် မြင်းစီးသမား ချင်းနင်းဝင်ရောက် လာသော ကြယ်တံခွန်နဂါးတောအုပ်ဆီသို့ မည်သူမှမလာရဲ ကြပေ။

အဘယ်ကြောင့်ကြောင့် ထိုကြယ်တံခွန်နဂါးတောအုပ် ဆီသို့ မည်သူမှ မလာရဲကြပါသနည်း။

အကြောင်းဟူမူ....

ထိုကြယ်တံခွန်နဂါး တောအုပ်အတွင်း၌ ခြံဝန်းကျယ်ကြီး ခတ်၍ ဟသီးဘသန့် နေထိုင်လျက်ရှိသည့် ကြယ်တံခွန်နဂါး ဟွမ်ဖိန်၏ အန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရမည်ကို စိုးရွံ့ကြပြီး မည်သူမျှ ယင်းတောအုပ်သို့ မလာရဲကြခြင်းဖြစ်၏။

ဒါ့ပြင်လည်း ရှေ့က ဖြစ်ပျက်ခဲ့ဘူးသော အဖြစ်ဆိုးကြီး တစ်ခုက သည်ကြယ်တံခွန်နဂါး တောအုပ်မှာပင် ဟိုးလေး တကျော်ဖြစ်ပွားခဲ့ဖူးသောကြောင့်ဖြစ်သည်။

ယင်းအဖြစ်ဆိုးကြီးကို ပြောပြရလျှင်....

ထိုအချိန်ကား သိုင်းလောကတွင် ဆိုးသွမ်းခေါင်းကျန်း နေသော အရိုးဖြူမိစ္ဆာ ဆယ်ဦးတို့သည် မြို့ကိုဝင်ရောက် တိုက်ခိုက်လုယက်ရန်အတွက် ကြယ်တံခွန်နဂါးတောအုပ်ဆီသို့ ခိုအောင်းဖို့ ချင်းနင်းဝင်ရောက်ခဲ့ကြသည်။

သည်တွင် ထိုအရိုးဖြူမိစ္ဆာဆယ်ဦးနှင့် ကြယ်တံခွန်နဂါး ဟွမ်ဖိန်တို့ ကြယ်တံခွန်နဂါးတောအုပ်အတွင်း၌တွေ့ဆုံကြပြီး အပြင်းအထန်တိုက်ပွဲဖြစ်ကြ၏။

ထိုအခါ...

ကြယ်တံခွန်နဂါး ဟွမ်ဖိန်၏လက်ချက်ကြောင့် အရိုးဖြူ မိစ္ဆာ ဆယ်ဦးတို့မှာ ခေါင်းတခြား ကိုယ်တခြား အိုးစားကွဲ ကာ ကြယ်တံခွန်နဂါး တောအုပ်အပြင်ဘက်၌ မြင်မကောင်း ရှုမကောင်းအောင် မြက်ခင်းပြင်၌ ပြန့်ကြဲလျက်ရှိနေကြလေ သည်။

ထိုသို့ သိုင်းလောကတွင် နာမည်ကြီး ဆိုးသွမ်းခေါင်း ကျန်းနေသော အဆင့်မြင့်ဒုစရိုက်သိုင်းသမား အရိုးဖြူမိစ္ဆာ ဆယ်ဦးတို့ ကြယ်တံခွန်နဂါးဟွမ်ဖိန် လက်ချက်ကြောင့်ပွဲသိမ်း မလှ ဖြစ်သွားရသည့်သတင်းမှာ သိုင်းလောက တစ်ခုလုံးကို တောမီးပမာ ချက်ချင်းပျံ့နှံ့သွား၏။



ထို့အပြင် ထင်းခုတ်သမားတစ်စု ယင်းကြယ်တံခွန်နဂါး တောအုပ်ကြီးအတွင်းသို့ ထင်းခုတ်ရန် ရောက်ရှိသွားခဲ့ကြဖူး သည်။

ထိုအခါ ယင်းထင်းခုတ်သမားတစ်စုတို့ ကြယ်တံခွန်နဂါး တောအုပ်အတွင်းမှ သွေးရူးသွေးတန်း ထွက်ပြေးလာကြရ သည်။

အဘယ်အကြောင်းကြောင့် ယင်းထင်းခုတ်သမားတစ်စုကို သွေးရူးသွေးတန်းဖြင့် ဝရုန်းသုန်းကား ထွက်ပြေးလာကြ သည်လည်းဟု ဝိုင်းဝန်းမေးမြန်းကြည့်တော့ တောအုပ်တွင်းမှ အမျူးရောင်မိစ္ဆာ မကောင်းဆိုးဝါးကြီးတစ်ကောင် သူတို့ကို လိုက်၍ ဖမ်းဆီးသဖြင့် တုန်လှုပ်ချောက်ချားစွာဖြင့် ခြေကုန် သုတ် ထွက်ပြေးလာကြရကြောင်း ပြောကြရသည်။

ထိုသို့ဖြစ်ရပ်ဆိုးများကြောင့် ယင်းကြယ်တံခွန်နဂါးတော အုပ်အတွင်းသို့ မည်သူမျှခြေဦးပင် မလှည့်မိကြတော့ချေ။

ဟော....ခုတော့ ဝတ်စုံစိမ်းဝတ်မြင်းစီးသမားတစ်ယောက် အများခြေဦးပင် မလှည့်ဝံ့ဘဲရှိသော ကြယ်တံခွန်နဂါးတော အုပ်အတွင်းသို့ အနုန်းခွ ရောင် မြင်းကြီးကို စီးနှင်းလျက် ဝင် ရောက်လာချေပြီ။

သို့ဆိုလျှင်....

ယင်းဝတ်စုံစိမ်းဝတ် မြင်းစီးသမားမှာ ကြယ်တံခွန်နဂါး တောအုပ်၏ နောက်ကြောင်းရာဇဝင်ကို မသိ၍လော။

ဒါမှမဟုတ်....

သိလျက်နှင့်ပင် တောအုပ်အရှင်သခင် ကြယ်တခွန် နဂါး ဟွမ်ဖိန်၏အန္တရာယ်ကို ထိုဝတ်စုံစိမ်းဝတ် မြင်းစီးသမား ဂရု မမူ၍လော။

ဤသည်ကိုတော့....

သို့နှင့် ဝတ်စုံစိမ်းဝတ် မြင်းစီးသမားသည် တောအုပ်အတွင်း အလည်နေရာသို့ရောက်ရှိလာသောအခါ လမ်းဘယ်ဘက်ခြမ်းရှိ မြင်ကွင်းတစ်ခုကို လှမ်းမြင်တွေ့လိုက်သဖြင့် သူ၏ မြင်းညိုကြီးအား ဇက်ကြိုးသပ်ရပ်လိုက်လေ၏။

သူလှမ်းမြင်တွေ့လိုက်ရသော မြင်ကွင်းက တစ်ခြား မဟုတ်ပါချေ။

သူရပ်တည်နေရာ လမ်းနှင့် မလှမ်းမကမ်း မြေပြင်ကျယ်၌ ခိုင်ခံ့သော တဲတိုင်မြင့်ကြီးပုတ်ပတ်လည် စိုင်းရံခတ်ထားသည့် ခြံဝင်းကျယ်ကြီးတစ်ခုကို သူလှမ်းမြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

သည်တွင်....

ဝတ်စုံစိမ်းဝတ် မြင်းစီးသမားသည် သောအုပ်အလည်၌ ခန့်ညားထည်ဝါသော အဆောက်အဦခြံဝင်းကိုလှမ်းမြင်တွေ့ရပြီး တအံ့တသြဖြစ်တည်သွားရ၏။



'ဟာ... ကြယ်တံခွန်နဂါးဂေဟာက ငါတွေးထင်ထားတာထက်တောင် သိပ်ပြီးခန့်ညားထယ်ဝါလွန်းနေပါလား၊ ဘာပဲဖြစ်ဖြစ် ငါ့တာဝန်အရတော့ ဆောင်ရွက်ရမှာပဲ'

ထိုသို့ဝတ်စုံစိမ်းဝတ်မြင်းစီးသမားမှာ စိတ်ထဲရေရွတ် ဆုံးဖြတ်လိုက်ပြီးနောက် သူ၏မြင်းညိုကြီးကိုလမ်းကျဉ်းမှ ဖွဲ့ကြဉ်၍ ကြယ်တံခွန်နဂါးဂေဟာဆီသို့ ဦးတည် စိုင်းနှင်လိုက်လေတော့၏။

'ခွပ် ခွပ် ခွပ်'

တိတ်ဆိတ်ငြိမ်သက်လွန်းလျက်ရှိသော တောအုပ် အတွင်းသို့ စိုင်းနှင်လာသည့် မြင်းညိုကြီး၏ခွာသံက ခန့်ညားထယ်ဝါလျက်ရှိသော ကြယ်တံခွန် နဂါးဂေဟာဝန်းကျင်ထိ ပြန့်နှံ့လွင့်ခြုံသွားလေသည်။

ဝတ်စုံစိမ်းဝတ် မြင်းစီးသမားသည် ကြယ်တံခွန်နဂါးဂေဟာရှေ့သို့ရောက်သောအခါ သူ၏မြင်းညိုကြီးကို ဇက်ကြိုးသင်ရပ်ဆိုင်းလိုက်သည်။

ပြီးနောက် သူ မြင်းညိုကြီးကျောပေါ်မှ မြေပြင်ပေါ်သို့ ခုန်ပျံဆင်းလိုက်၏။

ပြီးနောက် မှုဟူရာရောင်ပြေးထနေသော ကျွန်းတံခါးချပ်ကြီးရှေ့သို့ ချဉ်းကပ်ရောက်ရှိသွားလေသည်။

အနားရောက်တော့ ခြံဝင်းတံခါးပေါက်၌ အစောင့်များ ရှိမရှိလှမ်းအကဲခတ် ကြည့်ရှုလိုက်ရင်း....

'အင်း... ခြံစောင့်ရဲ့အရိပ်အယောင်လဲ လုံးဝမမြင်တွေ့ရပါလား၊ အခြေအနေကြည့်ရတာ ခြံစောင့်ထားတဲ့ပုံမပေါ်ဘူး၊ ငါဘယ်လိုလုပ် ခြံတံခါးဖွင့်ခိုင်းဖို့ လူခေါ်ရမလဲ၊ ငါဒီကနေ အသံကုန်လှမ်းခေါ်ရတော့မလို ဖြစ်နေရပြီ၊ အဲဒါပဲကောင်းပါတယ်'

ယင်းသို့ ဝတ်စုံစိမ်းဝတ်လူမှာ တွေးတော ဆုံးဖြတ်လိုက်မိလေသည်။

ပြီးနောက်သူသည် ဘယ်ညာလက်ဝါး နှစ်ဖက်ကိုကို ပါးစပ်ပေါက်၌အုပ်မိုးရင်း....

'ခြံစောင့် မရှိဘူးလားဗျို့'

ထိုသို့ ဝတ်စုံစိမ်းဝတ်လူ အသံကုန်ဟစ် ခေါ်လိုက်သောအော်သံက ကြယ်တာ့ခွန်နဂါးဂေဟာဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်မျှကျယ်ကျယ်လောင်လောင် လွှမ်းခြုံသွားရှာလေတော့သည်။

သူ့ခေါ်သံတိတ်ဆိတ်ငြိမ်သက်သွားတော့မှ ကြယ်တာ့ခွန်နဂါးဂေဟာအတွင်းမှ အဝေးထိန်း ပို့လွှတ်လိုက်သော အသံလှိုင်းတစ်ခုက သူ့နားစည်သို့ တုန်ဟီးစွာ ရိုက်ခတ်လာသည်မှာ....



'ငါ့ဂေဟာမှာ ခြံစောင့် ထားစရာမလိုဘူး၊ မင်း ဘာအကြောင်းကိစ္စကြောင့် ငါ့ကြယ်တာ့ခွန်နဂါးဂေဟာကိုရောက်လာရတာလဲ'

'ဟင်....'

ယင်းသို့ အသံထိန်း အဝေးစကားပြောပညာချပ်ကို လုပ်နိုင်စွမ်းရှိသူမှာ အဆင့်လွန်သိုင်းပညာရှင်ကြီးများသာ ပြုလုပ်နိုင်စွမ်းရှိလေသည်။

ထိုအခြေအနေကို တွေးတောသုံးသပ်မိလိုက်သော ဝတ်စုံစိမ်းဝတ်လူ အံ့သြတုန်လှုပ်စွာဖြင့် ဟင်ဟူသည့် အာမေဍိတ်စကားသံကို ရေရွတ်မိလိုက်၏။

ထိုသို့ သူအံ့သြတွေဝေနေစဉ်မှာပင် ဒုတိယမ္ပိ အသံလှိုင်းတခု သူ့နားစည်အစုံသို့ ကျယ်ကျယ်လောင်လောင် ရိုက်ခတ်လာသည်မှာ....

'ဟိတ်....ငါမေးနေတာကို ဖြေစမ်း'

ထိုစဉ် ဝတ်စုံစိမ်းလူမှာ ခေါင်းအသိုသိုညိတ်လိုက်မိပြီး....

'ဟုတ်....ဟုတ်ကဲ့ ကျွန်တော်ဟာ မိချောင်း နှစ်ကောင်အာမခံဌာနက အဖွဲ့ခွဲခေါင်းဆောင် မိကျောင်းစိမ်း ခားလုံပိုင်ချင်းပါခင်ဗျာ'

တုံ့ပြန်ဖြေလိုက်တော့ အဝေးမမြင်ကွယ်ရာ၌ ရှိနေသော အဆင့်လွန်သိုင်းပညာရှင်ကြီးမှာ ကြားနိုင်စွမ်းရှိစွာ ဖြေသိလိုက်ရပြီး....

'ကြြော်....မင်းဘဲ မိကျောင်းနှစ်ကောင် အာမခံဌာနက ကိုး၊ နေစမ်းပါဦး မင်းတို့အာမခံဌာနနဲ့ ကြယ်တံခွန်နဂါး ဂေဟာ ဘာပတ်သက်မှုရှိနေလို့လဲ'

ယင်းအမေးစကားကြောင့် မိကျောင်းစိမ်း ဓားလုပိုင်ချင် မှာခိုးလိုးခုလုခံစားလိုက်ရပြီး....

'ကျွန်တော် ဒီကြယ်တံခွန်နဂါးဂေဟာနဲ့ ပတ်သက်မှုမရှိ ရင် ဒီကိုအမင့်မမ်းခံပြီး ရောက်မလာပါဘူး၊ ကျွန်တော့်ကို ဒီလိုပဲခြေပေါက်ဝမှာ စည့်ခံစကားပြောတော့မှာလား'

ခနဲ့တဲ့တဲ့လေသံဖြင့် တုံ့ပြန်ပြောလိုက်တော့ အဝေးအသံ လိှုင်းရှင်ကြီးက ရယ်သံသဲ့သဲ့ဖြင့်....

'အိမ်း... မင်းဧည့်သည်ဆိုရင်တော့ ငါခြံတံခါး ဖွင့်ပေး ရတာပေါ့'

ပြောဆိုပြီးနောက် သိပ်မကြာလိုက်ပါချေ။

'ဂျလောက်....ကျွိ ကျွိ ကျွိ'

'ဟာ....'

ပိတ်ထားသော ဟောူရာရောင်ပြေးထနေသည့် ကျွန်းတံခါး ချပ်မှာ လာရောက်ဖွင့်သူမရှိဘဲ အလိုလို ပွင့်ဟသွားသည်ကို မိကျောင်းစိမ်းဓားလုပိုင်ချင် လှမ်းမြင်တွေ့လိုက်ရပြီး ပါးစပ် အဟောင်းသားဖြစ်မျှ အံ့သြတကြီးဖြစ်သွားရ၏။



နောက်မှ မိကျောင်းစိမ်း ဓားလုပိုင်ချင်မှာ ဖွင့်သူမရှိဘဲ သူ့အလိုအလျောက်မဟော်ရာရောင်ပြေး ကျွန်းတံခါးကြီးနှစ်ချပ် ဖွင့်ဟသွားရသည့် သဘောကို အဖြေထုတ် စဉ်းစားမိလိုက် တော့....

'ကြြော်... ဒီကြယ်တံခွန် နဂါးဂေဟာရှင်ကြီးဟာ စက်မှု ယန္တရားအတတ်ပညာရပ်ကို တတ်ကျွမ်းကျင်တဲ့ပညာရှင် တစ် ယောက်ပဲ့ကိုး'

ရှောက်ပါသည်။

ကြယ်တံခွန် နဂါးဂေဟာရှင်ကြီးမှာ ခြံစောင့်မထားပဲ ခြံတံခါးကို စက်ယန္တရားအတတ်ပညာရပ်ကို အသုံးပြု၍ အဖွင့်အပိတ်ပြုလုပ်ထားခြင်းဖြစ်၏။

ထိုအခိုက် မိကျောင်းစိမ်းဓားလုပိုင်ချင်သည် အသင့်ပွင့်ဟ လာသော ခြံတံခါးပေါက်ကိုဖြတ်သန်း၍ ကြယ်တံခွန်နဂါး ဂေဟာအတွင်းသို့ ဝင်ရောက်လာခဲ့၏။

အထဲရောက်သည်နှင့်....

'ကျွိ ကျွိ ကျွိ ဒုန်း'

ဟော်ရာရောင်ပြေး ကျွန်းတံခါး ချပ်ကြီးမှာ သူ့အလို အလျောက်ပြန်ပိတ်သွားလေ၏။

သည်နောက် မိကျောင်းစိမ်းခါးလုပိုင်ချင်သည် ရောင်စုံကျောက်ပြားများ အစီအရီခင်းထားသော လှမ်းအတိုင်း လျှောက်လှမ်းလာခဲ့လေသည်။

သည်တွင် မိကျောင်းစိမ်းခါးလုပိုင်ချင်သည် ကြယ်တံခွန်နဂါးဂေဟာအတွင်း အခြေအနေကို ဝေ့ဝဲကာ လှမ်းအကဲခတ်ကြည့်ရှုမိလိုက်လေ၏။

ထိုအခါ ကြယ်တံခွန်နဂါးဂေဟာအတွင်းမှာ ရောင်စုံပန်းဥယျာဉ်သဖွယ် သာယာလှပလျက်ရှိနေသည်ကို သူတအံ့တသြငေးမောမိသွားရဲလေ၏။

သူကုန်းအမြင့်နေရာတွင်ခန့်ညားထည်ဝါစွာတည်ဆောက်ထားသော နှစ်ထပ်အဆောက်အဦးသို့ ပေါက်ရောက်သည့်ရောင်စုံကျောက်ခင်းလမ်းအတိုင်း တဖြည်းဖြည်းလျှောက်လှမ်းလာနေမိုက်တွင် ခြံဝင်းအတွင်း၌ လူရိပ် လူခရောင်ပင် လုံးဝမမြင်တွေ့ရချေ။

သို့နှင့် မိကျောင်းစိမ်း ခါးလုပိုင်ချင်သည် ရောင်စုံပန်းဥယျာဉ်ကြီးကို ကွေ့ပတ်သွားသော ရောင်စုံကျောက်ခင်းလမ်းအတိုင်း တရွှေ့ရွှေ့လျှောက်လှမ်းလာရင်း....

'အင်း....ကြယ်တံခွန်နဂါးဂေဟာ တကယ့်ကိုနယ်စားကြီးတစ်ဦး စံမြန်းတဲ့ဂေဟာကြီးတစ်ခုလို ခန်းနားလှပလွန်းနေပါလား'



ယင်းသို့ မိကျောင်းစိမ်းခါးလုပိုင်ချင်တစ်ယောက် တွေးတောရေရွတ် လျှောက်လှမ်းလာစဉ်ခိုက်....

'ဟူး....'

'ဘုတ်....'

'ဟင်....'

သူသွားလမ်းရှေ့ မလှမ်းမကမ်းဆီသို့ အဖြူရောင်အရိပ်ကြီးတစ်ရိပ် လေဟုန်ကြမ်းတိုက်ခိုက်သကဲ့သို့ ဟူးခနဲ ပျံသန်းရောက်ရှိလာသည်၊

ဒါကြောင့် သူ လှမ်းလက်စ ခြေလှမ်းများကို ရုတ်တရက်ရပ်ဆိုင်းလိုက်သည်။

ပြီး သူသွားလမ်းကို ဟန့်တားလာသောအဖြူရောင်အရိပ်ကြီးအား လှမ်းအကဲခတ်ကြည့်ရှုလိုက်မိသည်၊

ထိုအခါ

သူ့အား ဟန့်တားလာသူမှာ ပိုးထည်အဖြူရောင်ဝတ်စုံဝတ်ဆင်မြန်းထားပြီး ငွေရောင်ဆံထုံးထက်ဝယ် အစိမ်းရောင်နဂါးရုပ်ပါ ဆံထိုးတစ်ချောင်းထိုးထားသည့် လူကြီးတစ်ဦးဖြစ်နေကြောင်း သူ လှမ်းမြင်တွေ့လိုက်ရသည်၊

ထိုလူကြီးမှာဥပဓိရုပ်တည်ကြည်ခန့်ညားလျက်ရှိပြီး အသက်အားဖြင့် လေးဆယ့်ငါးဝန်းကျင်ခန့် ထင်ရသည်၊

ပြီး ထိုလူကြီး၏အပေါ်ဝတ်စုံ ရင်ဘတ်နေရာ၌ ထက်ရှ မြောက်စွာဆွဲထားသော နဂါးရုပ်ကြီးတစ်ကောင်ကြွားကြွား ရှားရှား ရှိနေလေသည်။

ထိုဝတ်စုံအရုပ် ဖော်ကျူးထားမှုအခြေအနေကို မိကျောင်းစိမ်းခေါင်းလုပိုင်ချင် လှမ်းအကဲခတ်ကြည့်ရှုပြီး လိုက်ပြီးနောက်...

'အင်း....ဒီလူကြီးဟာ ဒီဂေဟာပိုင်ရှင် ကြယ်တံခွန်နဂါး ဟွမ်ဖိန်ပဲ ဖြစ်ရမယ်၊ ဒါပေမယ့် တယ်ပဲ ကြယ်တံခွန်နဂါး ဟွမ်ဖိန် ဟုတ်မဟုတ်ဆိုတာကိုတော့'

ထင်းသို့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ ပိုးသည်အဖြူ ရောင်ဝတ်စုံနှင့်လူကြီးကို ငေးစိုက်ကြည့်ရင်း မေးခွန်းတသုံး သင်မီနေ၏။

ထိုစဉ် ယင်းပိုးထည်ဝတ်စုံဖြူနှင့်လူကြီးက အစိမ်းရောင် ဝတ်စုံနှင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ထံ မျက်မှောင်ကြုတ် ကြည့်ရင်း....

'ကိုင်း....မိကျောင်းနှစ်ကောင် အာမခံဌာနက အဖွဲ့ခွဲ ခေါင်းဆောင်၊ မိကျောင်းစိမ်းခေါင်းလုပိုင်ချင် တွေ့ဆုံချင်တဲ့ ကြယ်တံခွန်နဂါး ဟွမ်ဖိန်ဆိုတာ ကျုပ်ပဲ'

လေသံမာမာနှင့်ပင် မိတ်ဆက်စကား ပြောဆိုလာသဖြင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ ခေါင်း ဆတ်ခနဲညိတ်လိုက် ပြီး ယဉ်ကျေးစွာဖြင့်....



'ဘုကကွဲ'

သည်တွင် ကြယ်တံခွန်နဂါးဟွမ်ဖိန်မှာ မေးဖျားမှ ကျယ် ရစ်ခိုဆင်းနေသော ငွေရောင်မုတ်ဆိတ်ရှည်ကို သူ့ဘယ်လက် ဝါးဖြင့် တစ်ချက်ပွတ်သပ်ဆွဲလိုက်ရင်း'

'မိကျောင်းစိမ်းခေါင်း၊ ကျုပ်ဆီ ဘာကိစ္စကြောင့် ရောက် လာရတာလဲ'

လှမ်းမေးလာတော့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင် တစ် ချက်ပြုံးလိုက်ပြီး....

'ကျွန်တော် လာရောက်တဲ့ကိစ္စဟာ တခြားမဟုတ်ပါဘူး၊ အခု ကျွန်တော့်ရှေ့မှာ ရပ်နေတဲ့သူဟာ ကြယ်တံခွန်နဂါး ဟွမ်ဖိန် ဟုတ်မဟုတ်ဆိုတာ သိချင်လာမိပဲ ခင်ဗျာ'

လုံးဝ မထင်မှတ်သော အဖြေစကားကို ကြားလိုက်ရသည့် ကြယ်တံခွန်နဂါးဟွမ်ဖိန်မှာ ခံပြင်းဒေါသ ဘောင်းခနဲ ထွက်သွားရပြီး....

'ဘာကွ၊ ဒီခြံပန်းထဲမှာ ငါတစ်ယောက်တည်းနေနေတာ မင်းက ငါ့ကို စော်ကားမော်ကား အတုလို့ စွပ်စွဲနေပါလား၊ မင်း အခု ခြံထဲက ချက်ချင်းထွက်သွား၊ ငါ့ဒေါသမှုပြင်းတန် လာခင်သွားရင် ကောင်းမယ်'

ဒေါသအမျက်စကား ဆိုလာသဖြင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ ထိမထင်သောအပြုံးကို ပြုံးလိုက်ရင်း....

'ဟင်း….ဟင်း ကျွန်တော့်စကားကို စိတ်မဆိုးပါနဲ့၊ ကျွန်တော် တာဝန်အရ မေးရခြင်း ဖြစ်ပါတယ်'

'ဘာတာဝန်အရလဲ၊ မင်းအမေးက ငါ့ကို လာပြီးစော်ကားနေတာပဲ၊ မင်းကို ငါသေးကုန်ခံပြီး ပြောမနေချင်ဘူး၊ အခုချက်ချင်း ထွက်သွားစမ်းကွာ'

ထိုအခါ မီကျောင်းစိမ်းဓားလုပိုင်ချင်မှာ တုန်လှုပ်ခြင်း မရှိဟန်ဖြင့်….

'ကျွန်တော် ဒီအတိုင်းတော့ မထွက်နိုင်ဘူး'

မချေမငံပြောဆိုလာသဖြင့် ကြယ်တာခွန်နဂါး ဟွမ်ဖိန်၏ မျက်နှာပြင်ပေါ်မှာ ကျောက်သားပြင်ပမာ ရုတ်ခြည်း မာကျောလာရပြီး….'

'အေး….မင်း ကောင်းကောင်းမွန်မွန် ထွက်မသွားချင်ဘူးဆိုရင် ငါက ခွေးလိုဝက်လို ရိုက်ပုတ်နှင်ထုတ်ရတော့မှာပေါ့'

ထိုသို့ ကြယ်တာခွန်ဓားဟွမ်ဖိန်မှာ ကြိမ်ဝါး ပြောဆိုပြီးနောက် အားယူမာန်တင်းသံများကို တုန့်ဟည်းစွာအော်ဟစ်ရင် လေထဲသို့ ခုန်ပျံတက်ရောက်သွားလေသည်၊

'ယား….ယား….ယား'

'ဟူး….ဟူး….ဝိုး….ဝိုး'



ထိုအခါ မီကျောင်းစိမ်းဓား လုပိုင်ချင်၏ခေါင်း အထက် လေထုထဲ၌ အဖြူရောင်ကိုယ်ရိပ်များ လေပြင်းမုန်တိုင်း တိုက်ခတ်သကဲ့သို့ တဟူးဟူး တဝိုးဝိုး မြည်သံပြုရင်း စက်ဝိုင်းသဏ္ဍာန် လှည့်ပတ်ပျံသန်းနေလေသည်၊

ကြည့်မြင်ရသည်မှာ….

အဖြူရောင်နဂါးများ လေထုထဲဝယ် တစ်ကောင်နှင့်တစ်ကောင် လိုက်လံ ဖမ်းဆီးပြေးလွှားနေသည့်ဟန် ရှိနေလေသည်။

ယင်းအခြေအနေကို တအံ့တသြ လှမ်းမြင်တွေ့လိုက်ရသော မီကျောင်းစိမ်းဓားလုပိုင်ချင်မှာ စိတ်ထဲမှ ရေရွတ်ပြောဆိုလိုက်မိသည်မှာ'

'အင်း…. ဒီတိုက်ကွက်ဟာ ကြယ်တာခွန်နဂါး နေလခြွေသိုင်းကွက်ပဲ ငါ မီကျောင်းစိမ်းဓားနဲ့ ရင်ဆိုင်ကြည့်ရမှာပဲ၊

တွေးတောဆုံးဖြတ်ချက် ချလိုက်ပြီးနောက် မီကျောင်းစိမ်းဓားလုပိုင်ချင်သည် ဓားအိမ်ထဲမှ မီကျောင်းစိမ်းဓားကို ဖျပ်ခနဲ ဆွဲထုတ်ယူလိုက်လေသည်၊

သည့်တွင် မီကျောင်းစိမ်းဓားများမှ အစိမ်းရောင်အလင်းတန်းကြီးတစ်ခု ဖျပ်ခနဲ ထွက်ပေါ်လာလေသည်။

သည်နောက် မီကျောင်းစိမ်းဓားလုပိုင်ချင်သည် မီကျောင်းရုပ်ထု ထုဆစ်ထားသော ဓားလက်ကိုင်ကို ကျစ်ကျစ်ပါအောင်

ဆုပ်ကိုင်လိုက်ပြီးလျှင် သူ့ခေါင်းထက်ဝယ် ကွန်ချာသဖွယ် အုပ်ဆိုင်းရစ်ပတ်နေသည့် ကြယ်တံခွန်နဂါးဟွမ်ဖိုန်း၏ အခြေအနေကို လှမ်းအကဲခတ် ကြည့်ရှုမိလိုက်လေသည်။

ထိုစဉ်မှာပင်....

လေထုထဲဝယ် တဟူးဟူး ဘဝိုးဝိုး တိုက်ခတ်ဆော်နေသော အမြူခရောင်ရိပ်ကြီးမှာ မိကျောင်းစိမ်းဓားကို အသင့်ကိုင်ဆောင်ထားသည့် လုပိုင်ချင်ထံ စောင်တိုက်ခိုက်လာလေတော့သည်။

အခန်း (၂)

မိကျောင်းစိမ်းဓားနှင့် ကြယ်တံခွန်နဂါးသိုင်းကျမ်း

'ဟူး....ဟူး....ဝိုး....ဝိုး'

'ဝုစ်....ဝုစ်....ဝိုး....ဝိုး'

'ဝုန်း....ဝုန်း'

'အား....အူး'

'ဘုတ်'

သည်တွင် မိကျောင်းစိမ်းဓားလုပိုင်ချင်သည် အရှိန်အဟုန်ပြင်းထန်စွာဖြင့် ဖိနှိပ်တိုက်ခိုက်လာသော ကြယ်တခွန်နဂါးနေလခြွေတိုက်ကွက်ကို မိကျောင်းစိမ်းဓားဖြင့် ထွေ့ယမ်းခုခံကာကွယ်တိုက်ခိုက်လိုက်လေသည်။

သို့သော် သူ၏ ခုခံကာကွယ် တိုက်ခိုက် လိုက်သော မိကျောင်းစိမ်းဓားချက်မှာ ကြယ်တံခွန်နဂါးဟွမ်ဖိန်၏ တိုက်ကွက်ကို မိမိရရ ထိရောက်ခြင်း မရှိပါချေ။

ထို့ကြောင့်မို့....

ကြယ်တံခွန်နဂါးဟွမ်ဖိန်၏ ဘယ်ညာလက်ဝါးရိုက်ချက်နှစ်ချက်တို့မှာလုပ်ဟာမှုရှိသွားရအောင် မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ စူးရှနာကျင်သံနှင့်အတူ စိမ်းမြမြမြက်ခင်းပြင်သို့လွင့်စဉ်ကျရောက်သွားရလေသည်။

သို့ဖြစ်၍ မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ စူးရှနာကျင်သံနှင့်အတူ စိမ်းမြမြမြက်ခင်းပြင်သို့ လွင့်စဉ်ကျရောက်သွားရလေသည်။

ကြယ်တံခွန်နဂါးဟွမ်ဖိန် ၏ လက်ဝါးရိုက်ချက်ထိမှန်သွားရသော မိကျောင်းစိမ်းဓားလုပိုင်ချင်တစ်ယောက်မြက်ခင်းစိမ်းပြင်ပေါ်ဝယ် လူးလိမ့်နေစဉ်....

'ဟူး....'

'ဘုတ်....'

ကြယ်တံခွန်နဂါးဟွမ်ဖိန်မှာ လူးလိမ့်နေရသော မိကျောင်းစိမ်းဓားလုပိုင်ချင်အနားသို့ ပျံသန်းရောက်ရှိသွားလေသည်။

'ဟား ဟား ဟား မိကျောင်းစိမ်းဓားကြီး ငါကြယ်တံခွန်နဂါးဟွမ်ဖိန်ဆိုတာ လက်တွေ့ခံစားရပြီးယုံသွားပြီလား



ယင်းသို့ ကြယ်တံခွန်နဂါးဟွမ်ဖိန်မှာ ဟားတိုက်ရယ်မော ပြောဆိုလာသဖြင့် မြက်ခင်းပြင်ပေါ်ဝယ် လူးလိမ့်နေရသည့် မိကျောင်းစိမ်းဓားလုပိုင်ချင်တစ်ယောက် နာကျင်မှုကိုအံကြိတ် ခံစားရင်း လဲလျောင်းနေရာမှ ထရပ်လိုက်လေသည်။

ပြီးမှ မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ညာလက်ထဲမှ မိကျောင်းစိမ်းဓားကို ဓားအိမ်အတွင်း ချပ်ခနဲ ထိုးသွင်းလိုက်လေသည်။

နောက် မိကျောင်းစိမ်းဓားလုပိုင်ချင်၏အကြည့်က အပြုံးရိပ်ပြည့်ဖုံးနေသော ကြယ်တံခွန်နဂါး ဟွမ်ဖိန်ထံရောက်ပြီး ခေါင်းတစ်ချက်လေးတွဲ့စွာညိတ်လိုက်ရင်း....

'ယုံပါပြီ'

ရိုကျိုးစွာ တုံ့ပြန်ပြောဆိုလိုက်မှုကြောင့် ကြယ်တံခွန်နဂါး ဟွမ်ဖိန်မှာ ကျေနပ်စွာတစ်ချက်ပြုံးကာ....

'ဟင်း ဟင်း ဒါဆို မင်းဘာကြောင့် ကြယ်တံခွန်နဂါး ဟွမ်ဖိန်ဟုတ်မဟုတ်စစ်ဆေးမေးမေးနေရတာလဲ ဒီအကြောင်း ကြောင့်။ ငါဦးနှောက်ထဲ ဖြတ်ခနဲဝင်ရောက်လာလို့ စောစော မင်းကို ဆုံးမတဲ့သဘောပဲ တိုက်ခိုက်လိုက်တာ တကယ့်အား ပြည့်သာ ထုတ်သုံးလိုက်ရင် အခုလောက်ဆိုမင်းရဲ့ပြည်သွား မယ့်လမ်းပေါ် ရောက်နေပြီပေါ့!'

ပြောတော့ မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ ကြ တံခွန်နဂါးဂေဟာသို့ လာရောက်ခြင်း ရည်ရွယ်ချက် ကို ထုတ်ဖော်ပြောဆိုလိုက်သည်မှာ....

'ကျွန်တော် ဂေဟာရှင်ကြီးကို ဘာကြောင့် စမ်းသပ်စစ်ဆေးမေးမြန်းခနေရသလဲဆိုတော့ ကျွန်တော် မိကျောင်းနှစ်ကောင်အာမခံဌာန အကြီးအကဲမှူး အမိန့်ကြောင့်ပါ'

ယင်းဆိုစကားကြောင့် ဟွန်ဖိန်မှာ မိကျောင်းစိမ်းခေါးလုပိုင်ချင်ကို မျက်မှောင်ကြုတ်ကြည့်ရင်း။

'ဩော်....မင်းအာမခံဌာန အကြီးအကဲမှူးက ဘာလို့အမိန့်ပေးလိုက်လို့လဲ'

'ကျွန်တော် အခုသယ်ဆောင်လာတဲ့ ပစ္စည်းတစ်ခုကိုဂေဟာရှင်ကြီးထံ ပေးအပ်တဲ့အခါ ဟွမ်ဖိန်ဟုတ်မဟုတ် သင့်ရိုက်တဲ့နည်းနဲ့ အသုံးပြုစစ်ဆေးပြီးမှ ဟုတ်မှပေးအပ်ဖို့ မှာကြားလိုက်ပါတယ်'

ထိုအဖြေစကားကြားလိုက်ရလျှင် ဟွမ်ဖိန်မှာ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း။

'ဩော်....ဩော် ငါ အခုကြယ်တံခွန်နဂါးသိုင်းကွက်တစ်ကွက် ထုတ်သုံးပြီး တိုက်လိုက်တာနဲ့ ငါဟာ ဟွမ်ဖိန်စစ်မှန်ပြီလို့ ယုံကြည်သွားပြီလား'

မေးခတော့ မိကျောင်းစိမ်းခေါးကလုပိုင်ချင်မှာခေါင်းဆတ်ခါညိတ်လိုက်ပြီး။



'ယုံကြည်သွားပါပြီ ဘာကြောင့်လဲဆိုတော့ ဒီကြယ်တံခွန်နဂါးသိုင်းကွက်ကိုဂေဟာရှင်ကြီးမှလွဲပြီး ဘယ်သူမှမတတ်မြောက်ဘူးလို့ ဂေဟာရှင်ကြီးရဲ့သခင်ကြီးဖြစ်သူ ကြယ်တံခွန်လက်ဝါးတွင် ဟွမ်ချင်လုံက မှာကြားလိုက်လို့ပါ'

ထိုသို့တွင် ဟွမ်ဖိန်သည် မမျှော်လင့်ဘဲ ဖခင်ဖြစ်သူ ကြယ်တံခွန်လက်ဝါ ဟွမ်ချင်လုံ၏ မှာကြားချက်ဖြစ်ကြောင်းကြားသိလိုက်ရသဖြင့် အံ့အားသင့်သွားရပြီး။

'ဟာ ...ငါ့....ငါ့အဖေ မှာကြားလိုက်လို့ ဟုတ်သား'

'ဟုတ်ပါတယ်၊ ဂေဟာရှင်ကြီး အခု ဂေဟာရှင်ကြီးထံ တာဝန်ယူပြီး လာရောက်ပို့ဆောင်ရတဲ့ပစ္စည်းဟာလဲ ဂေဟာရှင်ကြီးရဲ့ဘခင်ကြီး ပို့ဆောင်ခိုင်းတဲ့ပစ္စည်းပါပဲ'

'ဗြော်....အဖေကမိကျောင်းနှစ်ကောင် အာမခံဌာနကနေတစ်ဆင့် ငါ့ဆီကို ပစ္စည်းပို့ဆောင်ခိုင်းလိုက်တာကိုး'

'ဟုတ်ပါတယ် ဂေဟာရှင်ကြီး'

ယုံအခါ ဟွမ်ဖိန်က သိချင်သောဟန်ဖြင့် မိကျောင်းစိမ်းခေါးလုပိုင်ချင်ထံ ခပ်လောလောလေသံဖြင့်....

'အဖေက ဘာပစ္စည်း ပို့ခိုင်းလိုက်ဘာလဲ'

လှမ်းမေးလာတော့ မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ တံတွေးတစ်ချက် မျိုချလိုက်ပြီးမှ တုံ့ပြန်ဖြေလှာသည်မှာ....

'ဆေးရည်စိမ်ထားတဲ့ခေါင်းမြှတ်ကြိုးနဲ့ ပစ္စည်းအထုပ်တစ်ထုပ်ပါမဲ့'

'ဟင်....'

လုံးဝ မထင်မှတ်သော အဖြေစကားကြားလိုက်ရပြီး ဟွမ်ဖိန်မှာ တအံ့တသြဖြစ်သွားဖြင့် ဟင်....ဟူသောအာမေဍိတ်သံကို ရေရွတ်မိလိုက်လေသည်။

ပြီးမှ သူ မျက်မှောင်တစ်ချက်ကြုတ်၍ မိကျောင်းစိမ်းဓားလုပိုင်ချင်အား စူးစိုက်ကြည့်ရင်း၊

'အဲဒီ ဆေးရည်စိမ်ထားတဲ့ ခေါင်းမြှတ်ကြိုးဟာ ဘယ်သူ့ခေါင်းမြှတ်ကြိုးလဲ'

သည်တွင် မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....

'အဲဒါတော့ ကျွန်တော်နဲ့ မပတ်သက်လို့ ဘာမှ မသိရပါဘူး'

'ကဲလာ၊ ငါတို့ ဧည့်ခန်းထဲမှာ အေးအေး ဆေးဆေး စကားပြောဆိုကြတာပေါ့'

ပြောတော့ မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ ခေါင်းအသာညိတ်လိုက်ရင်း....

'ဟုတ်ကဲ့'



သည်နောက် သူတို့နှစ်ယောက်အားချင်းယှဉ် လျှောက်လျှောက်ရောင်စုံကျောက်ခင်းလမ်းအတိုင်း ကုန်းမို့မို့ရှိ ကြယ်တံခွန်နဂါးဂေဟာအဆောက်အဦသို့ တစ်ရွေ့ရွေ့ဦးတည်လျှောက်လှမ်းသွားကြလေ၏။

ထိုအချိန်တွင်....

မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ နောက်ဘက်မှ အုန်းခွံရောင်မြင်းညိုကြီးကလည်း ဆက်ကြိုးမကွာ လိုက်ပါသွားလေသည်။

သို့နှင့် သူတို့ကြယ်တံခွန်နဂါးအဆောက်အဦ၏ ဆင်ဝင်အောက်ရောက်လာကြသည်။

ထိုအခါ မိကျောင်းစိမ်းဓား လုပိုင်ချင်သည်သူ၏ မြင်းညိုကြီးကို ဆင်ဝင်အောက်ရှိ မြင်းချည်တိုင်တွင် ချည်နှောင်လိုက်သည်။

သည်နောက်တော့....

မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ရှေ့က ဦးဆောင်တက်သွားသော ကြယ်တံခွန်နဂါးဟွမ်ဖိန်၏နောက်မှ ဆိတ်ငြိမ်စွာ လိုက်ပါသွားလေသည်။

ကြယ်တံခွန်နဂါးဂေဟာ အဆောက်အဦအတွင်းရောက်တော့ အတွင်းအိမ်ရှေ့ခန်းမမှာ လှပထည်ဝါလျက်ရှိသည်ကို မိကျောင်းစိမ်းဓားလုပိုင်ချင် တွေ့မြင်လိုက်ရလေသည်။

သို့နှင့်သူတို့ လှလှပပ ထည်ထည်ဝါဝါ ခန်းမကျယ်ကြီးကို မင်းလမ်းတိုင်းအတိုင်း ဖြတ်သန်းပြီးနောက် ဧည့်ခန်းတွင်းသို့ ရောက်ရှိလာကြလေ၏။

ပြီး ကြယ်တံခွန်နဂါး ဟွမ်ဖိန်နှင့်မိကျောင်းစိမ်းခေါး လုပိုင်ချင်တို့သည် ဧည့်ခန်းလယ်ရှိ မဟော်ဂနီရောင် ပြေးထနေသော ကျွန်းစားပွဲဝိုင်း၌ မျက်နှာချင်းဆိုင်ထိုင်မိကြလေသည်။

ယင်းမဟော်ဂနီရောင်ပြေး ကျွန်းစားပွဲဝိုင်းပေါ်၌ စားသောက်ဖွယ်ရာများ အစီအရီ ခင်းကျင်းထား၏။

ထိုစဉ်....

ကြယ်တံခွန်နဂါးဟွမ်ဖိန်မှာ မိကျောင်းစိမ်းခေါးလုပိုင်ချင့်ထံအကြည့်ရောက်ကာ....

'ကဲ....လုပိုင်ချင် လက်ဖက်ရည်မွှေး အမောပြေ သောက်လိုက်ပါဦး၊ အမြည်းလည်းစား'

ဧည့်ဝတ်ပြုစကားဆိုလာတော့ ဧည့်ခန်းနံရံတွင်အလှချိတ်ဆွဲထားသော ရှေးဟောင်းပန်းချီကားချပ်များထံအာရုံစူးစိုက်နေမိသည့် မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ ကြယ်တံခွန်နဂါး ဟွမ်ဖိန်ထံ အကြည့်ရွှေ့ပြောင်းရောက်ရှိလာရပြီး....

'ဟုတ်....ဟုတ်ကဲ့ ဂေဟာ့ရှင်ကြီး'



သည်နောက် မိကျောင်းစိမ်းခေါးလုပိုင်ချင်သည် လက်ဖက်ရည်ခရားကို ကောက်ကိုင်၍ လက်ဖက်ရည်ခွက် တစ်ခွက်ထဲသို့ လက်ဖက်ရည်မွှေးအချို့ ထည့်လိုက်လေသည်။

ပြီးမှ သူ ယင်းလက်ဖက်ရည်ခွက်ကိုမယူ၍ လက်ဖက်ရည်မွှေးတစ်ကျိုက် မော့သောက်လိုက်လေသည်။

အမှန်တော့....

သူသည် ဧည့်ဝတ်ပြုသူ၏ စိတ်ကျေနပ်သွားစေရန် အတွက် လက်ဖက်ရည်မွှေးကို ကောက်ကာငင်ကာ သောက်လိုက်ခြင်းဖြစ်လေသည်။

နောက် သူ တူတစ်စုံကောက်ကိုင်၍ အမြည်းပန်းကန်ပြားထဲမှ အမြည်းအချို့ကို ကောက်ကိုင်၍ အမြည်းပန်းကန်ထဲမှ လှမ်းညှပ်ယူကာ စားသောက်လိုက်လေသည်။

ထို့အတူပင်....

ကြယ်တံခွန်နဂါး ဟွမ်ဖိန်မှာ လက်ဖက်ရည်မွှေးကို လက်ဖက်ရည်အိုးမှ စောင်းငှဲ့ သောက်လိုက်လေသည်။

စားသောက်ခြင်းအမှုပြုနေကြသဖြင့်ဧည့်ခန်းမှာ လက်ဖက်စောင်းငှဲ့သံ၊ ပန်းကန်ခွက်ယောက်တို့ရွေ့လျားသစသည့်အသံဗလံတို့မှလွဲ၍ ဆိတ်ငြိမ်လျက် ရှိနေလေသည်။

ကျွမ်းတစ်ယာညက်ခန့်ပင် မကြာလိုက်ပါချေ၊ ကြယ်တံ ခွန်နဂါးဟွမ်ဖိန်သည် မိချောင်းစိမ်းခေါ်လုပိုင်ချင်ထံ ကြည့်ရောက်လာ....

'လုပိုင်ချင် အဖေပေးခဲ့တဲ့ပစ္စည်း ပေးစမ်းပါဦး ကြည့်ရအောင်'

ပြောတော့ မိကျောင်းစိမ်းခွား လုပိုင်ချင်မှ ခေါင်းဆက်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ကဲ့'

ဟုဆိုကာ သူ့ ကျောက်ထက်မှခရီးဆောင်ကျောက်ပိုးအိတ်ကိုဖြုတ်ယူလိုက်လေသည်။

ပြီး ခရီးဆောင်ကျောပိုးအိတ်ကို ကြိုးဖြည်၍ အလုံပိတ်ထားသော သားရေအိတ်တစ်လုံးကိုဆွဲထုတ်လိုက်လေသည်။

ထို့နောက် မိကျောင်းစိမ်းခေါ်းလုပိုင်ချင်သည်ယင်း သားရေအိတ်ကို ထိုင်ရာမှထ၍ ကြယ်တံ ခွန်နဂါး ဟွမ်ဖိန်ထံ ကမ်းပေးလိုက်လေသည်။

ထိုအခါ ကြယ်တံ ခွန်နဂါးဟွမ်ဖိန်သည် ရိုကျိုးစွာ လှမ်းပေးလာသော ကျောက်စိမ်းခေါ် လုပိုင်ချင်ထံမှ သားရေအိတ်ကို လှမ်းယူလိုက်လေသည်။

ပြီးသော်....



ကြယ်တံ ခွန်နဂါးဟွမ်ဖိန်မှာ မိကျောင်းစိမ်းခေါ်လုပိုင်ချင်ကို အကြည့်ရောက်ရင်း....

'ဒါ ဆေးရည်စိမ်ခေါင်းဖြတ်ထားတဲ့ အိတ်လား'

မေးမြန်းလာတော့ မိကျောင်းစိမ်းခေါ်လုပိုင်ချင်မှာခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

သည်တစ်ခါ ကြယ်က ခွန်နဂါးဟွမ်ဖိန့်သည် သားရေအိတ်ကြိုးကိုဖြည်၍ ကြည့်လိုက်သောအခါ ဆေးရည်စိမ်ထားသည့် ခေါင်းပြတ်ကြီးတစ်ခုကို တွေ့မြင်လိုက်လေသည်။

ပြီး သူ ခေါင်းပြတ်ကြီး၏ဆံစကို ညာလက်ဖြင့် ဆုပ်ကိုင်၍ အိတ်အတွင်းမှပင် ခေါင်းပြတ်ကြီးအား အသာဆွဲထုတ်ကြည့်ရှုလိုက်ရာ....

'ဟင်....မသေးဘီလူး ယီဝမ်ရဲ့ ခေါင်းပြတ်ကြီးပါလား'

ထိုသို့ ကြယ်တံ ခွန်နဂါး ဟွမ်ဖိန်မှာ ရုပ်ဆိုးဝါးလှန်းလှသော ခေါင်းပြတ်ကြီး၏ မျက်နှာကို မြင်တွေ့လိုက်ရသည်နှင့် အံ့သြတုန်လှုပ်စွာ ရေရွတ်ပြောဆိုမိသိုက်လေသည်။

ထိုအချိန်၌....

မိကျောင်းစိမ်းခေါ်း လုပိုင်ချင်သည် ကြယ်တံခွန်နဂါးဟုမ်ဖိန်၏အခြေအနေကို ငြိမ်သက်စွာ လှမ်းအကဲခတ်နေမိလေသည်။

ပြီးမှ ကြယ်တံခွန်နဂါးဟုမ်ဖိန်သည် သေ့းဘီလူးယီဝမ်၏ ခေါင်းပြတ်ကြီးကို ခံပြင်းမုန်းတီးစွာ စိုက်ကြည့်ရင်း....

'ဟွန်း... ငါတို့ရဲ့ဘိုးဘွားဘီဘင် စောင့်ရှောက်ထိန်းသိမ်းလာတဲ့ ကြယ်တံခွန်နဂါးသိုင်းကျမ်းကြီးကို အယုံသွင်းအလစ်သုတ်သွားတဲ့လူယုတ်မာကြီးကို အမိဖမ်းသုတ်သင်လိုက်ပြီဖြစ်ကြောင်း သိစေချင်လို့ တမင်သေ့းဘီလူး ယီဝမ်ခေါင်းပြတ်ကြီး ငါဆီပို့လိုက် ကာပဲကိုး'

ကြယ်တံ ခွန်နဂါးဟုမ်ဖိန် ထိုသို့ခံပြင်း ဒေါသထွက်စွာ ကြိမ်းဝါးပြောဆိုသံကြီးမှာ စည့်ခန်းတစ်ခုလုံး ကျယ်ကျယ်လောင်လောင်လွှမ်းခြုံလျက်ရှိနေလေသည်။

ပြီးမှ သူသည် ယီဝမ် ခေါင်းပြတ်ကြီးကို သားရေအိတ်ထဲသို့ ပြန်ထည့်ပြီးသေသေချာချာကြိုးချည်ပိတ်လိုက်၏။

'ဟွန်း ဒီလူယုတ်မာကြီးသေ့းဘီလူးယီဝမ်ရဲ့ ခေါင်းကြီးကို မီးရှို့ဖျက်ဆီးပစ်ရမယ် ခဏ လုပိုင်ချင့်ရေ ဒီအိတ်ကိုတစ်နေရာသွားပို့ပြီး လက်ဆေးကြောလိုက်ဦးမယ်'



ယင်းသို့ပြောဆိုလာတော့ မိကျောင်းစိမ်း ခေါ်းလုပိုင်ချင်မှာ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ကောင်းပါပြီ ဂေဟာရှင်ကြီး'

သည်နောက် ကြယ်တံခွန်နဂါးဟုမ်ဖိန်မှာ သားရေအိတ်ကြီးကိုဆွဲလျက် စည့်ခန်းထဲမှ ကျောခိုင်းထွက်သွားသေတော့သည်။

* * *

ကွမ်းနှစ်ယာညက်ခန့်ကြာသောအခါ ဟွမ်ဖိန်သည် ဧည့်ခန်းထဲသို့ပြန်လည်ရောက်ရှိလာ၏။

လုပိုင်ချင်သည် ထိုင်ခုံ၌နေသားတကျ ထိုင်ဖြစ်သွားသော ဟွမ်ဖိန့်ထံ ကြက်သွေးရောင်ကတ္တီပါအိတ်ရှည်နှင့် ထည့်ထားသည့်အထုပ်ကို တရိုတသေလှမ်းပေးရင်း....

'ပေဟာရှင်ကြီး နောက်ပစ္စည်းတစ်ခုလက်ခံယူပါဦး'

ပြောတော့ ဟွမ်ဖိန်မှာ ခေါင်းအသာ ညိတ်လိုက်ကာ....

'အော်....အေး အေး'

ဟုဆိုပြီးလုပိုင်ချင်ထံမှ ကြက်သွေးရောင် ကတ္တီပါအိတ်ရှည်ကို ခါးကိုင်း၍လှမ်းယူလိုက်၏။

ပြီးသူသည် ကြက်သွေးရောင်ကတ္တီပါအိတ်ရှည်ကို ဖွင့်၍ စာအုပ်ရှည်တစ်ခုကို ဆွဲထုတ်ယူလိုက်၏။

ယင်းစာအုပ်ရှည်အဖုံးမှာ ရွှေရောင်အဖုံးဖြင့် ဖုံးအုပ်ထားလေသည်။

ပြီးထိုရွှေရောင် အဖုံးပေါ်တွင် စာလုံးအမည်းကြီးဖြင့် ထင်ထင်ရှားရှားရေးသားထားသည်မှာ....

'ကြယ်တံခွန်နဂါးသိုင်းကျမ်း'

ဟွမ်ဖိန်သည် ယင်းကြယ်တံခွန်နဂါးသိုင်းကျမ်းကိုဖြင့်တွေ့လိုက်သည်နှင့် အံ့သြဝမ်းသာဟန်နှင့်....



'ဟင်...ကြယ်တံခွန်နဂါးသိုင်းကျမ်းပါလား လက်စသပ်တော့ အဖေဟာမျိုးရိုးစဉ်ဆက်ထိန်းသိမ်းလာတဲ့ ကြယ်တံခွန်နဂါးသိုင်းကျမ်းကို ငါ့ကိုမပျောက်မရှအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ မိကျောင်းနှစ်ကောင်အာမခံဌာနကနေ တစ်ဆင့်ပို့ခိုင်းလိုက်တာကိုး'

ထိုသို့ဟွမ်ဖိန်မှာ ရေရွတ်ပြောဆိုပြီးနောက် သိုင်းကျမ်းစာအုပ်ကို လှန်လှောကြည့်လိုက်၏။

ထိုစဉ် သိုင်းကျမ်းစာအုပ်ကြား၌ စာရွက်ဖြူတစ်ခု ညှပ်ခေါက်ထားသည်ကို သူတွေ့လိုက်ရလေ၏။

'ဟာ... စာရွက်ခေါက်လေးပါလား'

အံ့အားသင့်စွာ ရေရွတ်ပြောဆိုပြီးနောက် ထိုစာရွက်ခေါက်ကို လှမ်းယူ၍ သူဖြန့်ကြည့်လိုက်လေသည်။

သည်တော့မှ သူ့ဖခင်ကြီး ရေးပေးလိုက်သောစာ ဖြစ်ကြောင်းသိလိုက်ရ၏။

ယင်းစာထဲတွင် ရေးသားထားသည်မှာလည်း တစ်ခြားထွေထွေထူးထူးမပါပါချေ။

မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာသော ကြယ်တံခွန်နဂါးသိုင်းကျမ်းကို သူ့အား မပျောက်မပျက်အောင် လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်ဖို့ ဖခင်ဖြစ်သူ ကြယ်တံခွန် လက်ဝါးဟွမ်ချင်လုံရေးသားထားခြင်းဖြစ်လေ၏။

ပြီးနောက် သူစာရွက်ကိုဖြန့်ခေါက်၍ သိုင်းကျမ်းစာအုပ်ကြား၌ ညှပ်လိုက်၏။

နောက်သူသည် ထိုကြယ်တံခွန်နဂါးသိုင်းကျမ်းစာအုပ်ကို ကြက်သွေးရောင်ကတ္တီပါအိတ်ရှည်ထဲသို့ ပြန်ထည့်လိုက်လေသည်။

ပြီး ယင်းကြက်သွေးရောင်ကတ္တီပါအိတ်ရှည်ကို သူမကောက် ဂနီရောင်ဖြေး ကျွန်းစားပွဲပေါ်သို့ အသာအယာ တင်လိုက်လေသည်။

သည်နောက် သူ့အကြည့် လုပိုင်ချင်ထံဝေ့ဝဲရောက်ရှိသွားရပြီး....

'အခုလို မိကျောင်းစိမ်းခေါ်လုပိုင်ချင်ကျုပ်အဖေအပ်နှံတဲ့ တာဝန်ကို ကျေကျေပွန်ပွန်လာရောက်ပို့ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ကျေးဇူးတင်စကားပြောဆိုလာသဖြင့် လုပိုင်ချင်မှာအသာအယာပြုံးလိုက်ရင်း....

'ဂေဟာရှင်ကြီး ကျေးဇူးတင်စရာမလိုပါဘူး ဂေဟာရှင်ကြီးရဲ့ဖခင်ကြီးဟာ ဒီကိစ္စဆောင်ရွက်ဖို့အတွက် ထိုက်ထိုက်တန်တန် ချီးမြှင့်ငွေပေးထားပြီးပါပြီ၊ ကဲ....ဂေဟာရှင်ကြီး ကျွန်တော်ရဲ့ကိစ္စပြီးဆုံးသွားပြီမို့ ပြန်ခွင့်ပြုပါဦး'



ပြန်ခွင့်တောင်းဆိုလိုက်တော့ ဟွမ်ဖိန်မှာ ညာလက်ဝါး ထောင်ကာပြလိုက်ရင်း

'ခဏနေပါဦး'

ပြောဆိုပြီးနောက် သူညာလက်ဝါးကို ပိုးထည်အဖြူရောင်ဝတ်စုံထဲသို့ ထိုးနှိုက်လိုက်လေ၏။

သူ့လက်ပြန်အရွယ်၌ အထုပ်တစ်ထုပ် ပါလာလေသည်၊ ပြီးလျှင် သူ့လက်ထဲမှအထုပ်ကို လုပိုင်ချင်ထံ လှမ်းပေးရင်း....

'ရော့....မောင်ရင့်အတွက်လက်ဆောင် မငြင်းပါနဲ့'

စကားကို ကြိုတင်ပိတ်ပြောဆိုထားမှုကြောင့် မိကျောင်းစိမ်းလုပိုင်ချင်မှာ ကြယ်တံခွန်နဂါး ဟွမ်ဖိန့်ပေးလာသည့် ငွေထုပ်ကို အားတုံ့အားနာငြင်းပယ်ချန်ခဲ့ကာ သွားရခလေသည်၊

သို့သော် လုပိုင်ချင်မှာ ဟွမ်ဖိန်ကို အားတုံ့အားနာကြည့်ရင်း လှမ်းကြည့်ရင်း....

'အမှန်ပြောရရင် ဂေဟာရှင်ကြီးရဲ့ ပေးတဲ့လက်ဆောင်ကို လက်မခံဝံ့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဂေဟာရှင်ကြီးရဲ့ ဖခင်ကြီးဟာ ကျွန်တော်တို့ရဲ့ မိကျောင်းနှစ်ကောင် အာမခံဌာနကို ထိုက်တန်တဲ့အကျိုးဆောင် ငွေပေးအပ်ပြီးပါပြီ၊ ဒါကြောင့် အခုဂေဟာရှင်ကြီး ထပ်ဆင့်ချီးမြှင့်တဲ့ငွေ လက်ခံဖို့မဝံ့မရဲဖြစ်မိတာပါ'

ထိုစကားကြောင့် ဟွမ်ဖိန်မှာ ပြုံးရယ်လိုက်ပြီး....

'မောင်ရင်ပြောတာ ကျုပ်လက်ခံပါတယ်၊ အခုကျုပ်ဆပ်ဆင့် ချီးမြှင့်တဲ့ငွေထုပ်ဟာ မောင်ရင့်ရဲ့ တာဝန်ထမ်းဆောင်မှု စေ့စေ့စပ်စပ် သေသေချာချာရှိလွန်းတာကို သဘောကျပြီး ချီးမြှင့်တာပါ၊ ကဲ....လက်ခံလိုက်ပါ'

နောက်ဆုံးမှာ အတင်းအကြပ်ပေးလာသဖြင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှ ငြင်းဆန်တော့ဘဲ ကြယ်တံခွန်နဂါး ဟွမ်ဖိန် ပေးလာသည့် ငွေထုပ်ကို တရိုတသေလှမ်းယူလိုက်၏။

ပြီး သူ ထိုငွေထုပ်ကို သူ့ဝတ်စုံအတွင်းအိတ်ထဲသို့ ထိုးထည့်ရလိုက်လေ၏၊ သည်နောက် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်သည် အပြုံးရိပ်ဖြင့် ကြယ်တံခွန်နဂါး ဟွမ်ဖိန်ထံလှမ်းနှုတ်ဆက်လိုက်သည်မှာ....

'ဂေဟာရှင်ကြီး ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး'

သည်တော့ ဟွမ်ဖိန်က ပြုံးရွှင်စွာဖြင့် ခေါင်းညိတ်လိုက်ရင်း....

'ကောင်းပါပြီ မိကျောင်းစိမ်းခေါင်း လုပိုင်ချင် နောင်လည်း ခရီးကြုံတဲ့အခါ ဒီကြယ်တံခွန်နဂါးဂေဟာကို ဝင်ထွက်သွားလာပါလို့ ဖိတ်ခေါ်ပါတယ်'

'ဟုတ်ကဲ့ခင်ဗျာ'



ဟုဆိုကာ လုပိုင်ချင်က ဟွမ်ဖိန်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထိုအခါ....

ဟွမ်ဖိန်က အပြုံးဖြင့် တုံ့ပြန်အသိအမှတ်ပြုသည့်သဘော ခေါင်းတစ်ချက်ညိတ်လိုက်၏။

သည်နောက် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်သည် ကြယ်တံခွန်နဂါး ဟွမ်ဖိန်ကို ကျောခိုင်း၍ ဧည့်ခန်းထဲမှထွက်ခွာလာခဲ့၏။

ကြယ်တံခွန်ခေါင်း ဟွမ်ဖိန်သည် ဧည့်ခန်းထဲမှ ကျောခိုင်းထွက်ခွာသွားသည့် လုပိုင်ချင်ကိုငေးရီကြည့်ရင်း သက်ပြင်းခပ်မျှင်းမျှင်းချလိုက်၏။

သို့နှင့်....

လုပိုင်ချင်သည် ကြယ်တံခွန်နဂါးဂေဟာ ဆင်ဝင်အောက်ရောက်လျှင် မြင်းချည်တိုင်မှ သူ၏အနုန်းခွ ရောင်မြင်းညိုကြီးကို ဖြုတ်ယူလိုက်၏။

ပြီးနောက် သူ မြင်းညိုကြီး၏ ကျောခပေါ်သို့ လွှားခနဲခုန်တက်လိုက်၏။

ပြီးလျှင်သူ မြင်းညိုကြီးကိုစီးနင်း၍ ရောင်စုံကျောက်ခင်းလမ်းမအတိုင်း ခြံပေါက်ဝ တံခါးကြီးဆီသို့ ဦးတည်ရွေ့လျားလာခဲ့၏။

သူ ခြံပေါက်ဝ ကျွန်းတံခါးကြီးရှေ့ရောက်တော့....

'ကျွီ....ကျွီ....ကျွီ'

ထိုစဉ် ကျွန်းတံခါးချပ်ကြီးမှာ တကျွီကျွီမြည်ကာ သူ့အလိုအလျောက် ပွင့်ဟသွား၏။

ထိုအခြေအနေ ကြုံတွေ့လိုက်ရသည်နှင့် မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ကုန်းမို့မို့ပေါ်တွင် တည်ဆောက်ထားသော ကြယ်တံခွန်နဂါးဂေဟာ အဆောက်အဦကြီးဆီသို့ ခေါင်းလှည့်ကြည့်လိုက်မိ၏။

ထိုအခါ....

ကြယ်တံခွန်နဂါးဂေဟာ အပေါ်ထပ် လသာဆောင်ဝရံတာ၌ ရပ်ကြည့်နေသော ကြယ်တံခွန်နဂါး ဟွမ်ဖိန်ကို သူ လှမ်းမြင်ရ၏။

ထိုစဉ် ဟွမ့်ဖိန်မှာ သူ့ထံ လက်ဝေ့ယမ်း၍နှုတ်ဆက်လာသည်ကို မြင်တွေ့ရ၏။

ဒါကြောင့် သူအပြုံးရိပ်ဖြင့် ဟွမ်ဖိန်ကိုတုံ့ပြန်၍ လက်ဝေ့ယမ်း နှုတ်ဆက်လိုက်၏။

ပြီးနောက် မိကျောင်းစိမ်းဓား လုပိုင်ချင်သည် မြင်းညိုကြီးကို စိုင်းနှင်၍ ကြယ်တံခွန်နဂါးဂေဟာခြံဝန်းမှထွက်ခွာလာခဲ့သည်။



ထိုအချိန်တွင် နေသူရိန်က အနောက်ဘက်သို့ တိမ်းနေချေပြီ။

ညနေစောင်းအချိန်....

သို့ဖြင့် မိကျောင်းစိမ်းဓား လုပိုင်ချင်သည် မြေဝါလမ်းမအတိုင်း မြင်းညိုကြီးကိုစိုင်းနှင်လာခဲ့ရာ ရေနွေးအိုးတစ်အိုးကျက်ခန့်ကြာသောအခါ တောအုပ်အတွင်း ထိုးဖောက်ဖြတ်သန်းသော လမ်းနေရာသို့ ရောက်ရှိလာသည်။

တောအုပ်အတွင်းလမ်းမို့ သစ်ပင်ကြီးငယ်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်း အေးအေးစိမ့်စိမ့်ရှိလာ၏။

ပူပြင်းလှသော ကျဲနေဒဏ်မှ ကင်းလွတ်လာရသဖြင့် လုပိုင်ချင်မှာ မြင်းညိုကြီးကို ပုံမှန်အတိုင်း တောအုပ်အတွင်းလမ်းမအတိုင်း နှင်လာခဲ့သည်။

'အင်း....ဒီတောအုပ်ကနေ ရန်ကျူးမြို့ကို သိပ်အလှမ်းမဝေးတော့ဘူး'

ယင်းသို့ မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ ရေရွတ်ပြောဆိုရင်း လမ်းဘေးဘယ်ညာရှိ တောအုပ်အတွင်း ရှုခင်းရှုကွက်ကို ဝေ့ဝဲကြည့်ရှုလာခဲ့လေသည်။

ရုတ်တရက် စိုင်းနှင်ဝင်ရောက်လာသော မြင်းခွာသံကြောင့် တောအုပ်အတွင်းရှိ ကျင်လည်ကျက်စားနေကြသော ကျေးငှက်သတ္တဝါငယ်လေးများ လန့်ဖျပ်ခုန်ပေါက် ပျံသန်းထွက်ပြေးကြလေသည်။

'ဖလပ် ဖလပ် ကျွီ ကျွီ'

'ဘုတ် ဘုတ် ဝုန်း ဝုန်း'

ယင်းသို့ လုမ်းတေးဝဲယာရှိ သစ်ပင်အုံထဲမှ ကျေးငှက်သတ္တဝါလေးများ ရန်သူဝင်ရောက်လာသည် ထင်မှတ်ကြကာ လန့်ဖျပ်ပြေးလွှား ပျံသန်းကုန်ကြလေသည်ကို မိကျောင်းစိမ်းခေါ်းလုပိုင်ချင် သဘောကျစွာလှမ်းကြည့်ရင်း မြင်းညိုကြီးအား စီးနှင်းလာခဲ့လေသည်။

ထိုအခိုက်မှာပင်....

လမ်းညာဘက်ခြမ်းရှိ သစ်ပင်ဘစ်ပင်အောက်တွင် လှုပ်ရှားနေသော ဖ.ထိတ်တလန့်မြင်ကွင်းကို သူ လှမ်းမြင်တွေ့လိုက်ရသောကြောင့် သူ၏ မြင်းညိုကြီးအား ဇက်ကြိုးသုပ်၍ ရပ်ဆိုင်းလိုက်ရလေသည်။



'ဟင်'

'ခွပ် ခွပ်... ဟီး၊ ဟီး'

'ဟိတ်... အောက်ပြန်ဆင်း'

ထိုသို့ မိကျောင်းစိမ်းခေါ်းလုပိုင်ချင်သည် ထင်းစီးပုံပေါ်သို့ တက်ရောက်သွားသည့် မိန်းမပျိုလေးတစ်ဦးကို အောက်ပြန်ဆင်းရန် လှမ်း၍ အော်ဟစ်အမိန့်ပေးလိုက်သည်။

သို့သော် အသက်ဆယ့်ခုနစ်နှစ်ဝန်းကျင်ခန့်ရှိ လုံးကြီးပေါက်လှအရွယ် မိန်းမပျိုလေးမှာ မိကျောင်းစိမ်းခေါ်းလုပိုင်ချင် အော်ဟစ်အမိန့်ပေးသည်ကို လုံးဝ ဂရုမူခြင်းမရှိဘဲ သူမ၏ ဦးတည်ချက် ပြီးမြောက်အောင် အညို့ခံထားရသူကဲ့သို့ ဆက်လက် လှုပ်ရှားနေလေသည်။

နောက်ဆုံး မိကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ ထိုမိန်းကလေးအခြေအနေမှာ ဟန့်တား၍ရတော့မည်မဟုတ်ကြောင်း ရိပ်စားမိ၍ သူ့ညာလက်တစ်ဖက်အား ဝှေ့ယမ်း လှုပ်ရှားလိုက်လေသည်။

'ဝစ်....ဝစ်....ဝစ်'

'ရှီး....ရှီး'

'ဟင်'

'ဘုန်း'

'အွန်'

'အောင်မယ်လေး....သမီးလေးရယ်'

* * *

## အခန်း ( ၃ )

## ရှစ်မျက်နှာကျား၏အန္တရာယ်

'ဟူး'

သူ၏ လက်နက်ပုန်းပစ်ခွင်းမှု တသ္တ်ကသ္တ်မဘက်ခတ် ထိမှန် သွားမှုကြောင့် သူ့ရင်ထဲမှ သက်ပြင်းမောကြီး တစ်ချက် ဟူးခနဲ မှုတ်ထုတ်လိုက်ရလေသည်။

ပြီးမှ မိကျောင်းစိမ်းဓား လုပိုင်ချင်တစ်ယောက် မြင်းညို ကြီးပေါ်မှ အောက်သို့ လွှားခနဲ ခုန်ဆင်းလိုက်ရလေသည်။

ဟုတ်သည်လေ—။

အကယ်၍သာ သူ ပစ်ခွင်းလိုက်သော လက်နက်ပုန်းသုံးခု စလုံး ပစ်မှတ်ကို လွဲချော်သွားပါက သေကြောင်းကြံစည်နေ

သည့် လုံးကြီးပေါက်လှ ထင်းခွေမိန်းမပျိုလေး၏ ဘဝတမလွန် ခရီးသို့ လက်မြောက်အရှုံးပေး သွက်ခွာသွားပေတော့သည်၊

အခုတော့....

ပစ်ခွင်းလိုက်သော လက်နက်ပွန်းသုံးခုစလုံး အနက်မှ တစ်ခုမှာ ထင်းခွေမိန်းမပျိုလေး၏ လည်တိုင်ကျော့တွင် စွပ်ထားသည့် နွယ်ကြိုးခွေတန်းကို တွဲရစ်ချည်နှောင်ထားသော သစ်ကိုင်ကြီးမှ ထိမှန်ဖြတ်ထုတ်နိုင်မှုကြောင့် ယင်းမိန်းမပျို **လေးမှာ သေမင်း၏ခံတွင်း၀က လွတ်မြောက်ပြီး ထင်းစီးပေါ်မှတစ်ဆင့် မြတ်ခင်းပြင်ပေါ်သို့ လွင့်စဉ်ကျရောက်သွားလေသည်။**

ထိုအချိန်မှာပင်....

သစ်ပင်ခြုံနွယ်ကြားမှ အသက်ငါးဆယ်ကျော်ခန့်ရှိ မိန်းမကြီးတစ်ဦး စိုးထိတ်ရှုံ့မဲ့စွာအော်ဟစ်ရင်း မြက်ခင်းပြင်ပေါ်သို့ ပြုတ်ကျလာသော မိန်းမပျိုလေးဆီ အပြေးအလွှား ရောက်ရှိလာလေသည်။

စင်စစ်တော့....

ထို ဆင်းရဲနွမ်းပါးလျက်ရှိသော မိန်းမကြီးမှာ သေကြောင်းကြံစည်သည့် မိန်းမပျိုလေး၏မိခင်ကြီး ဒေါ်ကျီဟန်လင်း ဖြစ်လေသည်။



သေကြောင်းကြံစည်ခဲ့သော မိန်းမပျိုလေးနာမည်က မလီဆန်လင်း ဖြစ်လေသည်။

သို့ဆိုလျှင် ထိုထင်းခွေမိန်းကလေး လီဆန်လင်းမှာ မည်သည့်အကြောင်းကြောင့် သေကြောင်း ကြံစီရပါသနည်း။

ဤသည်ကိုတော့....

ထိုစဉ် မိကျောင်းစိမ်းဓား လုပိုင်ချင်သည် သောကမီး လောင်မြိုက်နေကြသော ဒေါ်ကျီဟန်လင်းတို့သားအမိထံပါး ချဉ်းကပ်ရောက်ရှိ သွားလေသည်။

သည်တွင် မိကျောင်းစိမ်းဓား လုပိုင်ချင်သည် သမီးဖြစ်သူ လီဆန်လင်းကိုပွေ့ဖက်၍ကြေကွဲဝမ်းနည်းစွာငိုကြွေးနေသော ဒေါ်ကျီဟန်လင်းထံ အကြည့်စူးစိုက်ရောက်ရင်း...

'အဒေါ် အခုသေကြောင်းကြံတဲ့ကလေးမဟာ အဒေါ်နဲ့ ဘယ်လို ပတ်သက်နေပါသလဲ'

လှမ်းမေးလိုက်တော့ ဒေါ်ကျီဟန်လင်းမှာ ညာလက်ခုံဖြင့် သွင်သွင်စီးကျနေသော မျက်ရည်စများကို ဝှေ့ယမ်းသုတ်လိုက်ပြီး ကယ်တင်ရှင်ဖြစ်သည့် မိကျောင်းစိမ်းဓား လုပိုင်ချင်ထံကျေးဇူးတင်ရစ်သော အကြည့်ဖြင့် စူးစိုက်ကြည့်ကာ....

'ကျွန်....ကျွန်မရဲ့သမီးလေးပါ ကျေးဇူးရှင်ကြီးရယ်၊ ကျေးဇူးရှင်ကြီးသာ ဝင်ရောက်မကယ်ရင် အခုလောက်ဆို ကျွန်မသမီးလေးဘဝဆုံးရှုံးရပါပြီ အဟင့်....ဟီး ဟီး'

ပြောရင်းဆိုရင်း ဝမ်းနည်းဆို့နစ်လာရပြီး ဒေါ်ကျိဟန်လင်းမှာ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

ထိုအချိန်တွင်....

လီဆန်လင်းမှာ သူမ၏ဦးတည်ချက်ကို ရုတ်တရက်ဝင်ရောက်ဖျက်ဆီးလာသော မိကျောင်းစိမ်းလုပိုင်ချင်ထံစူးစိုက်အကဲခပ်ကြည့်ရှုနေလေသည်။

ထိုအခါ မိကျောင်းစိမ်းဓားသုပိုင်ချင်မှာ သက်ပြင်းတစ်ချက်မသိမသာချလိုက်ပြီးနောက် လီဆန်လင်း ၏ အကဲခတ်၍ကြည့်ရှုလိုက်ရာ....

'အင်း...မိန်းမချောလေးပါလား၊ ဘာအကြောင်းကြောင့်များ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ရတာလဲ'

ဇ.ဝ၏ ဆင်းရဲနွမ်းပါးမှုကြောင့် စိတ်ချာနေရသော်လည်း သူမ၏မျက်နှာလှလေးမှာ မြင်ရသူပုရိသ ယောကျ်ားများ၏ ဘဝင်ကို ထွဲလှုပ်နိုင်စွမ်းရှိလေသည်။

သို့မို့ကြောင့်လည်း....

သူမ၏ရုပ်သွင်ကို မိကျောင်းစိမ်းဓား လုပိုင်ချင် လှမ်းမြင်တွေ့ရသည်နှင့် မိန်းမချောဖြစ်ကြောင်း သူ့ရင်ထဲမှ ချက်ချင်းအသိအမှတ်ပြုလိုက်သည်။



သည့်တွင် မိကျောင်းစိမ်းဓားလုပိုင်ချင်သည် လီဆန်လင်းကို နှမြောတသစွာ စိုက်ကြည့်ရင်း....

'မင်း ဘာကြောင့်ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ရတာလဲ'

လှမ်းမေးလိုက်တော့ လီဆန်လင်းမှာ မျက်လွှာချ၍တုံ့ပြန်ဖြေခြင်းမရှိဘဲ ဝမ်းနည်းဆို့နစ်စွာ ငိုရှိုက်နေလေသည်။

ဒါကြောင့် ဆိတ်ငြိမ်လျက်ရှိသော ဝန်းကျင်တစ်ဝိုက် လီဆန်လင်း၏ ငိုရှိုက်သံသဲ့သဲ့က ပြန့်လွင့် လွှမ်းခြုံသွားခဲ့လေသည်။

ထိုအခိုက်....

ဝမ်းနည်းခံပြင်းရိပ် လွှမ်းခြုံနေရသောမျက်နှာနှင့်ဒေါ်ကျိဟန်လင်းက မိကျောင်းစိမ်းဓား လုပိုင်ချင်၏အမေးကို ကြားဝင်ဖြေကြားလာသည်မှာ....

'အခုလို ကျွန်မတို့သားအမိ ထင်းခွေလာကြရင်း ကျွန်မအလစ်အငိုက်မှာ သမီးလေး ကိုယ့်ကိုယ်ကို သေကြောင်းကြံရတဲ့အကြောင်းက မနက်ဖြန်မနက်ပိုင်းလောက်မှာ ကျွန်မသမီးလေး လီဆန်လင်းကို ကျွန်မတို့မြို့မှာနာမည်ကြီးနေတဲ့ ရှစ်မျက်နှာကျားရဲ့ ကျိပ္ပားဆိုတဲ့လူဟာ လာရောက်သိမ်းပိုက် မခေါ်ယူခြင်းခံရတော့မှာပါ၊ ကျွန်မသမီးလေးဟာ သူ့ကို မလွန်ဆန်

နိုင်လို့လက်ခံရပေမယ့် မနှစ်မြို့ပါဘူး၊ ဒါကြောင့် သူ့လက်ထဲအသိမ်းအပိုက် မခံချင်လို့ အခုလို ကျွန်မအလစ်မှာ ထွေကြောင်း ကြံစည်တာပါပဲ'

ထိုအဖြေစကားကိုကြားလိုက်ရသည်နှင့်မိကျောင်းစိမ်းခေါင်းလုပိုင်ချင်၏ရင်ထဲ မြေနိမ့်ရာလှံစိုက်ခံနေရသော ဆင်းရဲသားသားအမိအပေါ် စိတ်မကောင်းဖြစ်ရမိလေသည်၊

ပြီး ဆင်းရဲသား သားအမိအပေါ် အနိုင်ကျင့် သိမ်းပိုက်မည့် ရှစ်မျက်နှာကျားရဲကျီပွားအပေါ် သူ ခံပြင်းဒေါသပွားမိလိုက်လေသည်၊

ဒါကြောင့်မို့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်၏မျက်နှာမှာ ခံပြင်းရိပ်ကြောင့် ခက်ထန်မာကျောသွားရပြီး....

'နေစမ်းပါဦး၊ ရှစ်မျက်နှာကျားရဲ ကျီပွားဆိုတဲ့ သူဟာ ရန်ကျူးမြို့မှာ ဘယ်လို နာမည်ကြီးနေရတာလဲ'

ရန်ကျူးမြို့၌ ရှစ်မျက်နှာကျားရဲကျီပွားမှာ မည်သို့နာမည်ကြီးနေရသည်ကို သိလို၍ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာဒေါ်ကျီဟာန်လင်းထံ လှမ်းမေးလိုက်ခြင်းဖြစ်လေသည်၊

သည်တွင် ဒေါ်ကျီဟာန်လင်းမှာ မကြေမချမ်းလေသံဖြင့် တုံ့ပြန်ဖြေလာသည်မှာ....

'အဲဒီ ရှစ်မျက်နှာကျားရဲကျီပွားဟာ သိုင်းသမားအဖွဲ့အစည်းတစ်ခုနဲ့ မြို့မှာ ကြီးစိုးမင်းမူနေတယ်၊ သူ့ဩဇာဟာ



မြို့အုပ်ချုပ်သူအပေါ်တောင် လွှမ်းခြုံနေတယ်၊ ဒါကြောင့် တစ်မြို့သားလုံး သူ့ကို မလွန်ဆန်ဝံ့ဘူး ဖြစ်နေကြရတယ်'

'ဩော်....သူ့ဩဇာက မြို့အုပ်ချုပ်သူအပေါ် လွှမ်းခြုံနေမှတော့ မြို့သူမြို့သားတွေအပေါ် ဘယ်ဂရုစိုက်တော့မှာလဲ၊ ဒါနဲ့ အဒေါ်တို့သားအမိနဲ့ သူ ဘယ်လိုဆက်နွယ်လာတာလဲ'

ယင်းသို့မေးလိုက်တော့ ဒေါ်ကျီဟာန်လင်းမှာ သက်ပြင်းခပ်မျဉ်းမျဉ်းချလိုက်ပြီး....

'ကျွန်မတို့နဲ့ အဲဒီ ရှစ်မျက်နှာကျားရဲကျီပွားတို့ ပတ်သက်လာတာက ကျွန်မယောကျ်ား ကွမ်ယွင်ချန်နဲ့ စတင် ဆက်နွယ်ပတ်သက်လာတာပါ'

မိကျောင်းစိမ်းခေါင်းလုပိုင်ချင်က....

'ဩော်....ဦးကွမ်ယွင်ချန်ဟာ ဒီညီမရဲ့ဖခင်ပေါ့'

ပြောလိုက်တော့ ဒေါ်ကျီဟာန်လင်း၏မျက်နှာ တစ်ချက်ညှိုးသွားပြီးမှ ခေါင်းသွင်သွင်ခါယမ်းလိုက်ရင်း....

'သမီးလေးရဲ့အဖေ မဟုတ်ပါဘူး၊ ကျွန်မရဲ့ ဒုတိယအိမ်ထောင်ရှင်ပါ၊ သူဟာ တစ်ချိန်က သိုင်းသမားတစ်ယောက်ဖြစ်ပေမယ့် ကျွန်မနဲ့အကြောင်းပါပြီး အိုင်းယောကကိုကျောခိုင်းပြီး မြက်ဖျာနဲ့ လျှော်ဖိနပ်တွေ ရောင်းချတဲ့အလုပ်လုပ်ရင်း

ကျွန်မတို့မိသားစုကို ပြုစုစောင့်ရှောက်လာပါတယ်၊ အဲဒီ ပွဲ ရောင်းချရင်းက ကျွန်မနဲ့သူ အိမ်ထောင်သက် ဆယ်နှစ်ကျော်မှာပဲ သူ့နာတာရှည်ရောဂါကြီး ရုတ်ခြည်း ခံစားရပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲရတော့တာပါပဲ'

'ဩော်....ဘယ်လို နာတာရှည်ရောဂါဆိုးကြီးမျိုးလဲ'

'ကိုယ်တစ်ခြမ်း လေဖြတ်သွားတာပါ'

'လေဖြတ်သွားတာကိုး'

ထိုသို့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ စိတ်မကောင်းဟန်ဖြင့် ရေရွတ်ပြောဆိုမိလို လေသည်။

ဆက်၍ ဒေါ်ကျိဟန်လင်း ပြောဆိုလာသည်မှာ....

'ကိုကွမ်ယွင်ချန် မနာမကျန်းဖြစ်တော့ ကျွန်မတို့အိမ်စီးပွားရေးလဲ ပြိုကွဲလာရတယ်၊ စုဆောင်းမိတဲ့ပစ္စည်းတွေဟာ ကိုကွမ်ယွင်ချန် ရောဂါကုသတာနဲ့ တက်တက်စင်အောင် ပြောင်သွားရပါတယ်၊ နောက်ဆုံး ကျွန်မ ပခုံးပေါ် ထိုင်း ထမ်းတင်ပြီး ဈေးရောင်းထွက်ရတယ်၊ သမီးက ကျွန်မနဲ့အတူ ဈေးဝင်ကူရောင်းပေးရတယ်၊ အဲဒီ ပို ကျွန်မတို့သားအမိ ရပ်ကွက်ဈေးမှာ ဈေးရောင်းချရင်း ရဲကျိပွားနဲ့ ဆုံတွေ့ရပါတယ်၊ သူဟာ ကျွန်မသမီးလေးလီဆန်လင်းကို မျက်စိကျပြီး ကျွန်မတို့ကို ငွေကြေးထောက်ပံ့မှု ပြုပါတယ်'

သည်တွင် ဆိတ်ငြိမ်စွာရှိနေရသော လီဆန်လင်းက ကြားဝင်ရောက်ပြောဆိုသည်မှာ....



'သူ့ရဲ့ငွေကြေးထောက်ပံ့မှုကို ကျွန်မတို့ လက်မခံပါဘူး ဒေါ်ကျိဟန်လင်းမှာ ခေါင်းညိတ်ထောက်ခံ ပြောဆိုလာသည်မှာ....

'ဟုတ်ပါတယ် ကျေးဇူးရှင်ကြီး၊ သူက ရည်ရွယ်ချက်နဲ့ ငွေကြေးထောက်ပံ့တယ်ဆိုတာ ကျွန်မတို့သားအမိ ရိပ်စားမိကြလို့ လက်မခံကြပါဘူး၊ အဲဒီလို ကျွန်မတို့လက်မခံမှန်းသိတော့ ကျွန်မတို့နောက်က တိတ်တဆိတ် ခြေရာခံပြီး ကျွန်မတို့နေအိမ်ကို သူရောက်လာပါတယ်'

'ဟုတ်ပါတယ် အစ်ကို'

ကြားဖြတ်၍ လီဆန်လင်းက ခေါင်းညိတ်ထောက်ခံလာ' လေသည်။

ထိုအချိန်တွင်မူ....

လုပိုင်ချင်မှာ ဒေါ်ကျိဟန်လင်းတို့ သားအမိ ခံပြင်းကြေကွဲသဖြင့် ပြောဆိုနေကြသော စကားများကို မျက်မှောင်တွန့်ကြုတ်လျက် စူးစိုက်နားထောင်နေမိလေသည်၊

ဆက်၍ ဒေါ်ကျိဟန်လင်း ပြောဆိုလာသည်မှာ....

'အဲဒီမှာ အိပ်ရာပေါ်မှာလေဖြတ်ပြီး ဘုန်းဘုန်းလဲနေရတဲ့ ကိုကွင်ယွင်ချန်ကို တွေ့သွားရပြီး ဆေးဆရာခေါ်လာ၊ ဆေးဖိုးတွေ အကုန်ကျခံလာပါတယ်၊ နောက်ဆုံး ကျွန်မတို့သား

အမိမှာလဲ ဆေးဖိုးဝါးခ သက်တောင့်သက်သာ ရှိသွားပြီး မနာမကျန်းလူမှာလဲ ခတ်စာကောင်းတွေ စားလာရတော့ လက်လျှော့လိုက်ရပြီး သူ့ရဲ့ကူညီပံ့ပိုးမှုကို လက်ခံလိုက်ရပါတယ်၊ အဲ....သိပ်မကြာပါဘူး သူဟာ ကျွန်မသမီးလေးကို လက်ထပ်ဖို့ ကျွန်မခယောကျ်ားဆီရော ကျွန်မပါ တောင်းခံလာပါတယ်၊ သူ့ရဲ့တောင်းခံမှုကို မငြင်းပယ်ဝံ့တဲ့ လက်ခံလိုက်ရပါတယ်’

ခံပြင်းကြေကွဲစွာဖြင့် ရှည်ရှည်ဝေးဝေး ပြောဆိုလာရ၍ ဒေါ်ကျိုဟန်လင်းခင်ခမျာ အာခြောက်ပြီးမောဟိုက်သွားကာ စကားတခဏ ပြတ်တောက်သွားရလေသည်။

သည်တွင် အလိုက်သိလွန်းသော မိကျောင်းစိမ်းခေါ်လုပိုင်ချင်မှာ အသင့်ပါလာသော ရေဘူးကိုဖြုတ်ယူ၍ အာခြောက်သွားရသည့် ဒေါ်ကျိုဟန်လင်းထံလှမ်းပေးရင်း....

‘အဒေါ် အာခြောက်က သွားပြီထင်တယ်၊ ရေသောက်လိုက်ပါဦး’

ထိုအခါ ဒေါ်ကျိုဟန်လင်းမှာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး....

‘ဟုတ်ကဲ့ရှင့်’

ဟု ဆိုကာ လုပိုင်ချင်ထံမှ ရေဘူးကို တရိုတသေ လှမ်းယူ၍လာသည်။



ပြီး သူမရေဘူးအဖုံးဖွင့်၍ ရေတစ်ကျိုက် မော့သောက်လိုက်သည်။

ပြီးသော် ဒေါ်ကျိုဟန်လင်းမှာ ရေဘူးကို သမီးဖြစ်သူ လီဆန်လင်းထံ လှမ်းပေးရင်း....

‘သမီးရင်မအေးမြသွားအောင် ရေသောက်လိုက်ပါလွား’

ပြောတော့ လုပိုင်ချင်မှာ အားတုံ့အားနာဟန် ရှိနေ၍သော လီဆန်လင်းအခြေအနေကို လှမ်းကြည့်ရိပ်စားမိလိုက်သဖြင့်....

‘ဟုတ်ပါတယ်ညီမ ရေတစ်ကျိုက်သောက်လိုက်ပါ’

မိခင်ကြီးကရော သူစိမ်းလူကပါ သူမကို ရေသောက်ရန်အတွက် တိုက်တွန်းပြောဆိုလာသဖြင့် သူမအား စိတ်ပြေပျောက်သွားရပြီး မိခင်ကြီးထံမှ ရေဘူးအား လှမ်းယူလိုက်သည်။

ပြီး သူမရေဘူးကို မြှောက်ပင့်၍ ရေတစ်ကျိုက်မော့သောက်လိုက်၏။

အာစိုသွား၍ အမောပြေသွားဟန်ရှိသော ဒေါ်ကျိုဟန်လင်းဆက်စကားပြောဆိုလာရသည်မှာ....

‘အဲဒီလိုမိဘနှစ်ပါး သဘောတူလိုက်တဲ့နေ့ကစပြီး ကျွန်မသမီးလေးမှာ စိတ်ရောကိုယ်ပါဆင်းရဲနေရတာ ကျွန်မ နား

လှည့်ပါတယ်၊ သမီးနဲ့ ရှစ်မျက်နှာကျားရဲ့ ကျိုပွားတို့စေ့စပ် ပြီးတစ်လလောက်ပဲကြာမယ် ကျွန်မပေးရကျိုး ကိုကွမ်ယှ ချွန်ဆုံးပါးသွားရပါတယ်၊ နောက်သုံးလအကြာမှာ ရှစ်မျက်နှာကျားရဲ့ကျိုပွားဟာ သမီးကိုလက်ထပ်ယူဖို့ ဒီမနက်လာခေါ်မယ်လို့ လာပြောဆိုသွားပါတယ်၊ ဒါကြောင့်သမီးလေးဟာ သူနဲ့လက်မဆက်ဘဲ သေကြောင်းကြံစည်ဖို့ ကျွန်မကို တောထဲထင်းခုတ်ဖို့ အတင်းအကြပ်ခေါ်လာပါတယ်၊ ဒါကို အစကမရိပ်စားခဲ့မိပါဘူး'

စကားဆုံးသွားတော့မှ လုပိုင်ချင်မှာ သက်ပြင်းမသိမသာချလိုက်ပြီးမှ....

'အော်.... ညီမလီဆန်လင်းဟာ ကျိုပွားကိုလက်မတွဲချင်လို့ ကိုယ့်ကိုကိုယ် လက်မြောက်အရှုံးပေးပြီး အဆုံးစီရင်တာကိုး'

လီဆန်လင်းမှာ ခေါင်းအသာညိတ်လိုက်ရင်း....

'ဟုတ်ပါတယ် အစ်ကို'

'ညီမလေးကမှာ အမိုက်မဲဆုံးအပြစ်တစ်ခုကို ထောက်ပြရင် ကိုယ့်ဘဝကိုယ်အဆုံးစီရင်ခြင်းဟာ အပြစ်ပဲ'

ပြောတော့ လီဆန်လင်းမှာ ရီဝေ ညှိုးနွမ်းသော အကြည့်ဖြင့် လုပိုင်ချင်ထံ စိုက်ကြည့်ရင်း....



'ညီမ ဒီလုပ်ရပ်ဟာ အမိုက်မဲဆုံးအပြစ်တစ်ခုဆိုတာ သိပါတယ်၊ ဒါပေမယ့်ကျွန်မမှာ ဒီလူ့လက်ထဲမှ လွတ်မြောက်ဖို့ဆိုတာ ဘယ်လိုမှ စဉ်းစားတွေးတော အကြံထုတ်လို့ မရတဲ့အဆုံး ဒီလမ်းကိုမျက်စိမှိတ်ဆုံးဖြတ်ချက်ချမိလိုက်တာပါ'

ထိုစကားကြားလိုက်ရသော လုပိုင်ချင်မှာ လီဆန်လင်းအပေါ် ပို၍ကရုဏာသက်မိသွားရလေတော့သည်။

သည်နောက် လုပိုင်ချင်သည် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ဆုံးဖြတ်လိုက်ပြီးနောက်....

'ကိုင်း....အခေါ်နဲ့ ညီမ ရဲကျိုမ္ဗားတို့ရင်ဆိုင်မယ် ကိုဗ္ဗ မြို့ရောက်မှ ဆက်ဆွေးနွေးကြတာပေါ့ တော်ကြာဒီမှာ သက်စကားပြောနေကြရင် မြို့ကို မိုးစုန်းစုန်းချုပ်တော့မှ ရောက်တော့မယ်'

ယင်းသို့ လုပိုင်ချင်က သတိပေးပြောဆိုလာသဖြင့် ဒေါ်ကျိဟန်လင်းနှင့် လီဆန်လင်းတို့ ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

သည်နောက် သူတို့သုံးဦး တောအုပ်အတွင်းမှမြေခါလမ်းမကြီးအတိုင်း ရန်ကျူးမြို့သို့ ဦးတည်ထွက်ခွာလာခဲ့ကြလေသည်။

သို့နှင့် သူတို့သုံးဦး ရန်ကျူးမြို့တွင်းသို့ ရောက်သောအခါ မိုးစုန်းစုန်းချုပ်သွားရလေသည်။

ထိုအခါ....

မိကျောင်းစိမ်းခေါ် လုပိုင်ချင်တစ်ယောက် ဒေါ်ကျိဟန်လင်းတို့ သားအမိ ခေါ်ဆောင်မှုကြောင့် မြို့ဆင်ခြေဖုံးရပ်ကွက်အစွန်းမှ ခြံစည်းရိုးလေးဖရိုဖရဲနှင့်ခြံတစ်ခြံသို့ ရောက်ရှိလာ၏။



ယင်းဖရိုဖရဲခြံလေးက ဒေါ်ကျိဟန်လင်းတို့ နေအိမ်ခြံလေးပင် ဖြစ်၏။

ထိုခြံအလယ်၌ ခေါင်းရင်းဘက်သို့ ယိမ်းထိုးယိုင်နေသော လုံးချင်းတဲတစ်လုံး ရှိနေသည်။ တဲရှေ့ရောက်ကြတော့ ဒေါ်ကျိဟန်လင်းမှာ မိကျောင်းစိမ်းခေါ် လုပိုင်ချင်ထံအကြည့်ရောက်ပြီး

'ကျေးဇူးရှင်ကြီး၊ တဲပေါ်တက်ပါဦးရှင်'

ပြောတော့ မိကျောင်းစိမ်းခေါ် လုပိုင်ချင်က အပြုံးယဲ့ယဲ့ဖြင့်....

'အခေါ်....ကျွန်တော့်နာမည် လုပိုင်ချင်ပါ၊ ကျေးဇူးရှင်ကြီးလို့မခေါ်ပါနဲ့တော့၊ အဲယ်သူမဆို ကျွန်တော့်လိုအခွေ့အကြုံမျိုးကြုံရင် လက်မနှေးဘဲ ကူညီကြမှာပါ'

ယင်းစကားကြောင့် ဒေါ်ကျိဟန်လင်းနှင့် လီဆန်လင်းတို့ သဘောကျစွာပြုံးရယ်လိုက်ကြ၏။

သို့ဖြင့် လုပိုင်ချင်သည် ယိမ်းယိုင်နေသောတဲပေါ်သို့တက်လိုက်၏။

ထိုစဉ်....

လီဆန်လင်းသည် အိမ်ရှေ့ခေါင်းရင်း၌ မြက်ဖျာရှည်တစ်ချပ်ကို ကမျာကရာဖြန့်ခင်းလိုက်ပြီး....

'အစ်ကို လုပိုင်ချင် ဒီမှာထိုင်ပါရှင့်'

ယဉ်ကျေးရိုကျိုးစွာပြောဆိုလာသဖြင့် လုပိုင်ချင်ကအပြုံးရိပ်နှင့် ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပါပြီ'

တုံ့ပြန်ပြောဆိုပြီးနောက် လုပိုင်ချင်မှာ မြက်ဖျာပေါ်သို့ ထိုင်ချလိုက်၏။

သို့စဉ်မှာပင်...

ဘဲအိမ်အတွင်းမှ ဒေါ်ကျီဟန်လင်းမှာ လင်ဗန်းတစ်ချပ်ဖြင့် လက်ဖက်ရည်အိုး၊ လက်ဖက်ရည်ခွက်နှင့် အမြည်းပန်းကန်တို့ကို သယ်ဆောင်လျက် အိမ်ဦးနေရာတွင် ထိုင်နေသော လုပိုင်ချင်ရှေ့ကို ရောက်ရှိလာ၏။

အနားရောက်တော့ ဒေါ်ကျီဟန်လင်းမှာ လင်ဗန်းချပ်ကို မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ရှေ့တွင် အသာအယာချလိုက်သည်။

ပြီး သူမကလည်း လုပိုင်ချင်၏ဘယ်ဘက်အခြမ်းတွင် ညင်သာစွာ ထိုင်လိုက်၏။

သည့်တွင်....

ဒေါ်ကျီဟန်လင်းသည် လက်ဖက်ရည်ခရားကိုကောက်မ၍ လက်ဖက်ရည်ခွက်ထဲသို့ လက်ဖက်ရည်ချိုအချို့အား ငှဲ့ထည့်လိုက်၏။



ပြီးလျှင် သူမ ထိုလက်ဖက်ရည်ခွက်ကို လုပိုင်ချင်၏ရှေ့သို့ အသာအယာချပေးလိုက်ပြီး....

'ကိုလုပိုင်ချင် လက်ဖက်ရည်ချိုသုံးဆောင်လိုက်ပါဦး'

ဧည့်ဝတ်ပြုလာတော့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ အပြုံးဖြင့် ခေါင်းညိတ်ပြီး....

'ဟုတ်ကဲ့'

ဟုဆိုကာ သူ့ရှေ့တွင်ရောက်ရှိနေသော လက်ဖက်ရည်ခွက်ကို ကောက်မ၍ တစ်ကျိုက်မော့သောက်လိုက်၏။

ထိုအခိုက် လီဆန်လင်းသည် လုပိုင်ချင်တို့ဝိုင်းထဲသို့ ဖိုမနောက်ဆိုင် ဝင်ထိုင်လာသည်။

သည့်တွင် ဒေါ်ကျီဟန်လင်းက လုပိုင်ချင်ထံအားကိုးသမှုပြုသည့်အကြည့်ဖြင့် စူးစိုက်ကြည့်ပြီး....

'ကိုလုပိုင်ချင် တောအုပ်ထဲမှပြောဆိုခဲ့တဲ့အတိုင်း အဒေါ်တို့သားအမိ ရှစ်မျက်နှာကျား ရဲကျီပူးကို ဘယ်လိုရင်ဆိုင်ရမယ်ကိစ္စပြောပြပါဦး'

မေးလာတော့ လုပိုင်ချင်က လက်ထဲမှလက်ဖက်ရည်ပန်းကန်လုံးကို မြက်ဖျာပေါ်သို့ အသာအသာချလိုက်ပြီးနောက် ဒေါ်ကျီဟန်လင်းထံ အကြည့်ရောက်ကာ....

'အဒေါ်တို့သားအမိ ရှစ်မျက်နှာကျား ရဲကျိုပွားကို ရင်ဆိုင်စရာ မလိုပါဘူး....အဒေါ်တို့သားအမိ ဒီအိမ်ကထွက်ခွာသွားဖို့ အမြန်ဆုံးပြင်ဆင်ပြီး ကျွန်တော်နဲ့မြို့ထဲက ဟည့်ခန်းကို လိုက်ခဲ့ကြပါ'

ထိုအခြေစကား ကြားလိုက်ကြရသော ဒေါ်ကျိုဟန်လင်းနှင့် လီဆန်လင်းတို့မှာ ပြိုင်တူ မျက်လုံးအစုံတို့ပြူးကျယ်ဝိုင်းစက်သွားကြပြီး တအံ့တဩဖြစ်သွားရ၏။

ထိုအခါ....

ဒေါ်ကျိုဟန်လင်းမှာ စိုးရိမ်ကြောင့်ကျသံဖြင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ထံ လှမ်းမေးလိုက်သည်မှာ....

'ကို...ကိုလုပိုင်ချင် ကျွန်မတို့သားအမိ ဒီမြို့ကထွက်ပြေးတော့ရော လူအင်အားကောင်းတဲ့ ရှစ်မျက်နှာကျား ရဲကျိုပွားလက်ထဲက လွတ်မြောက်ပါ့မလား'

သည်းတော့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ အသာအယာ ပြုံးလိုက်ရင်း။

'အဒေါ်တို့သားအမိ ရှစ်မျက်နှာကျားလက်ထဲက အေးအေးလူလူ လွတ်ထွက်သွားရအောင် ကျွန်တော်စီစဉ်ပေးလိုက်မှာပါ'

ထိုစဉ် လီဆန်လင်းက တုန်လှုပ်သောလေသံဖြင့်....



'မနက်ဖြန်မနက် ရှစ်မျက်နှာကျားအဖွဲ့သည် ဒီအိမ်ကို ညီမခေါ်ဖို့ ရောက်လာကြရင် ကျွန်မတို့သားအမိ ဒီမြို့ကထွက်ပြေးသွားပြီဆိုတာ သိကြမှာပဲ'

ဒေါ်ကျိုဟန်လင်းက ခေါင်းအတ်ခနဲညိတ်လိုက်ရင်း....

'သမီးပြောတာဟုတ်တယ်၊ အဲဒီလိုသိသွားရင် ရှစ်မျက်နှာကျားဟာ သူ့လူစုကိုဖြန့်ပြီး အဒေါ်တို့သားအမိနောက်လိုက်ကြမှာပဲ'

ပူပန်ကြောင့်ကျ တွေးတောပြောဆိုလာကြသောစကားကို ကြားလိုက်ရသည့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ အဓိပ္ပာယ်ပါပါ ပြုံးရယ်လိုက်ရင်း။

'ဟင်း....ဟင်း သူတို့အဒေါ်တို့သားအမိနောက်ကို လိုက်လာနိုင်ကြမှာ မဟုတ်ပါဘူး'

ယင်းစကားကြောင့် ဒေါ်ကျိုဟန်လင်းနှင့် လီဆန်လင်းတို့ နားမလည်နိုင်အောင် ဖြစ်သွားကြပြီး သူ့ကို၏မျက်လုံးအစုံဝင့်ကြည့်သွားကြရသည်။

သည်နောက် ဒေါ်ကျိုဟန်လင်းမှာ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ကို မျက်နှောင်တွန့်ကြည့်ရ ။

'ဘာလို့ သူတို့ အဒေါ်တို့နောက်ကို လိုက်မလာနိုင်ကြတာလဲ'

စူးစမ်းဟန်ဖြင့် လှမ်းမေးလာသော မီးကျောင်းစိမ်းခေါ်း လုပုိင်ချင်မှာ အပြုံးရိပ်ဖြင့် မဆိုင်းမတွပ်င် တုံ့ပြန်မြေလာသည်မှာ....

'ဘာဖြစ်လို့ သူတို့အဖွဲ့အဒေါ်တို့သားအမိနောက်ကို မလိုက်လာနိုင်သလဲဆိုတော့ ဒီအိမ်မှာ သူတို့အဖွဲ့နဲ့ ကျွန်တော်ဆုံတွေ့ကြဦးမယ်လေ ဒါကြောင့် သူတို့အဖွဲ့ အဒေါ်တို့သားအမိနောက်ကို ခြေရာခံမလိုက်နိုင်အောင် ကျွန်တော်လုပ်ဆောင်လိုက်ပါ့မယ်'

ထိုအဖြေစကားကို ကြားလိုက်ကြရသော ဒေါ်ကျိဟန်လင်းနှင့် လီဟန်လင်းတို့မှာ လုပုိင်ချင်ထံ စိုးရိမ်ကြောင့်ကျသောအကြည့်တို့ဖြင့် စူးစိုက်ကြည့်မိကြလေသည်။

ဒေါ်ကျိဟန်လင်းက....

'ဒါ....ဒါဆို ကိုလုပုိင်ချင်က ဒီမှာရှစ်မျက်နှာကျားအဖွဲ့နဲ့ ရင်ဆိုင်တိုက်ခိုက်ကြဦးမလား'

ပူပန်စိုးထိတ်သံဖြင့် လှမ်းမေးလာတော့ လုပုိင်ချင်မှာ အပြုံးတစ်ချက်ပြုံးလိုက်ရင်း၊

'ဟင်း... ဟင်း၊ ဒီအတွက် အဒေါ်တို့သားအမိ ပူပင်စရာမလိုပါဘူး၊ ကဲ....ကဲ အချိန်က လူကိုမစောင့်ဘူး၊ အဒေါ်တို့သိမ်းစရာရှိတာ အမြန်သိမ်းလိုက်ကြပါ၊ ဒီအိမ်နဲ့ခြံကိုလဲ ဒီမြို့က ကျွန်တော်ရဲ့ အရင်းနှီးဆုံးလူကိုအပ်နှံသွားလိုက်မယ်၊ နှစ်



ဘယ်လောက်ကြာကြာ အဒေါ်တို့ထားရစ်ခဲ့တဲ့ ပစ္စည်းပစ္စည်းတွေ လုံးဝ မပျောက်ရှစေရဘူး'

လေးလေးဆော်ဆော်လေသံဖြင့် ပြောဆိုလိုက်သောအခါ ဒေါ်ကျိုဟန်လင်းနှင့် လီဆန်လင်းတို့မှာ ထိုင်နေရာမှ ကပျာကယာထ၍ ခရီးဆောင်အိတ်နှစ်လုံးထဲသို့ အရေးတကြီးလိုအပ်သော လူအသုံးအဆောင် အသေးအဖွဲ့ပစ္စည်းများကို သွက်သွက်လက်လက် ထည့်လိုက်ကြလေသည်။

ထိုအချိန်တွင်....

လုပုိင်ချင်သည် ဒေါ်ကျိုဟန်လင်းနေအိမ်မှ သွက်လက်လျင်မြန်စွာ ထွက်ခွာသွားလေသည်၊

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ လုပုိင်ချင်မှာ ရထားလုံးတစ်စီးကို ခေါ်ဆောင်လာလေသည်၊

ထိုအချိန်၌မူ ဒေါ်ကျိုဟန်လင်းနှင့်လီဆန်လင်းတို့မှာ အိမ်မှ ထွက်ခွာဖို့ အသင့်ပြင်ဆင်ပြီးကြလေပြီ။

ပြောရမည်ဆိုလျှင်....

ဒေါ်ကျိုဟန်လင်းနေအိမ်၌ အဖိုးတန် အိမ်ထောင်ပရိဘောဂပစ္စည်း၊ ကြီးကြီးမားမားဟူ၍ လုံးဝ မရှိချေ။

ဒါသည်ကလည်း....

သူမ၏ခင်ပွန်းဆေးကုသဖို့ ငွေရရှိရေးအတွက်အိမ်တွင်းရှိ အဖိုးတန်ပစ္စည်းအားလုံး တက်တက်စင်အောင် ပြောင်သွားကြောင်းဖြစ်လေသည်။

သည်နောက် ဒေါ်ကျိုဟန်လင်းနှင့်လီဟန်လင်းတို့ လုပိုင်ချင်ငှားရမ်းလာသော ရထားလုံးပေါ်သို့ တက်ရောက်လိုက်ကြလေသည်။

ပြီး မိကျောင်းစိမ်းဓားလုပိုင်ချင်သည် မြင်းညိုကြီးတစ်စင်းနှင့်လျက် ဒေါ်ကျိဟန်လင်းတို့သားအမိလိုက်ပါလာကြသည့် ရထားလုံးအား မြို့လည်အတွင်းသို့ ဦးဆောင်ခေါ်လာလေသည်။

သူတို့ ရန်ကြူးမြို့လည်ရောက်တော့ နာရီမောင်း ရှစ်ချက်တီးအချိန်သို့ရောက် ရှိလာနေချေပြီ။

ဒါကြောင့် မိကျောင်းစိမ်းဓားလုပိုင်ချင် မြို့လယ်ပင်မဈေးကြီး၏ ရှေ့ဘက်ခြမ်းရှိ စားသောက်ဆိုင်နှင့် တွဲထားသော တည်းခိုခန်းဆီသို့ ဦးတည် လာခဲ့ကြ၏။

ယင်းတည်းခိုခန်း နာမည်ကား....

ဇိမ်တည်းခိုခန်းနှင့် စားသောက်ခန်းဖြစ်လေ၏၊ သည်တွင် မိကျောင်းစိမ်းဓား လုပိုင်ချင်က ဒေါ်ကျိဟန်လင်းတို့ သားအမိထံ အကြည့်ရောက်ကာ....



'ကိုင်း....အမေဒေါ်ရေ၊ အောက်ထပ်စားသောက်ဆိုင်ဝင်ပြီး အရင်ဝမ်းဖြည့်လိုက်ကြရအောင်'

ပြောတော့ ဒေါ်ကျိဟန်လင်းမှာခေါင်းအသာညိတ်လိုက်ရင်း....

'ကောင်းပါပြီ'

သည်နောက် သုံးဦးတို့သူတို့ဇိမ်တည်းခိုခန်း၏အောက်ထပ် စားသောက်ဆိုင်ထဲသို့ ဝင်လိုက်ကြလေ၏။

အထဲရောက်တော့ စားသောက်ခန်းထဲ၌ စားသောက်နေကြသော စားပွဲဝိုင်း လေးဝိုင်းကို သူတို့ တွေ့လိုက်ကြရလေသည်။

ယင်းစဉ် မိကျောင်းစိမ်းဓား လုပိုင်ချင်သည် ပြတင်းပေါက်ဘေးရှိ စားပွဲလွတ်တစ်လုံးဆီသို့ ဦးတည်လျှောက်လှမ်းသွားလေသည်။

ပြီး သူတို့သုံးဦးတို့ ထိုစားပွဲ၌ဖိုလောက်ဆိုင် ထိုင်လိုက်ကြလေတော့သည်။

## အခန်း (၄)

## ကျားဘီလူး၏ ကျားလက်ဝါး

သူတို့သုံးဦးစားပွဲဝိုင်း၌ထိုင်ရုံရှိသေး၊ ဖော်ရွေသောအပြုံးမျက်နှာနှင့် စားပွဲထိုးလူငယ်တစ်ဦး သူတို့စားပွဲသို့ ချဉ်းကပ်ရောက်ရှိလာလေသည်။

'အစ်ကို ဂို ဘာသုံးဆောင်မလဲခင်ဗျာ'

လှမ်းမေးလာတော့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်က စားပွဲထိုးလူငယ်ထံ ဦးဆောင် ဖြေကြားလိုက်သည်မှာ....

'ငါတို့ကို ထမင်းပိုင်းပြင်ပေး [illegible]င်း ခေါ်း ငါးမျိုးလဲချ'

မှာကြားလိုက်တော့ စားပွဲထိုးလူငယ်[illegible] ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း....



'ဟုတ်ကဲ့....ဟုတ်ကဲ့'

ဟုဆိုပြီး သူတို့စားပွဲဝိုင်းနားမှ ကျောခိုင်း ထွက်ခွာသွားလေသည်။

သည့်တွင် ဒေါ်ကျိုဟန်လင်းက မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ထံ အကြည့် စူးစိုက်ရောက်ရင်း....

'ကိုလုပိုင်ချင် ကျွန်မတို့သားအမိ ဒီဘည်းခိုခန်းမှာတစ်ညတည်းခိုကြရမှာပေါ့'

စူးစမ်းတန့်ဖြင့် လှမ်းမေးလာတော့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ ချက်ချင်းတုံ့ပြန်ဖြေလိုက်သည်မှာ....

'ဟုတ်ပါတယ်၊ မနက်ဝေလီဝေလင်းအချိန်မှာ စောစောက ဒီလိုက်ပို့ပေးခဲ့တဲ့ရထားလုံး အဒေါ်တို့သားအမိကို လာခေါ်ပြီး မြို့တောင်ဘက်တံခါးပေါက်ကတစ်ဆင့် မြို့ပြင်ခေါ်သွားပါလိမ့်မယ်၊ နောက်သူ အဒေါ်တို့ကို အနီးစပ်ဆုံး ရွာတစ်ရွာပို့ပေးပါလိမ့်မယ်၊ ဒီရထားထိန်းဟာ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးခဲ့ဖူးတဲ့ မိတ်ဆွေဟောင်း တစ်ဦးပါ၊ ဒါကြောင့် အဒေါ်တို့သားအမိ သူနဲ့စိတ်ချလက်ချလိုက်သွားပါလို့ ပြောချင်ပါတယ်'

စကားကြော တစ်ခဏ ပြတ်တောက်သွားသည်နှင့် ဘဝအတွေ့အကြုံနည်းပါးလွန်းသော လီဆန်လင်းက မိကျောင်းစိမ်းလုပိုင်ချင်ထံလှမ်းမေးလာသည်။

'ဒီနံ့ကို ညီမတို့ အဲဒီရွာရောက်တော့ ဘာဆက်လုပ်ရမှာလဲ'

ယင်းအမေးကြောင့် မိကျောင်းစိမ်းခါး လုမိုင်ချင်မှာ အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း....

'ဘာလုပ်ရမလဲဆိုတော့ ညီမတို့သားအမိ ရှစ်မျက်နှာကျားအဖွဲ့တွေ ခြေရာခံမလိုက်နိုင်အောင် လုံခြုံတဲ့နေရာရှာပြီး ဇာတ်မြှုပ်နေကြပေါ့'

ထိုအဆိုကို ဒေါ်ကျိုဟန်လင်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း....

'ဟုတ်တယ် သမီး၊ ကိုလုပိုင်ချင်ပြောသလို ရှစ်မျက်နှာကျားအဖွဲ့ မေတို့ကို ခြေရာခံမမိအောင် လုံခြုံနေတဲ့နေရာကိုရှာဖွေပြီး ခြေရာဖျောက်နေကြရမယ်၊ ဘာကြောင့်လဲဆိုတော့ ရှစ်မျက်နှာကျားအဖွဲ့အစည်းဟာ နေရာအနှံ့အပြားမှာ ရှိနိုင်တယ်၊ လျော့တွက်လို့မရဘူး'

ယင်းသို့ မိခင်ကြီးဒေါ်ကျိုဟန်လင်းနှင့်လုပိုင်ချင်တို့ ရှင်းလင်းပြောဆိုလာတော့မှ လီဆန်လင်းတစ်ယောက် ခြေဆန့်၍ ရှစ်မျက်နှာကျားအဖွဲ့နှင့် ကင်းဝေးအောင် ပြေးရဦးမည်ကို သဘောပေါက် နားလည်မိရလေသည်။

ထိုစဉ်မှာပင်....



စားပွဲထိုးလူငယ်သည် လင်ဗန်းတစ်ချပ်ဖြင့် ပန်းကန်ပြားပန်းကန်လုံးများကို သယ်ဆောင်လျက် သူတို့စားပွဲဝိုင်းဆီသို့ ရောက်ရှိလာလေသည်။

သည်နောက် သူတို့သုံးဦးတို့ ညစာကိုစားသောက်ကြလေသည်။

ရေနွေးတစ်အိုးကျက်ခန့်ကြာသောအခါ သူတို့၏ ညစာစားသောက်ခြင်းအမှု ပြီးစီးသွားရလေသည်။

ပြီးနောက် သူတို့အိပ်ခန်း ငှားရမ်းရန်အတွက် ဆိုင်အတွင်းခန်းရှိ ကောင်တာဆီသို့သွားရောက်၍ နှစ်ယောက်တွဲအိပ်ခန်းတစ်ခန်းနှင့် တစ်ယောက်အိပ်ခန်းတစ်ခန်းတို့က ငှားရမ်းလိုက်လေသည်။

ပြီးသော် သူတို့ အပေါ်ထပ်တည်းခိုခန်းရှိရာသို့ တက်ရောက်လာကြသည်။

သူတို့သည် တည်းခိုခန်းအတွင်း၌ ပစ္စည်းပစ္စယများထားရစ်ပြီးနောက် လသာဆောင်ဝရန်တာဘက်ဆီသို့ ထွက်လာခဲ့ကြလေသည်။

လသာဆောင်ရောက်တော့ စားပွဲဝိုင်းတစ်ဝိုင်း၌ တည်းခိုသူသုံးယောက်တို့ စကားပြောဆိုနေကြသည်ကို သူတို့ တွေ့မြင်လိုက်ရသည်။

ထိုအချိန်တွင်မှ....

မဟူရာ ညကောင်းကင်ပြင်၌ ဘီးကုတ်လခြမ်းမှာ ထိန်ထိန် သာလွန်းလျက် ရှိနေလေသည်။

ဒါကြောင့် ဇိမ်တည်းခိုခန်း၏ လသာဆောင်တစ်ခုလုံး အေးမြသော ငွေရောင်ဖြန့်ကျက်လျက်ရှိပြီး လင်းလင်းချင်း ချင်း ရှိနေလေသည်။

ညဥ့်လေပြေလေညင်းသည်လည်း ဝရန်တာကိုဖြတ်သန်း၍ အဆောက်အအုံဘက်ဆီသို့ ဦးတည် တိုက်ခိုက်လာလေသည်။

ထိုစဉ် သူတို့သုံးဦးပွဲ့သည် စကားအေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ပြောဆိုရန်အတွက် ထောင့်စွန်း၍ စားပွဲ ဝိုင်းကို ရွေးချယ်ကာ ဖိုခနောက်ဆိုင် ဝိုင်းဖွဲ့ထိုင်လိုက်ကြလေ သည်။

သည်တွင် လုံမိုင်ချင်၏အကြည့် ဒေါ်ကျူဟန်လင်းထံ စူးစိုက်ကြည့်ရင်း....

'ဒါနဲ့ အဒေါ်ဆီမှာ အဝေးရောက်နေတဲ့ ဆွေမျိုးညာတိ ရော မရှိဘူးလား'

လှမ်းမေးလိုက်တော့ ဒေါ်ကျူဟန်လင်းမှာ ထစ်စုံတစ် ယောက်ကို သတိရလှမ်းဆွတ်ဟန်ဖြင့်....

'အင်း....ကျွန်မမှာ သမီးကြီးတစ်ယောက် ရှိပါသေး တယ်၊ ဒါပေမယ့် သူလဲ ကျွန်မတို့နဲ့ ကွဲကွာသွားတာကြာပါ ပြီ၊ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိပါဘူး'



ထိုအခိုက် လီဆန်လင်းထံမှ ပင့်သက်ချသံတစ်ချက် တိုးတိုး သဲ့သဲ့ ဆွတ်ပျံ့လာလေသည်။

ဆက်၍ ဒေါ်ကျူဟန်လင်းမှာ သက်ပြင်းမသိမသာချလိုက် ပြီးနောက်....

'ဘယ်သူမရှိရှိ အဒေါ်တို့သားအမိကတော့ ရှစ်မျက်နှာ ကျားအဖွဲ့နဲ့ ကင်းဝေးအောင် လုံခြုံတဲ့နေရာ ရှာဖွေပြီး ဇာတ် မြှုပ်နေထိုင်ရမှာပဲ'

လူပိုင်ချင်က စိုးရိမ်မကင်းစိတ် လွှမ်းခြုံနေသော ဒေါ် ကျူဟန်လင်းထံ အကြည့်ရောက်ရင်း....

'ဒီကောင်တွေကိုလဲ သိပ်လဲ ကြောက်ပြီး စိုးရိမ်မနေ ပါနဲ့'

စကားဖြတ်တောက်ပြီးနောက် သူ့အကြည့် အေးမြသော လရောင် ပက်ဖြန်းနေသည့် လီဆန်လင်း၏မျက်နှာဆီ ရွှေ့ လျား ရောက်ရှိသွားရလေသည်။

သည်တွင် ဘော်ငွေရောင်အလင်းကြောင့် လီဆန်လင်း၏ အပူရိပ်လွှမ်းနေသော မျက်နှာအလှကို သူ ဖြတ်ခနဲ တွေ့မြင် ရပြီး အိပ်မောကျနေရသည့် သူ၏နှလုံးသားတို့ လှုပ်ရှားနိုးထ သွားရလေသည်။

'အင်း... လီဆန်လင်းရဲ့ မျက်နှာကို မြင်တွေ့လိုက်ရတာနဲ့ ငါတစ်ခါမှ မခံစားဘူးတဲ့ ခံစားမှုတွေ လှိုက်ခနဲ ခံစားလိုက် ရပါလား'

ယင်းသို့ လုပိုင်ချင်စိတ်ထဲ၌ လှိုက်လှဲတုန်လှုပ်စွာ ရေရွတ်မိရင်း လီအန်လင်း၏အလှဝယ် နစ်မျော ငေးရီနေမိလေသည်။

ထိုစဉ် လီအန်လင်းမှာ တစ်ခဏ ငြိမ်သက်သွားရသော လုပိုင်ချင်ထံ လှမ်းအကဲခတ်ကြည့်မိလိုက်ရာ....

'ဟင်...'

ဟု တအံ့တဩ ရေရွတ်မိရင်း သူမ၏ ရင်အဘွင်း၌ ငှက်ငယ်လေးတစ်ခု ရုတ်ခြည်းဖြတ်သန်းပေါ်ပေါက်သွားရ၏။

အကြောင်းဟူမူ....

သူမထံ ငေးရီစိုက်ကြည့်နေသောလုပိုင်ချင်၏အကြည့်စူးစူးတို့ကို ရုတ်တရက် တွေ့လိုက်ရသောကြောင့် သူမနှလုံးသားတို့ တုန်လှုပ်ခံစားသွားရခြင်းဖြစ်လေသည်။

သည်တွင် အကြည့်ချင်းဆုံမိလိုက်ရပြီးသူ့ အကြည့်လှမ်းသွားရသဖြင့် လုပိုင်ချင်မှာ အကြည့်ကို ကပျာကယာ ဖေါ်ကျိုဟန်လင်းထံ ရွှေ့ပြောင်းရောက်ရှိသွားရလေသည်။

ထိုစဉ် ဖေါ်ကျိုဟန်လင်းမှာ မဟူရာညကောင်းကင်ပြင်၌ ကြယ်တာရာအပေါင်း ဝန်းရံခလျက် အေးချမ်းသာယာစွာ ထွန်းလင်းနေသော သီတဂူဘီးကုပ်လခြမ်းဆီသို့ ငေးကြည့်နေမိသည်။



သူမ လကို အကြည့်ရောက်ရင်း သူမ၏အတွေးများက မည်သည့်အရပ်သို့ ပြန့်လွင့်နေသည်မသိ။

ကေန္တ ဖေါ်ကျိုဟန်လင်းတစ်ယောက် ရှေ့ဆက်လျှောက် လှမ်းရမည့်အရေးကို တွေးတောပူပန်နေမိသည်ဖြစ်အံ့။

ထိုအခိုက်....

လုပိုင်ချင်သည် ညာလက်ဝါးကို သူ့ဝတ်စုံ အဘွင်းသို့ထိုးနှိုက်လိုက်လေသည်။

သူ့၏ညာလက်ဖြန်အရောက်တွင် ငွေထုပ်တစ်ထုပ်ပါလာ၏။

ပြီး လုပိုင်ချင်မှာ လက်ထဲမှငွေထုပ်ကို ဖေါ်ကျိုဟန်လင်းထံ လှမ်းပေးရင်း။

'အဖေါ်ရော့... အဖေါ်တို့သားအမိ ရောက်ရာအရပ်မှာ သုံးစွဲဖို့ငွေ'

ယင်းအခြေအနေ ကြုံတွေ့လိုက်ရသော ဖေါ်ကျိုဟန်လင်းမှာ တအံ့တဩ ဖြစ်သွားပြီး၊

'ဟင်....ကိုလုပိုင်ချင် သမီး အသက်လဲကယ်ရသေး ငွေလဲ ထောက်ပံ့ကူညီတယ်ဆိုတော့ အဖေါ်မယူပါရစေနဲ့'

ငြင်းဆန်စကားကြားလိုက်ရသဖြင့် လုပိုင်ချင်မှာ ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း။

'ဟာ....ဒီငွေမယူရင် လမ်းခရီးမှာ ဘယ်ငွေနဲ့သုံးမလဲ'

ပြောပြောဆိုဆိုနှင့်ပင် လုပိုင်ချင်မှာ လက်လဲမှငွေထုပ်ကို ဒေါက်ကျိုဟန်လင်းထံ အတင်းထည့်ပေးလေသည်။

ထိုအခါ ဒေါက်ကျိုဟန်လင်းမှာ လုံးဝ ငြင်းဆန်နိုင်ခြင်းမရှိဘဲ လုပိုင်ချင် အတင်းတိုးပေးသော ငွေထုပ်ကို လှမ်းယူလိုက်ရလေသည်၊

တကယ်တော့လည်း....

လုပိုင်ချင်ပြောသလို ရှစ်မျက်နှာကျား ရဲကျိုပွားရန်ကို ချောင်တိမ်းရင်း သုံးစွဲဖို့ ငွေလိုသည်မှာအမှန်၊

အခု သူတို့လက်ထဲ၌သုံးစွဲဖို့ငွေဆိုလို့ အနည်းညီကျဉ်းသာ ရှိလေသည်၊

သည်တွင် လုပိုင်ချင်မှာ လီဆန်လင်းထံ မသိမသာလှမ်း အကဲခတ်ကြည့်ရှုလိုက်လေသည်။

ထိုအချိန်တွင် လီဆန်လင်းမှာ မျက်လွှာချ၍ခေါင်းငုံ့လျှိုးနေသည်ကို သူ လှမ် မြင်တွေ့လိုက်ရလေသည်။

ထိုအခိုက်....

'ဟုံ တုံ တုံ တုံ'

ဈေးကြီးအခြမ်းရပ်ဆီက ပြန့်လွင့်ထွက်လာသော နာရီမောင်းတုံးခေါက်သံဆယ့်တစ်ချက် ပီပီပြင်ပြင် ထွက်ပေါ်လာလေသည်၊



ဒါကြောင့် လုပိုင်ချင်သည် ဒေါက်ကျိုဟန်လင်းထံ လှမ်းသတိပေးပြောဆိုလိုက်သည်မှာ၊

'ကိုင်း....အဒေါက်တို့သားအမိ မနက်အစောကြီးထပြီးခရီးထွက်စရာရှိသေးတယ်၊ အိပ်ခန်းထဲဝင်ပြီး အနားယူကြရင်ကောင်းမယ်'

သည်တော့ လုပိုင်ချင်၏ သတိပေးစကားကို နားခံကြသည့်အလား ဒေါက်ကျိုဟန်လင်းနှင့်လီဆန်လင့်တို့ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်၊

သည်နောက် သူတို့သုံးဦးတို့ လသာဆောင်မှ ဖဲ့ကြဉ်၍ အဆောက်အဦအတွင်းသို့ ဝင်ရောက်လာခဲ့ကျလေတော့၏၊

*

ပူနွေးတောက်ရှိုင်းသော နေရောင်ခြည်သည် ရန်ကျူးမြို့ ဆင်ခြေဖုံးရပ်ကွက်ပေါ်သို့ ဖြန့်ကျက်လွှမ်းခြုံလျက်ရှိနေပေသည်။

ရာသီဥတုကြည်လင်သာယာမှုရှိသဖြင့် ဆင်ခြေဖုံးရပ်ကွက်အနှံ့ သွားလာသူပ်ရှားလျက် ရှိနေကြလေသည်။

ထိုအခိုက်မှာပင်....

သားနားစွာ ပြင်ဆင်ထားသော ဝေါစင်တစ်ခုကို ထမ်းဆောင်လာကြသည့် လူတစ်စုတို့ ဆင်ခြေဖုံးရပ်ကွက်အနှံ့သို့ ဦးတည်ရွေ့လျားနေကြလေ၏။

ယင်းလူစုကို ရှေ့ကဦးဆောင်လာသော မြင်းစီးသမားမှာ ကာယဗလတောင့်တင်းကြံ့ခိုင်သည့် လူလတ်ပိုင်း တစ်ဦးဖြစ်လေသည်။

ထိုလူလတ်ပိုင်းမှာ အဝါနက်စင်းကြား ပိုးဝတ်စုံကို ထူးခြားစွာဝတ်ဆင်ထားသည်။

ပြီး သူကျားသားရေ နှဖူးစည်းရစ်ပတ်ထားသလို သူ့ဘယ်ညာလက်ကောက်ဝတ်တို့၌ ကျားသားရေ လက်ပတ်ရစ်ပတ်ထား၏။

ထို့အပြင် သူ့မျက်လုံးအစုံတို့က ကျားရဲတစ်ကောင်မျက်လုံးအစုံတို့ကဲ့သို့ နီရဲတောက်လက်လျက်ရှိနေပေ၏။

ထိုသူ၏ ပကတိရုပ်သွင်ကို တွေ့မြင်ရရုံဖြင့် အတ္တကြီးမားသူ ရက်စက် ကြမ်းကြုတ်သူ တစ်ဦးဖြစ်ကြောင်း ပေါ်လွင်လျက်ရှိနေပေ၏။



စင်စစ်ကတော့....

ထိုလူကား တစ်ခြားလူဟုတ်ရိုးလား ရှစ်မျက်နှာကျားရဲကျီပွားပင်ဖြစ်လေ၏။

ဟုတ်ပါသည်။

ရဲကျီပွားမှာဆင်ခြေဖုံးရပ်ကွက်စွန်တွင်နေထိုင်သော ဒေါ်ကျီဟန်လင်း၏ သမီးဖြစ်သူ လီဟန်လင်းတို့ ဒေါ်ဆောင်ရန်အတွက် သူ့အဖွဲ့သားများနှင့် ဦးတည်ရောက်ရှိလာကြခြင်းဖြစ်လေ၏။

သို့ဖြင့် ရဲကျီပွားတို့အဖွဲ့ ဒေါ်ကျီဟန်လင်း ခြံဝန်းရှေ့သို့ ရောက်ရှိလာလေ၏။

သည့်တွင်....

ရဲကျီပွားသည် အဖြူအနက်ကွက်ကျားမြင်းကြီးကိုဇက်ကြိုးသပ်ရပ်ဆိုင်းလိုက်ပြီးနောက် ဖရိုဖရဲခြံဝန်းအတွင်း အခြေအနေအား လှမ်းအကဲခတ်ကြည့်ရှုလိုက်၏။

'ဟင်....ခြံထဲမှာ လူရိပ်လူယောင် လုံးဝမမြင်တွေ့ရပါကလား၊ တကယ်လို့ ဒေါ်ကျီဟန်လင်းဟာ ငါ့ကိုခြံပေါက်ဝမှာ ထွက်ကြိုသင့်တယ်'

ခြံဝန်းအတွင်း လူရိပ်လူယောင် လုံးဝမမြင်တွေ့ရသဖြင့် ကျီပွားမှာ အထက်ပါအတိုင်း မကျေမချမ်း ရေရွတ်ပြောဆိုမိလိုက်၏။

သည်နောက် ရဲကျီပွားမှာအဖြူ အနက်ကွက် ကျားမြင်းကြီး ပေါ်မှ လမ်းပေါ်သို့ လွှားခနဲခုန်ပျံဆင်းလိုက်၏။

'ဟူး'

'ဘုတ်'

ထိုအချိန်၌ ရဲကျီပွားအဖွဲ့သားများမှာ ခေါင်းဆောင်ဖြစ်သူ၏ လှုပ်ရှားမှုအခြေအနေကို လှမ်းအကဲခတ်ရင်း စောင့်ဆိုင်းကြည့်ရှုနေ၏။

ထိုစဉ် ရဲကျီပွားမှာ မကျေမနပ်မျက်နှာနှင့် ညာလက်ရုံး ဖြစ်သော ကျားဘီလူးဖုန်ကျင်ထံ 'စူးစိုက်ကြည့်ရင်း....

'ကျားဘီလူး ငါတို့ရောက်လာပြီဆိုတဲ့အကြောင်း ဒေါ်ကျီဟန်လင်းထံ သွားသတင်းပို့ချေ၊ အရင်ကဆို ဒီမိန်းမကြီး ငါတို့ကို ထွက်ကြိုလေ့ရှိပါတယ်'

လှမ်းအမိန့်ပေး ထွက်ဆိုလိုက်တော့ ကျားဘီလူးဖုန်ကျင်းမှာ ဦးတစ်ချက်ညွှတ်လိုက်ပြီးနောက် ခြံဝန်းအတွင်းသို့ သွက်လက်စွာလျှောက်လှမ်းသွား၏။

ပြောရမည်ဆိုလျှင် ယင်းကျားဘီလူး ဖုန်ကျင်မှာ ကိုယ်ကာယထွားကျိုင်းလွန်းသော ဧရာမလူသန်ကြီး တစ်ယောက်ဖြစ်သည်။

သို့ဖြင့် လူသန်ကြီးကျားဘီလူး ဖုန်ကျင်မှာ တဲရှေ့သို့ ရောက်ရှိလာ၏။



တဲပေါ်၌ လူရိပ်လူခြေယောင်မတွေ့ရသဖြင့်လူသန်ကြီး ကျားဘီလူးဖုန်ကျင်မှာ....

'ဒေါ်ကျီဟန်လင်း'

လေသံခက်ထန် မာကြောစွာဖြင့် လှမ်းခေါ်လိုက်သော်လည်း တဲပေါ်မှ မည်သို့မျှတုံ့ပြန်သည့်စကားသံ လုံးဝထွက်ပေါ်လာခြင်းမရှိပါချေ။

ဒါကြောင့် လူသန်ကြီး ကျားဘီလူးဖုန်ကျင်မှာ ခံပြင်းဒေါသထွက်သွားရပြီး....

'ဟင်.... ဘာမှလဲမတုံ့ပြန်ပါလား ဒီမိန်းမကြီးပမာမခန့်လုပ်နေပြန်ပြီ ငါတဲပေါ်တက်ကြည့်ဦးမယ်'

ရေရွတ်ပြောဆိုပြီးနောက် ဖုန်ကျင် သည်တဲပေါ်သို့ တက်ရောက်လိုက်၏။

တဲပေါ်ရောက်သည်နှင့် ဖုန်ကျင်မှာအကြည့်ဝေ့ဝဲ ကြည့်ရှုလိုက်ရာ....

'ဟင်....ခေါင်းရင်းဘက်မှာ ဝတ်စုံစိမ်းနဲ့ လူတစ်ယောက် ကျောခိုင်းထိုင်နေပါလား'

မမျှော်သင့်ဘဲ တဲခေါင်းရင်းဘက်မှာ ဝတ်စုံစိမ်းဝတ် လူတစ်ယောက် ကျောခိုင်းလျက် ထိုင်နေသည်ကို ကျားဘီလူးဖုန်ကျင် လှမ်းမြင်တွေ့ရပြီး တအံ့တဩရေရွတ်လိုက်မိလေတော့သည်။

အံ့ဩ ပည်း အံ့ဩစရာပင်။

သူတို့အဖွဲ့ ဒေါက်ဂျီဟန်လင်း နေအိမ်သို့ ဝင်ထွက်သွားလာခဲ့သည့်အကြိမ်ပေါင်း မနည်းတော့ချေ။

တစ်ခါမျှ သည်တဲအိမ်အတွင်း၌ ယောကျ်ားသားဟူ၍ တစ်ယောက်တလေမှ မမြင်တွေ့ခဲ့ရချေ။

ဒါကြောင့် အခုမျှော်လင့်တဲ့ ဒေါက်ဂျီဟန်လင်းတို့အသွား အမိ အရိပ်အယောင်ကို မမြင်တွေ့ရပဲ ယောကျ်ားတစ်ဦးကို လှမ်းမြင်တွေ့လိုက်ရသောကြောင့် ကျားဘီလူးဖုန်ကျင်အံ့အားသင့်သွားရခြင်းဖြစ်၏။

'ဒီလူ ဘာကြောင့် ဒီအိမ်ပေါ်ရောက်နေရတာလဲ၊ ကိုသားအမိလဲ အရိပ်အယောင်လုံးဝမမြင်တွေ့ရဘူး၊ ဆန်းတော့ဆန်းနေတယ်၊ ဘာပဲဖြစ်ဖြစ် ဒီလူ ဘယ်သူလဲဆိုတာသွားမေးမြန်းကြည့်မယ်'

ယင်းသို့ ကျားဘီလူးဖုန်ကျင် တွေးတောဆုံးဖြတ်လိုက်ပြီးနောက် တဲခေါင်းရင်းဘက်ရှိ ကျောခိုင်းထိုင်နေသော လုပိုင်ချင်ထံပါး ချဉ်းကပ်ရောက်ရှိသွားသည်။

အနားရောက်သည်နှင့် ကျားဘီလူးဖုန်ကျင်မှာ လုပိုင်ချင်၏ ဘယ်ဘက်ပခုံးတစ်ဖက်ပေါ်သို့ သူ့ညာလက်ဝါးဖြင့်လှမ်းပုတ်လိုက်ပြီး....

'ဝှီး'

'ဘန်း'

'ဝူး'



'ဖောင်း'

'အီး'

သည်တွင် ကျောခိုင်းထိုင်နေသည့် မိကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ သူ့ဘယ်ဘက်ပခုံးပေါ်သို့ပိုင်စိုးပိုင်နင်းပုတ်ခတ်လာသည့် ကျားဘီလူးဖုန်ကျင်၏ ညာလက်ဝါးကို သူ့ညာလက်ဝါးဖြင့် ငွေ့ယမ်းရိုက်ဖမ်းလိုက်သည်။

ထိုစဉ်...

ကျားဘီလူး ဖုန်ကျင်မှာ သူ့လက်ကိုသာမန်ရိုက်ဖမ်းသည်ထင်၍ ဖြုတ်ခနဲရုန်းထွက်လိုက်၏။

သို့ရာတွင်....

မိကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ ကျားဘီလူး ဖုန်ကျင်၏ ညာလက်ဝါးကို ဖြတ်တူပမာ မြဲမြဲစွာ ဖမ်းချုပ်ထားသေးသည်။

ဒါကြောင့် ကျားဘီလူး ဖုန်ကျင်မှာ လုပိုင်ချင်၏ဖမ်းချုပ်ထားမှုမှ လုံးဝရုန်းမထွက်နိုင်သဖြင့် အံ့အားသင့်စွာ ခံစားလိုက်ရသည်။

ထိုအခိုက်မှာပင်....

လုပိုင်ချင်သည် အတွင်းအားစိုက်ထုတ်၍ ကျားဘီလူးဖုန်ကျင်၏ ညာလက်ဝါးကို ဖိညှစ်လိုက်သည်။

ထိုအခါ ကျားဘီလူး ဖုန်ကျင်ခမျာ မိကျောင်းစိမ်းခေါ်း လုပိုင်ချင်၏ ဖိညှစ်မှုကို တောင့်တင်းမခံစားနိုင်သဖြင့် နာကျင်ညည်းတွားလိုက်မိသည်။

'အား....ကျွတ်....ကျွတ်....မင်း....မင်းဘယ်သူလဲ၊ ဘာလို့ ဒီအိမ်ထဲရောက်နေရတာလဲ'

နာကျင်ညည်းညူရင်း ဖုန်ယီင်မှာ လုပိုင်ချင်ကို စစ်ဆေးမေးမြန်းလိုက်သည်။

သည်တွင် မိကျောင်းစိမ်း လုပ်ပိုင်ချင်မှာ ကျားဘီလူး ဖုန်ကျင်ထံ မျက်နှာချင်းဆိုင်လိုက်ပြီး တစ်ချက် ရယ်သွမ်းသွေးလိုက်ကာ....

'ဟင်းဟင်း....ငါဘယ်သူလဲ မကြာခင်သိမယ်၊ မင်းဘယ်သူလဲဆိုတာ အရင်ပြောစမ်း'

'အား....ကျွတ်ကျွတ် ဖြေပါမယ်'

မေးမြန်းရင်း မိကျောင်းစိမ်းခေါ်း လုပုိင်ချင်မှာ ကျားဘီလူး၊ ဖုန်ကျင်၏ညာလက်ဝါးကို အတွင်းအားသုံး၍ ဖိညှစ်လိုက်မှုကြောင့် ကျားဘီလူးဖုန်ကျင်ထံမှ နာခံသောလေသံ တုန်တုန်ရီရီပေါ်ထွက်လာသည်။

သည်တော့မှ မိကျောင်းစိမ်းခေါ်း လုပုိင်ချင်မှာ ဖိညှစ်မှုမှ အသာလျှော့ပေးလိုက်ရင်း....

'ကိုင်း ဒါဆိုပြော'

ကျားဘီလူး ဖုန်ကျင်က မဆိုင်းမတွပဲ တုံ့ပြန်ဖြေလာသည်မှာ....



'ကျုပ်....ကျုပ်နာမည် ကျားဘီလူးဖုန်ကျင်ပါ'

ယင်းအဖြေစကား ကြားလိုက်ရသည်နှင့် မိကျောင်းစိမ်းခေါ်း လုပုိင်က ပြုံးလိုက်ကာ....

'ဟင်း ဟင်း ဒါဆို ခင်ဗျားက ရှစ်မျက်နှာကျားရဲ့တပည့်ရင်းခေါက်ခေါက်ပေါ့'

'ကျုပ်က သူ့ရဲ့ ညာလက်ရုံးပါ'

'ဟာ....ရှစ်မျက်နှာကျားရဲ့တပည့်ညာလက်ရုံးနဲ့မှ လာထိပ်တိုက်ဆုံနေရတာကိုး'

'ခင်ဗျား ဘယ်သူလဲ'

'ငါက မိကျောင်းစိမ်းခေါ်းလုပိုင်ချင်ပဲ'

'ဒီအိမ်မှာ ဘာလာလုပ်တာလဲ'

စူးစမ်းဟန်ဖြင့်မေးလာသဖြင့် မိကျောင်းစိမ်းခေါ်းလုပိုင်ချင်က ခနဲ့ပြုံးပြုံးလိုက်ရင်း....

'ကျုပ် ဒီအိမ်မှာ ဘာလာလုပ်သလဲ ဆိုတော့ ခင်ဗျားတို့ခေါင်းဆောင်ကြီးနဲ့ ရင်ဆိုင်ဆုံတွေ့ချင်လို့ တကူးတက လာစောင့်နေတာပဲ'

'ဟင်...ဒါဆို ခေါ်ကျိုဟန်လာင်းတို့သားအမိရော ဒီမှာမရှိဘူးထင်တယ်'

'ဟုတ်တယ်'

'သူတို့ ဘယ်ထွက်သွားလဲ'

'ဒါတော့ ငါမသိဘူး'

ခေါင်းခါပြင်းဗိုက်ဘော ကျားဘီလူးဖုန်ကျင်မှာ ရင်ထဲ ထောင်းခနဲဒေါသထွက်သွားရပြီး လျှပ်တစ်ပြက်ပင် သူ့ဘယ် လက်ဝါးစောင်းဖြင့် မိကျောင်းစိမ်းခါးလုပိုင်ချင်၏ လည်ဘိုင် ကို ဝှေ့ယမ်းတိုက်ခိုက်ခုတ်ပိုင်းပိုက်သည်။

'ဝှစ်....'

'ဒိုး....'

'ဖောင်း'

သည့်တွင် မျက်စိလျှင်လွန်းသော မိကျောင်းစိမ်းခါးလု ပိုင်ချင်မှာ ကျားဘီလူးဖုန်ကျင်၏ ဘယ်လက်ဖဝါးရိုက်ချက်ကို သူ့ဘယ်လက်ဝါးဖြင့် ဝှေ့ယမ်းခုခံ ကာကွယ်လိုက်သည်။

ဟိုအခါ လေထုထဲဝယ် လက်ဝါးနှစ်ခုကိုပြင်းထန်စွာတွေ့ ဆုံရပြီး ဖောင်းခနဲမြည်သံကျယ်ကျယ်လောင်လောင်ပင် ပေါ် ထွက်လာခဲ့လေသည်။

ထိုစဉ် ဧရာမလူသန်ကြီးတစ်ဦး ဖြစ်သော်လည်း အတွင်း အားအဆင့်နိမ့်နေရသော ကျားဘီလူးဖုန်ကျင်မှာ နောက်သို့ ကိုယ်ယိမ်းယိုင်သွားရသည်။

သို့ရာတွင် မိကျောင်းစိမ်းခါး လုပိုင်ချင်မှာမူ အနေအထား မပျက်ရှိနေလေသည်။

ထိုအခိုက်မှာပင်....



မိကျောင်းစိမ်းခါး လုပိုင်ချင်သည် ညာခြေခုံနှင့် ကိုယ်ကို ယိမ်းယိုင်ကာ ကန်ချက်ပျက်ယွင်းနေရသော ကျားဘီလူးဖုန် ကျင်၏မျက်နှာဆီသို့ ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

'ဟိုင်း....'

'ဒို'

'ခွပ်'

'အူး'

'ဝုန်း'

'ဂျွတ်'

သည်တွင် ကျားဘီလူးဖုန်ကျင်သည် မိကျောင်းစိမ်းခါး လုပိုင်ချင်၏ညာခြေကန်ချက်ကို လုံးဝခုခံကာကွယ်နိုင်ခြင်း မရှိ ဘဲ သူ့မျက်နှာဆီမိမိရရထိမှန်သွားရပြီး စူးရှအော်ဟစ်သံနှင့် အတူ တဲခြရင်းဘက်ဝါးကြမ်းခင်းပေါ်သို့ လွင့်စင်ကျရောက် သွားရလေသည်။

ထိုစဉ် အမှိန် အဟုန် ပြင်းစွာ လွင့်စင်ကျမှုကြောင့် ဝါး ကြမ်းခင်းဂျွတ်ခနဲ ကျိုးကာ ကျားဘီလူးဖုန်ကျင် တစ်ယောက် ကြမ်းခင်းပေါက်ထဲ ကျွံဝင်သွားရ၏။

ထိုအချိန်မှာပင်....

တဲရှေ့သို့ ဓဝါထမ်းစင်ကို ထမ်းမလာကြသော ယောင့် တောင်တင်းဘင်းလူလေးယောက်တို့ ရွေ့လျား ရောက်ရှိလာ ကြလေသည်။

'ကိုကျားဘီလူးကြီး ခေါင်းဆောင်ကြီးစိတ်ဆိုးနေပြီ မိန်းကလေး အမြန်ခေါ်ထုတ်လာပါတဲ့'

ထိုသို့အော်ဟစ်ပြောဆိုရင်း ဓဝါစင်ထမ်းသမား လေးဦးတို့မှာ သူတို့ပခုံးထက်မှ ဓဝါစင်ကို မြေပြင်ပေါ်သို့ ဖြေးသာချလိုက်ကြသည်။

ထိုအချိန်၌ အဖွဲ့ခေါင်းဆောင် ရှစ်မျက်နှာကျား ရဲကျော်ပွားမှာ ခြံပေါက်ဝ အတွင်း၌ ရပ်လျက် တဲအိမ်ဆီသို့ မျက်မှောင်ကြုတ်လျက် လှမ်းအကဲခတ်ကြည့်ရှုနေ၏။

လျှောလျှောလျူလျူမရှိဘဲ ကြန့်ကြာမှုဖြစ်နေရသဖြင့် ရှစ်မျက်နှာကျား ရဲကျော်ပွားစိတ်ထဲ မကျေမချမ်းဖြစ်တည်ခံစားနေရလေသည်။

ထိုစဉ် ဝေါစင်ထမ်းသမားလေးဦးတို့သည် တဲအတွင်းမှ ဖုန်ကျင်၏တုံ့ပြန်သံလုံးဝထွက်ပေါ်လာခြင်းမရှိသဖြင့်တဲပေါ်သို့အလျင်အမြန်တက်ရောက်လိုက်ကြ၏။

'ဟိုင်း ဟိုင်း'

'ဝိုး ဝိုး'

'ခွပ် ခွပ် ဒုတ် ဒုတ်'

'အီး အူးအား အီး'

'ဘုန်း ဘုန်း ဘုန်း ဘုန်း'



တဲအတွင်းမှ အားယူမာန်တင်းသံ ခြေလက်လှုပ်ရှားသံ၊ နာနာကျင်ကျင် အော်ဟစ်သံများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာကြ၏။

တစ်ထက်တည်းပင်....

တဲပေါ်မှ ဝေါစင်ထမ်းအဖွဲ့သားလေးဦးတို့ တဲရှေ့မြေကွက်လပ်ပေါ်သို့ ပြိုင်တူလွင့်စဉ်ကျရောက်လာကြ၏။

ပြီး ယင်းလေးဦးတို့သည် မြေပြင်ပေါ်ဝယ် ညည်းတွား လူးလွန့်နေကြလေသည်။

ထိုအခြေအနေကို ခြံပေါက်ဝတွင်ရပ်၍ လှမ်းအကဲခတ်ကြည့်နေသော ရဲကျော်ပွားမှာ လှမ်းမြင်တွေ့ရပြီး...

'ဟင်....ဟိုကောင်တွေ တဲထဲက ဘယ်သူ တိုက်ခိုက်ထုတ်လိုက်သလဲမသိဘူး ငါသွားဦးမှပဲ'

ယင်းသို့ ရဲကျော်ပွားတွေးတောဆုံးဖြတ်လိုက်ပြီးနောက် သူ့နောက်ဘက်ရှိ အဖွဲ့သားငါးယောက်ထံ အကြည့်ရွှေ့ပြောင်းရောက်ရှိသွားရပြီး...

'ဟေ့ကောင်တွေ ငါ့နောက်လိုက်ခဲ့ကြ'

လှမ်းအမိန့်ပေးလိုက်တော့ ရှစ်မျက်နှာ ကျားအဖွဲ့သား ငါးယောက်တို့မှာ ပြိုင်တူဦးညွတ်လိုက်ကြ၏။

သည်နောက် ရဲကျိုပွားဦးဆောင်လျက် ရှစ်မျက်နှာကျား အဖွဲ့တို့ လူသွားလမ်းကျဉ်းအတိုင်း တစ်ဘက်သို့ ယိမ်းယိုင်နေသော တဲဆီသို့ ဦးတည်လျှောက်လှမ်းသွားကြလေတော့သည်။

* * *

အခန်း ( ၅ )

## ရှစ်မျက်နှာကျားကို ဖြိုခွင်းမယ့်သူ

သို့ဖြင့် ရှစ်မျက်နှာကျားရဲကျိုပွားတို့အဖွဲ့ တစ်ဖက်ဆိုင်နေသောတဲရှေ့သို့ ရောက်ရှိလာကြလေသည်။

သည်တွင် မြေပြင်ပေါ်၌ လူးလွန့်နေကြသော ဝေါထမ်းသမားလေးဦးကို ညည်းတွားရေရွတ်ရင်း လဲလျောင်းနေရာမှ ထရပ်လိုက်ကြလေသည်။

ထိုစဉ်....

ရှစ်မျက်နှာကျားရဲကျိုပွားမှာ ဝေါထမ်းသမား လေးဦးတို့ထံ မျက်မှောင်ကြုတ်ကြည့်ရင်း....

'ဟိတ်ကောင်တွေ၊ အထဲက ဘယ်သူ တိုက်ခိုက်လွှတ်လိုက်တာလဲ'

ပေါက်ဝမ်းမေးလိုက်တော့ ပေါထမ်းသမား အဖွဲ့ခေါင်းဆောင်ဖြစ်သည့် ဆင်ပြောင်ကြီးထန်ထိုက်ကျူက မဆိုင်းမတွပင် တုံ့ပြန်ဖြေလိုက်သည်မှာ....

'ခေါင်း....ခေါင်းဆောင်ကြီး အထဲ....ထဲမှာ ရန်....ရန်သူတစ်ဦး ရောက်နေပါတယ်'

မမျှော်လင့်သော အဖြေစကားကို ကြားလိုက်ရသည့် ရဲကျိုပွား၏ ထူထဲနက်မှောင်သော မျက်ခုံးအစုံတို့ အပေါ်မြင့်တက်သွားရပြီး....

'ဟင်....အဲဒီရန်သူ ဘယ်သူလဲ'

ဆင်ပြောင်ကြီးထန်ထိုက်ကျူက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....

'ကျွန်တော်မျိုး မသိပါဘူး ခေါင်းဆောင်ကြီး'

'အင်း....ကျားဘီလူးဖိုန်ကျင်ရော'

ဖိုန်ကျင် အရိပ်အယောင် မမြင်တွေ့ရ၍ ရဲကျိုပွားက ဆင်ပြောင်ကြီးထန်ထိုက်ကျူကို လှမ်းမေးလိုက်ခြင်း ဖြစ်လေသည်။

သည်တော့ ထန်ထိုက်ကျူက စိုးရိမ်ပူပန်ဟန်နှင့် ...

'ခေါင်းဆောင်ကြီး၊ ကျားဘီလူးဟာ ရန်သူလက်ချက်ကြောင့် သတိလစ်ပြီး ကြမ်းပေါက်ထဲ ကျွံကျနေပါတယ်'



ထိုအဖြေကြောင့် ရဲကျိုပွားမှာ ခံပြင်းဒေါသထွက်သွားရပြီး....

'ဘာကွ၊ ဒီကောင် ရန်သူလက်ချက်မိပြီး ကြမ်းပေါက်ထဲ ကျွံကျသွားပြီလား'

'ဟုတ်ပါတယ် ခေါင်းဆောင်ကြီး'

ထိုစဉ်မှာပင် တဲခေါင်မှ လူရိပ်တစ်ရိပ်ခုန်ပျံ၍ ရှစ်မျက်နှာကျား ရဲကျိုပွားရှေ့ မလှမ်းမကမ်း နေရာကွက်လပ်ဆီသို့ ကျရောက်လာလေသည်။

'ဟား ဟားဟား ဟုတ်ပါတယ်ရှစ်မျက်နှာကျားကြီးရယ်၊ ကျုပ် ခင်ဗျားရဲ့ညာလက်ရုံး ကျားဘီလူးဖုန်ကျင်ကို လောကကြီးနဲ့တစ်ခဏအဆက်ဖြတ်ထားလိုက်ပါတယ်'

ဟားတိုက်ရယ်မောပြောဆိုသံများကြောင့် ရှစ်မျက်နှာကျား ရဲကျိုပွားမှာ မခံချိမခံသာဖြစ်သွားရပြီး....

'မင်း....မင်းဘယ်သူလဲ၊ ဘာကြောင့် ငါတို့ကိစ္စထဲ ဝင်ရောက်နှောင့်ယှက်နေတာလဲ'

ဒေါသပေါက်ကွဲသံ ကျယ်ကျယ်လောင်လောင် လှမ်းမေးလာသဖြင့် မိကျောင်းစိမ်းလုပိုင်ကျင်က ထီမထင်သောဟန်နှင့် ရယ်သွမ်းသွေးလိုက်ပြီး....

'ဟင်း ဟင်း ခင်ဗျားတို့ကိစ္စထဲဝင်နှောင့်ယှက်တာမဟုတ်ဘူး၊ ဒေါ်ကျိတန်လင်းတို့သားအမိက ကျုပ်ကို အကူအညီတောင်းလို့ သူတို့ကိုယ်စား ခင်ဗျားနဲ့ ရင်ဆိုင်တွေ့ဆုံနေတာပဲ'

'ဟင် ဒါ ဒါဆို အဲဒီသားအမိ ဘယ်ရောက်သွားကြပြီလဲ'

နှမျောတုန်လှုပ်သံဖြင့် လှမ်းမေးလာတော့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်က ပြုံးလိုက်ကာ....

'သူတို့ မနေ့ညကတည်းက ဒီမြို့ကထွက်ခွာသွားကြပြီ'

ပြောတော့ ရှစ်မျက်နှာကျားရဲကျိုပွားမှာ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ထံ စူးစူးဝါးဝါး စိုက်ကြည့်ရင်း....

'သူတို့ ဒီသို့ ထွက်ပြေးသွားနိုင်အောင် ခင်ဗျား ကြံစည်ဆောင်ရွက်လိုက်တာမဟုတ်လား'

အော်ဟစ်မေးမြန်းလာသဖြင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ အပြုံးရိပ်ဖြင့် ခေါင်းအသာညိတ်လိုက်ကာ....

'ဟုတ်တယ်၊ လီဆန်လင်းဟာ ခင်ဗျားကိုမှမနှစ်မြို့ဘဲ ဘာကြောင့် ခင်ဗျားအရှိန်အဝါတွေ၊ ငွေကြေးတွေပေါက်ပြီးမိန်းကလေးစိတ်ဆင်းရဲအောင် လုပ်ရတာလဲ၊ ခင်ဗျားကြောင့် သူ့ကိုယ်သူတောင် သေကြောင်းကြံစီခဲ့တာ ခင်ဗျားသိလား'

'အော် ဂီကိစ္စမှာ မင်းဝင်ရှုပ်လို့ အခုလို ပျက်သုဉ်းသွားရတာ၊ ငါ....ငါ မင်းကို လုံးဝမကျေနပ်ဘူး'

ခံပြင်း ဒေါသထွက်စွာဖြင့် ကြိမ်းဝါး ပြောဆိုလာတော့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ ခနဲ့ပြုံး ပြုံးလိုက်ရင်း....

'ကျုပ် မှန်တာကိုဆောင်ရွက်တာပဲ၊ ခင်ဗျား မကျေနပ်လဲ ကျုပ်သောက်ဂရုမစိုက်ဘူး'

'ဟင်....မင်း သိပ် လူဝါးဝပါလား'

'ဟား ဟား ဟား ခင်ဗျား ငါးဖယ်ကပြောင်းပြန်ဖြစ်ပြီး နေရပြန်ပြီ၊ ကျုပ်ကလူဝါးဝတာမဟုတ်ဘူး၊ ခင်ဗျားကြီးက



ဒီမြို့မှာ သိုင်းသမားတော့စုပြီး နိမ့်ပါးတဲ့လူတွေအပေါ် အနိုင်ကျင့်တဲ့လူ၊ လူပါးဝနေတဲ့ လူ'

ယင်းသို့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင် ထိုးနှက်ပြောဆိုလိုက်သောစကားကြောင့် ရှစ်မျက်နှာကျား ရဲကျိုပွားမှာ ရှူးရှူးရှားရှားဖြစ်သွားရပြီး....

'မင်း....မင်း....ငါ့ကိုစော်ကားတဲ့ ကောင်၊ ငါ့အကြောင်းသိရစေမယ်'

ကြိမ်းဝါးပြောဆိုပြီးနောက် ရှစ်မျက်နှာကျား ရဲကျိုပွားမှာ ကျားသားရေခါးစည်းကြိုး၌ အသင့်ချိတ်ထားသော သံကျိမကျားလက်သည်းလက်အိတ်ကို ကပျာကယာဖြုတ်ယူလိုက်လေသည်၊

ပြီးလျှင် သူ ယင်းသံမကျိ ကျားလက်သည်း လက်အိတ်ကို လက်နှစ်ဖက်တို့တွင် လျင်မြန်စွာ စွပ်လိုက်သည်။

ထိုသို့ ရှစ်မျက်နှာကျားရဲကျိုပွားလှုပ်ရှားနေသည်ကို လုပိုင်ချင်မှာ မမှိတ်မသုန် စိုက်ကြည့်နေမိ၏။

ထိုအခိုက်မှာပင်....

ရှစ်မျက်နှာကျားအဖွဲ့သားကိုးဦးတို့မှာ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ကို ပတ်ပတ်လည်ဝိုင်းရံ လာကြလေသည်။

သည်တွင် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ ပတ်ပတ်လည်ဝိုင်းရံ လာကြသော ရှစ်မျက်နှာကျားအဖွဲ့သားများထံ လှမ်းအကဲခတ်ကြည့်ရှုလိုက်လေသည်။

ထိုစဉ် ရှစ်မျက်နှာကျား ရဲကျိုပွားသည် တစ်ဖက်သို့အာရုံရောက်နေသော မိကျောင်းစိမ်းခေါင်းလုပိုင်ချင်၏ဘယ်နံစောင်း

နေရာသို့ သူ့ညာသက်သံမဏိလက်သည်းချွန်များနှင့် မှတ်မထင် ဝေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

'ဝှီး....'

'ဝှစ်....'

'ဖြောင်း'

'ဟင်'

သည်တွင် မျက်စိလျှင်နားပါးလှသော မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ ရှစ်မျက်နှာကျား ရဲကျော်ပွား၏ သံမဏိများလက်ဝါးရိုက်ချက်ကို သူ့လက်ဖျံဖြင့် သွက်လက်လျင်မြန်စွာ ခထောင်ကာလိုက်၏။

ဒါကြောင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်၏ ဘယ်လက်ဖျံနှင့် ရှစ်မျက်နှာကျားရဲကျော်ပွား၏ ညာလက်ဖျံတို့ပြင်းထန်စွာ တွေ့ဆုံထိခိုက်သံ ကျွယ်ကျွယ်လောင်လောင်ထွက်ပေါ်လာလေသည်။

ထိုအခိုက်....

မိကျောင်းစိမ်းခေါင်းလုပိုင်ချင်သည် ညာခြေခုံဖြင့်ရှစ်မျက်နှာကျား ရဲကျော်ပွား၏ မျက်နှာဆီသို့ ဝေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

'ဟိုင်း'

'ဝှီး'

'ဝှစ်'

'ဖောင်း'



ထိုအခါ ရှစ်မျက်နှာကျားသည် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်၏ညာခြေကန်ချက်ကို သူ့ဘယ်လက်ဝါးဖြင့် ဝေ့ယမ်းခုန်ကာကွယ်လိုက်သည်။

ဒါကြောင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်၏ညာခြေကန်ချက်မှာ ထိရောက်မှုမရှိတော့ချေ။

ထိုစဉ် ရှစ်မျက်နှာကျားအဖွဲ့သားသုံးဦးတို့သည် လုပိုင်ချင်ထံ ဆောင်ခေါင်းကိုယ်စီဖြင့် ပြိုင်တူခုန်ပျံ တိုက်ခိုက်လာကြလေသည်။

'ယား'

'ဝှစ် ဝှစ် ဝှီး'

'ထန် ထန် ချွင်'

သည်တွင် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်လည်း ဝိုင်းချခုန်ပျံ တိုက်ခိုက်လာကြသော ဓားချက်များကို သူ့ မိကျောင်းစိမ်းခေါင်းကို ရုတ်တရက်သွက်လက်လျင်မြန်စွာ ဝေ့ယမ်းခုန် တိုက်ခိုက်လိုက်၏။

တောတောင်တိတ်ဆိတ်စွာငြိမ်သက်နေသော ဖရိုဖရဲခြုံဝင်းအတွင်းမှာ....

အခုတော့ အားယူမှာန်တင်းသံများ ခေသထု ဓားများ ဝိုင်းဖြတ်သံများနှင့် ဓားခ ားချင်း ပြင်းထပ်စွာ ထိခိုက်သံ စသည့်အသံဗလံတို့ ရုတ်ခြည်း လွှမ်းခြုံသွားရလေ၏။

သို့ဖြင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်နှင့်ရှစ်မျက်နှာကျား အဖွဲ့သားတို့ ရင်ဆိုင်တိုက်ခိုက်ကြရာ ရေနွေးအိုးတစ်လုံးကျက်

ခန့်ကြာသောအခါ ရှစ်မျက်နှာကျားအဖွဲ့သားတို့ ထိခိုက်ဒဏ်ရာရကုန်ကြလေသည်။

ဒါကြောင့် ရှစ်မျက်နှာကျား ရဲကျိုပွားမှာ သူတို့ရှုံးနိမ့်မှုနှင့် ရင်ဆိုင်နေရကြောင်း သုံးသပ်မိလိုက်သည်။

သည်တွင် အခြေမလှဖြစ်နေရသော ရှစ်မျက်နှာကျား ရဲကျိုပွားမှာ ခံပြင်းဒေါသထွက်၍ လုပိုင်ချင်ကို သံမဏိကျားလက်ဝါးချွန်တို့ဖြင့် သဲသဲမဲမဲ ဖိနှိပ်တိုက်ခိုက်လေသည်။

'ယား ယား'

'ဗှီး ဗှီး'

'ဟူး ဟူး'

ထိုအခါ လုပိုင်ချင်သည် အရှိန်အဟုန် ပြင်းထန်စွာ တရကြမ်းတိုက်ခိုက်နေသော သံမဏိကျားလက်ဝါးရိပ်များကြားဝယ် မိကျောင်းစိမ်းကြီးတစ်ကောင် လှိုင်းတံပိုးများအကြား လျင်မြန်စွာ ကူးခတ်နေသကဲ့သို့ ပွတ်သီးပွတ်ကာ သည်းထိတ်ရင်ဖို ရှောင်တိမ်းလိုက်၏။

ထိုအချိန်တွင်...

ရှစ်မျက်နှာကျားအဖွဲ့သားတို့သည် လုပိုင်ချင်နှင့် ရှစ်မျက်နှာကျားတို့ ဖကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို လှမ်းကြည့်ကြရင်း အံ့သြဘနန်း ဖြစ်နေကြ၏။

ထိုစဉ် ရှစ်မျက်နှာကျား ရဲကျိုပွားမှာ လုပိုင်ချင်ကို ထိရောက်စွာ မတိုက်ခိုက်နိုင်သဖြင့် ခံပြင်းဒေါသထွက်ကာ သဲသဲမဲမဲ ဖိနှိပ်တိုက်ခိုက်ခြင်းဖြစ်၏။



လုပိုင်ချင်သည် တမင်တုံ့ပြန်တိုက်ခိုက်ခြင်းမရှိဘဲ ရှစ်မျက်နှာကျား ရဲကျိုပွား ဒေါသထွက်သထက်ထွက်အောင် မခံချင်စိတ် ဖြစ်သထက်ဖြစ်အောင် **သံမဏိကျားလက်ဝါး**ရိုက်ချက်များကို လှလှပပ ပွတ်သီကပ်သီ ရှောင်တိမ်းပြနေခြင်းဖြစ်သည်။

နောက်ဆုံးအချိန်ကြာလာသည်နှင့်အမျှ သိုင်းလေ့ကျင့်မှုတွင် နည်းပါးပြီး အပျော်အပါး သောက်စားမှုတွင် ရစ်မူးနေသော ရှစ်မျက်နှာကျား ရဲကျိုပွားမှာ မောဟိုက်ပင်ပန်းလာရလေသည်။

ဤသည်ကို ရိပ်စားမိလိုက်ရသော လုပိုင်ချင်မှာ ရှစ်မျက်နှာကျား ရဲကျိုပွား၏ ဟာကွက်ကို အလစ်ချောင်းမြောင်းနေသည်။

သိပ်မကြာလိုက်ပါချေ။

လုပိုင်ချင်မှာ မောဟိုက်နွမ်းလျမှုကြောင့် လှုပ်ရှားမှုနှေးကွေးလာရသော ရှစ်မျက်နှာကျားရဲကျိုပွား၏ လစ်ဟာချက်ကို ရှာဖွေတွေ့ရှိလိုက်လေသည်။

လုပိုင်ချင်သည် သူ့ခေါင်းထက်ပေါ်သို့ ရှစ်မျက်နှာကျား ရဲကျိုပွား၏ **သံမဏိကျားလက်ဝါး**လျှပ်တစ်ပြက်အုပ်မိုးရိုက်ချလာသည်ကို သွက်လက်ဖြတ်လတ်စွာ ဒူးစုံညွတ်၍ ခေါင်းငုံ့ရှောင်တိမ်းလိုက်၏။

ထိုအခိုက်မှာပင်...

လုပုိင်ချင်သည် ရှစ်မျက်နှာကျား ရဲကျုိပွား၏ လှစ်ဟာသွားရသော ဝမ်းပုိက်နေရာသို့ သူ့ မိကျောင်းစိမ်းဓားဖြင့် ဝ ယမ်းတိုက်ခိုက်လိုက်၏။

'ဟိုင်း....'

'ဝှစ်....'

'ရှပ်....'

'အူး....ဟူး ဟူး

ယုံးပ ခုခံကာကွယ်နိုင်ခြင်းမရှိသော ရှစ်မျက်နှာကျား ရဲကျုိပွား၏ ဝမ်းပုိက်နေရာသို့ မိကျောင်းစိမ်းဓားဖျား တစ်ချက်ထိမှန်သွားရသည်။

ဒါကြောင့် ရှစ်မျက်နှာကျား ရဲကျုိပွားမှာ စူးရှနာကျင်စွာ အော်ဟစ်ရင်း မြေပြင်ပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားရ၏။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ရှစ်မျက်နှာကျားအဖွဲ့သားတို့ အံ့သြတုန်လှုပ်သွားကြရ၏။

ထိုအခိုက် လုပုိင်ချင်သည် မှင်တက်မိနေကြရသော ရှစ်မျက်နှာကျားအဖွဲ့သား လေးဦးထံမှ မိကျောင်းစိမ်းဓားဝှ ယမ်း၍ မိုးခြိမ်းသံကဲ့သို့ အားယူမာန်ဘင်းသံနှင့်အတူ ခုန်ပျံ တိုက်ခိုက်လိုက်လေသည်။

'ဟိုင်း....'

'ဝှစ် ဝှစ်'

'ရှပ် ရှင်'

'အီး အူး'

'ဘုတ် ဘုတ် ဘုတ်'



ထိုစဉ် ရှစ်မျက်နှာကျားအဖွဲ့သားနှစ်ဦးတို့ မိကျောင်းစိမ်းဓားကိုယ်စီထိမှန်သွားကြရပြီး နာကျင်စွာအော်ဟစ်အော်ရင်းမြက်ခင်းပြင်ပေါ်သို့ ပြိုလဲကျဘုန်သည်။

နောက်ဆုံး ရှစ်မျက်နှာကျားအဖွဲ့ကို ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ခြုံဝန်းထဲမှ မနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ခြေကုန်သုတ်ထွက်ပြေးကြလေတော့သည်။

သည်နောက်တော့ ခြံဝန်းအတွင်း၌ ဓာတ်ချာတာရဲ ရှိနေကြသော ရဲကျိပွားနှင့်အဖွဲ့သားလေးဦးတို့သာ ကျန်ရစ်ခဲ့လေသည်။

ထိုအခါ လုပိုင်ချင်သည် ရဲကျိပွားနှင့်အဖွဲ့သားလေးဦးတို့ကို ဖမ်းဆီးချုပ်နှောင်ပြီး ရန်ကျုးမြို့ခမြောက်ဘက် ရပ်ကွက်ရှိ မြို့လုံခြုံရေးရဲမက်စခန်းဆီသို့ ခေါ်ဆောင်သွား၏။

ရဲမက်စခန်းရောက်တော့ လုပိုင်ချင်မှာ ရဲကျိပွားအဖွဲ့ကို ဆင်းရဲဒုက္ခရောက်နေသော မုဆိုးမဒေါ်ကျိဟာန်လင်းတို့ သားအမိအပေါ် လူအင်အားဖြင့် အနိုင်ကျင့်အကြပ်ကိုင်ပြီး အလိုမတူသော ဒေါ်ကျိဟာန်လင်း၏ သမီးဖြစ်သူ လီဆန်လင်းကို အကြပ်ကိုင်၍ ပေါင်းသင်းရန် အဓမ္မကြံစည်မှု စသည့်အမှုတို့ကို ဖွင့်ကာ စခန်းရဲမက်တပ်ဗိုလ်ကြီး ရှန်လျှံကျူးထံ အမှုဖွင့်တိုင်ကြားလေ၏။

သည်တော့...

တပ်ဗိုလ်ကြီး ရှန်လျှံကျူးက အမှုဖွင့်တိုင်ကြားလာသော လုပိုင်ချင်ထံ အဓိပ္ပာယ်ပါပါပြုံးကြည့်ရင်း....

'အေးဗျာ လုပိုင်ချင်အမှုဖွင့်နေလို့သာ အမှုတွဲစာရင်းမှာ ရေးမှတ်နေဟာ ကျုပ်တော့ စာရွက်နဲ့မှင်ကုန်မှာပဲနှမြောမိတယ်'

ထိုသို့ တပ်ဗိုလ်ကြီး ရှန်လျှံကျူးထံမှ လုံးဝမမျှော်လင့်သော ထိုစကားကိုကြားလိုက်ရသည့် လုပိုင်ချင်မှာ နားမလည်နိုင်ဟန်ဖြင့်....



'ဗိုလ်ကြီး ဒီစကားကို ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ ပြောလိုက်တာလဲ ဘာလဲ ဒီမြို့မှာဥပဒေမဲ့ ဆိုးသွမ်းနေတဲ့ ရဲကျိပွားကို ထိထိရောက်ရောက်အရေးမယူနိုင်ဘူးလား'

မကျေမနပ်ဖြစ်စွာဖြင့် ပြောဆိုလိုက်သောကြောင့် လုပိုင်ချင်၏စကားသံမှာ မာကြောလွန်းလျက်ရှိနေ၏။

သည်တော့ တပ်ဗိုလ်ကြီးရှန်လျှံကျူးက သက်ပြင်းမသိမသာချလိုက်ပြီးမှ....

'ကျုပ်ဘာကြောင့် သည်အမှုတင်ရင် စာရွက်ကုန်မှင်ကုန်လို့ပြောရသလဲဆိုတော့ ဒီရဲကျိပွားအမှုနဲ့ပတ်သက်ပြီး တရားခုံရုံးတော်ပေါ် လေးငါးကြိမ်ခန့် တင်ခဲ့ပါတယ်၊အဲဒီတရားခုံရုံးရောက်တော့ သူ့ကိုတရားသေလွှတ်ပေးခဲ့တာချည်းပဲ နောက် ရှစ်မျက်နှာကျားဟာ သူလုပ်ချင်ရာဆက်လုပ်နေတော့တာပဲ'

ထိုစကားကြားလိုက်ရသည်နှင့် လုပိုင်ချင်မှာ ခံပြင်းဒေါသထွက်သွားရပြီး....

'နေစမ်းပါဦးဗိုလ်ကြီး တရားခုံရုံးတော်မှာ အမိန့်ချတဲ့သူက ဘယ်သူလဲ'

သိချင်ဇောဖြင့် လှမ်းမေးလိုက်တော့ တပ်ဗိုလ်ကြီးရှန်လျှံကျူးက မဆိုင်းမတွပင် တုံ့ပြန်ဖြေလာသည်မှာ....

'မြို့အုပ်ချုပ်သူ ဟူကျိန်ပါ'

'ဟုတ်ပြီ ဒီမယ်ဗိုလ်ကြီး အခုတစ်ခါ ရဲကျိပွားအမှုနဲ့ပတ်သက်ပြီး တရားသေလွှတ်စရာ မလိုပါဘူး သူ့ထိုက်သင့်တဲ့ အပြစ်ကိုခံစားစေရမှာပါ ဒီအမှုသာ မြို့တရားရုံးတော်ရောက်အောင်ဗိုလ်ကြီးတင်ဖြစ်အောင်တင်လိုက်ပါ'

ယင်းသို့ လုပိုင်ချင်မှာ အာမခံ၍ ပြောလာသည်ကိုကြား လိုက်ရသော စခန်းတပ်ဗိုလ်ကြီး ရှန်လျှို ကျူးမှာတအံ့တဩ ဖြစ်သွားရလေသည်။

ပြီးမှတပ်ဗိုလ်ကြီး ရှန်လျှိုကျူးမှာ ခေါင်းလေးတွဲစွာ ညိတ်လိုက်ရင်း....

'ကောင်းပြီလေ ဒါဆိုလဲ ဒီအမှုတွဲကို မြို့တရားခုံရုံးတော် ရောက်အောင် တင်ပို့ပေးလိုက်ပါမယ်ဗျာ'

ပြောတော့ မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ ကျေးဇူးတင် ရစ်သောလေသံဖြင့်....

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဗိုလ်ကြီး'

'တကယ်လို့သာ ကိုလုပိုင်ချင် ပြောသလို ရဲကျိုပွားတစ် ယောက် ထိုက်သင့်တဲ့အပြစ်ဒဏ် ကျခံသွားရမယ်ဆိုရင် ကျုပ် တို့ ရဲမက်တစ်ဖွဲ့လုံးက ခင်ဗျားကို ပိုပြီး ကျေးဇူးတင်ရမှာ ပါ'

'ဗိုလ်ကြီး ကျွန်တော်ဟာ ပြောပြီးရင် ဖြစ်အောင်လုပ် တတ်တဲ့ မိကျောင်းစိမ်းခေါး မမှန်ကန်မှုဆိုရင် ကိုယ့်မိဘဆွေ မျိုးတောင် မညှာတတ်ပါဘူး၊ ကဲ....ဗိုလ်ကြီး ပြန်ခွင့်ပြုပါဦး'

ထိုသို့ လုပိုင်ချင်မှာ နှုတ်ဆက်စကားဆိုပြီးနောက် ထိုင်ရာ မှထရပ်လိုက်သည်။

ပြီး သူတပ်ဗိုလ်ကြီးရှန်လျှိုကျူးကို ဦးညွှတ်အလေးပြုပြီး နောက် ရုံးခန်းထဲမှ ကျောခိုင်းထွက်လာခဲ့လေသည်။

ထိုအချိန်တွင်မူ....



တပ်ဗိုလ်ကြီးရှန်လျှိုကျူးမှာ စားပွဲရှေ့မှ ကျောခိုင်းထွက် ခွာသွားသော လုပိုင်ချင်၏ ကျောပြင်ကို ငေးရီကြည့်ရင်း သက်ပြင်းမောကြီးတစ်ချက် ချလိုက်မိလေသည်။

'အင်း.... ဒီလုပိုင်ချင်ရဲ့ ဉပဓိရုပ်ခန့်မှန်းရတာ ပြောတဲ့ အတိုင်း ဖြစ်အောင်လုပ်မယ့်လူပဲ၊ ဒါ....ဒါဆိုရင် ဒီလူ ကျောက်နံရံကြီးကို ခေါင်းနဲ့ဖြိုခွင်းရဦးမှာပေါ့'

ယင်းသို့ တပ်ဗိုလ်ကြီးရှန်လျှိုကျူးတစ်ယောက် လုပိုင်ချင် အကြောင်းကို ရေရွတ်ပြောဆိုနေချိန်မှာပင်....

လုပိုင်ချင်သည် အုန်းခွံရောင်မြင်းညိုကြီးကို စိုင်းနှင်၍ ရဲမက်စခန်းဝင်းထဲမှ ထွက်ခွာသွားပြီ ဖြစ်လေသည်။

သို့နှင့် ရန်ကျူမြို့လယ်သို့ရောက်သောအခါ မွန်းလွဲနာရီ မောင်းတစ်ချက်တည်း ရှိနေချေပြီ။

ဒါကြောင့်....

သူ နံနက်စာစားသောက်ရန်အတွက် မြို့လယ် ပင်မဈေး ကြီး၏ မျက်နှာချင်းဆိုင်ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်ရောက်ခဲ့လေသည်။

ယင်းစားသောက်ဆိုင်၏နာမည်ကား ရွှေနဂါးစားသောက် ဆိုင်ပင် ဖြစ်လေသည်။

သူ စားသောက်ဆိုင်အတွင်းသို့ရောက်တော့ စားသောက် သူ အနည်းအကျဉ်းသာ ရှိနေသည်ကို တွေ့မြင်လိုက်ရလေ သည်။

ပြီး သူသည် ပြတင်းပေါက်အနားရှိ စားပွဲဝိုင်းရှိရာသို့ ဦးတည်လျှောက်လှမ်းသွားသည်။

ယင်း စားပွဲဝိုင်းရောက်သည်နှင့် ရှည်မွန်သော စားပွဲထိုး လူငယ်တစ်ယောက် သွက်သွက်လက်လက် ရောက်ရှိလာသလေသည်။

'အစ်ကို ဘာသုံးဆောင်မလဲ ခင်ဗျာ'

ယင်းကျေးစွာ လှမ်းမေးလာသဖြင့် လုပိုင်ချင်မှာ နှဖူး ကြောတစ်ချက်ကြုတ်၍ တွေးတောစဉ်းစားလိုက်ပြီးမှ....

'ညီလေး ကိုယ့်ကို ဝါးရွက်စိမ်းတစ်အိုး၊ အူနုသုတ်တစ်ပွဲ နဲ့ ဝါးခေါင်းဟင်းချိုတစ်ပွဲ လုပ်ကွာ၊ စားဖို့က နောက်မှမှာ မယ်'

မှာကြားလိုက်တော့ စားပွဲထိုးလူငယ်မှာ ခေါင်းအသာ ညိတ်လိုက်ကာ....

'ဟုတ်ကဲ့ပါခင်ဗျာ'

သည်နောက် စားပွဲထိုး ယယ်မှာ ကျောခိုင်း၍ ခပ်သွက် သွက် လျှောက်လှမ်းသွားလေသည်။

သည်တွင် လုပိုင်ချင်သည် ပြတင်းပေါက် အပြင်ဘက်သို့ အကြည့်ရောက်ရင်း....

'အင်း....မြို့အုပ်ချုပ်သူဟူကျိုန်ဟာ ဘယ်မှာနေထိုင်သလဲ မသိဘူး၊ ဘယ်သူ့ကိုမေးရင် ကောင်းမလဲ'

ယင်းသို့ လုပိုင်ချင်တစ်ယောက် တွေးတော စဉ်းစားနေ နိုက်မှာပင် စားပွဲထိုးလူငယ်တစ်ယောက် လင်ဗန်းတစ်ချပ်ဖြင့် ပစ္စည်းပစ္စယများ သယ်ဆောင်လျက် ရောက်ရှိလာလေသည်၊



အနားရောက်တော့ စားပွဲထိုးလူငယ်မှာ လင်ဗန်းပေါ်မှ အရက်အိုး၊ အရက်ခွက်နှင့် အမြည်းပန်းကန်များကို စားပွဲဝိုင်း ပေါ်သို့ အစီအရီ တည်ခင်းလိုက်လေသည်၊

ထိုစဉ်....

လုပိုင်ချင်မှာ ရုပ်ရည် ကနားကမားရှိသော စားပွဲထိုး လူငယ်ထံ အကြည့်ရောက်ကာ....

'ညီလေး'

လေးစားဟန်ဖြင့် လှမ်းခေါ်လိုက်တော့ စားပွဲထိုးလူငယ် ၏ နုစဝ်သောမျက်နှာကလေး သူ့ထံ လှည့်ပြောင်းလာချိုး ရိုကျိုးသံဖြင့် ကို ပြန်ထူးလာသည်မှာ....

'ခင်ဗျာ၊ သာအသိုရှိပါသလဲ အမိန့်ရှိပါ'

မေးလာတော့ မိကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ အသာ အယာပြုံးလိုက်ပြီး....

'အော်....ညီလေးကိုတစ်ခုမေးစရာရှိလို့ပါ'

ထိုစကားကြောင့် စားပွဲထိုးလူငယ် မျက်လုံးအစုံဝိုင်း ကျယ်သွားပြီး....

'ဘာများမေးမလို့လဲ အစ်ကို'

'တခြားမဟုတ်ပါဘူးကွာ၊ ဒီမြို့ မြို့အုပ်ချုပ်သူ ဟူကျိုန် ဘယ်မှာနေသလဲဆိုတာ မင်းသိသလား'

ထိုအခါ စားပွဲထိုးလူငယ်မှာ အပြုံးရိပ်ဖြင့် ခေါင်းညိတ် လိုက်ပြီး....

'ဟာ...သိပါတယ် အစ်ကို၊ တစ်ခါတစ်ရံ မြို့အုပ်မင်းကြီးဟာ ကျွန်တော်တို့ စားသောက်ဆိုင်လာပြီး စားသောက်လေ့ ရှိပါတယ်'

'အော်...မြို့အုပ်မင်းဟာ လက်စသတ်တော့ မင်းတို့ဆိုင်ရဲ့ ဖောက်သည်ကြီးကိုး'

'ဟုတ်ပါတယ်ခင်ဗျာ၊ မြို့အုပ်မင်းကြီးက မြို့ရှေ့ရပ်ကွက်မှာ ခြံကြီးဝန်းကြီးနဲ့နေထိုင်ပါတယ်'

'အေးကွာ ကျေးဇူးပါပဲ'

သည်နောက် စားပွဲထိုးလူငယ်မှာ မိကျောင်းစိမ်းဓား လုပိုင်ချင်ကို ဦးတစ်ချက်ညွတ်ပြီး စားပွဲဝိုင်းနားမှကျောခိုင်းထွက်ခွာသွား၏၊

သို့နှင့် လုပိုင်ချင်က အချိန်ဖြုန်းလို၍ တမင်အချိန်ဆွဲစားသောက်လိုက်၏။

ဒါကြောင့် မှောင်ရီပျိုးမှ သူ၏ စားသောက်ခြင်းအမှုတို့ ပြီးဆုံးသွား၏၊

ပြီးနောက် မိကျောင်းစိမ်းဓား လုပိုင်ချင်သည် ကုန်ကျစရိတ်ကို ရှင်းလင်းပြီး ရွှေနဂါးစားသောက်ဆိုင်မှ ဖဲ့ကြဲ ထွက်လာခဲ့သည်၊

ထိုအချိန်တွင်မူ

ယင်းရွှေနဂါး စားသောက်ဆိုင်အတွင်း၌ စားသောက်သူများ စည်စည်ကားကားနှင့် ဆူဆူညံညံ ရှိလာရသည်၊

သို့ဖြင့် အချိန်ကား နာရီမောင်း ရှစ်ချက်တီးအချိန်သို့ ရောက်ရှိလာရ၏။



ထိုအချိန်၌ မဟူရာညကောင်းကင်ပြင်၌ သီတဂူလပြည့်ဝန်းကြီးမှာ ထိန်ထိန်သာလျက်ရှိ၏။

ဒါကြောင့် ရန်ကျူးမြို့တစ်မြို့လုံး ငွေလရောင်ဖြန့်ကျက်ထားမှုကြောင့် ထိန်ထိန်ဝင်းလက်ကာ သာယာစွာရှိနေရလေသည်၊

ထိုသို့သောအချိန်အခါမျိုးတွင် ရန်ကျူးမြို့ကို အုပ်ချုပ်သူ ဟူကျိန်တစ်ယောက်မှာ လသာဆောင် ဝရံတာအပြင်ဘက်ထွက်လျက် လရောင်အောက်ဝယ် ယမကာကိုအဖော်ပြုလျက် ယစ်မူးနေ၏။

သူသည် ပန်းတစ်ရာအရက်ကို တစိမ့်စိမ့်အရသာခံသောက်ရင်း မဟူရာကောင်းကင်ပြင်၌ ပြည့်စက်စွာ သာထွန်းနေသည့် သီတဂူလမင်းကြီးအား ငေးရီကြည့်လျက် ချမ်းမြေ့ကြည်နူးမှု ဖြစ်ထွန်းနေ၏။

'အင်း....ကောင်းကင်က လမင်းကြီးကတော့ အပူအပင် ကင်းမဲ့စွာနဲ့ အေးအေးချမ်းချမ်း သာထွန်းနေတယ်....ငါတို့ လူသားတွေမှာတော့ လောဘ၊ ဒေါသ မောဟတွေကြားထဲ တဝဲလည်လည်နဲ့ ဒုက္ခများနေကြရတာပဲ'

ယင်းသို့ မြို့အုပ်ချုပ်သူ ဟူကျိန်မှာ သော်တာလမင်းကြီးကို ငေးရီကြည့်ရင်း တရားကျစွာ သူ့နှုတ်မှ ရေရွတ်ပြောဆိုနေမိ၏။

ပြီးမှ သူ အရက်ခွက်ကိုကောက်ကိုင်၍ ပန်းတစ်ရာအရက်တစ်ကျိုက်မော့သောက်လိုက်၏။

နောက် သူ လက်ထဲမှကုန်စင်သွားသော အရက်ခွက်ကို စားပွဲပေါ်သို့ အသာအယာချလိုက်ပြီး တူတစ်စုံကောက်ယူလိုက်၏။

ပြီးသူ အမြည်းပန်းကန်ထဲမှ ဆတ်အူနှပ်သုတ်အမြည်းအချို့ကို တူအစုံဖြင့် လှမ်းညှပ်ယူပြီး ပါးစပ်ထဲထိုးသွင်းကာ အရသာခံ၍ တမြုံ့မြုံ့ စားသောက်လိုက်၏။

ထိုအခိုက်မှာပင်....

'ဟူး'

'ဘုတ်'

'ဟင်'

အစိမ်းရောင်အရိပ်တစ်ရိပ် လေပွေတိုက်ခတ်သကဲ့သို့ အနိန်အဟုန်ပြင်းပြင်းနှင့် ဝရံတာကိုကျော်လွှားကာ လသာဆောင်ပေါ်သို့ ဟူးခနဲ ပျံသန်းရောက်ရှိလာ၏။

ယင်းသို့ မမျှော်လင့်သော အခြေအနေကို လှမ်းမြင်တွေ့လိုက်ရသည့် မြို့အုပ်ချုပ်သူဟူကျိန် အံ့သြတုန်လှုပ်စွာဖြင့် 'ဟင်' ဟူသော အာမေဍိတ်သံကို လွှတ်ခနဲရေရွတ်မိလိုက်၏။

ထိုစဉ် အစိမ်းရောင်လူရိပ်သည် မှင်သက်မိစွာ လှမ်းကြည့်နေသော မြို့အုပ်ချုပ်သူဟူကျိန်ထံ တရွေ့ရွေ့ ချဉ်းကပ်ရောက်ရှိသွားသည်။

ထိုအခါကျမှ....

မြို့အုပ်ချုပ်သူဟူကျိန်မှာ သက်ဝင်လှုပ်ရှားလာပြီး....



'မင်း...မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါ့စံအိမ်တော်ပေါ် ကျူးကျော်ရောက်လာရသလဲ'

စားပွဲဝိုင်းဆီသို့ တရွေ့ရွေ့ ချဉ်းကပ် ရောက်ရှိလာသော အစိမ်းရောင်လူရိပ်ထံ မြို့အုပ်ချုပ်သူဟူကျိန်မှ လက်ညှိုးငေါက်ငေါက်ထိုးညွှန်ရင်း အော်ဟစ် မေးမြန်းလိုက်လေသည်။

သည်တော့ အစိမ်းရောင်လူရိပ် ပြုံးလိုက်ရင်း....

'ဟား ဟား မြို့အုပ်မင်း ခင်ဗျားရိုယာယ်နဲ့ ခင်ဗျားလို ခြံစောင့်အဖွဲ့တွေကြားအောင် အသံပြုပြောလဲ့ ခင်ဗျားအဖွဲ့တွေ လရောင်အောက် မြက်ခင်းပြင်ပေါ်မှာ သေသောက်ကြီးနဲ့ တခဏ အဆက်ပြတ်ကုန်တော့ ဘယ်ကြားနိုင်စွမ်းရှိတော့မှာလဲ၊ ကျုပ် ရန်သူမဟုတ်ပါဘူးလေ၊ မြို့အုပ်မင်းနဲ့ သီးသန့် ဆွေးနွေးစရာရှိလို့ အခုလိုမဖိတ်ခေါ်ဘဲ ရောက်လာရတာပါ'

အကျွတ်မထောက်ပြောလိုက်တော့မှ မြို့အုပ်ချုပ်သူ ဟူကျိန်မှာ စိတ်လျော့ကာ ငြိမ်ငြိမ်ကုတ်ကုတ် ဖြစ်သွားလေသည်။

စင်စစ်တော့ မြို့အုပ်ချုပ်သူဟူကျိန်ထံ မဖိတ်ခေါ်ဘဲ ရောက်ရှိလာသူမှာ မိကျောင်းစိမ်းဓား လုပိုင်ချင်ပင် ဖြစ်လေသည်။

သည်နောက် မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ဣန္ဒြေရရပင် မြို့အုပ်ချုပ်သူဟူကျိန်၏ မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံတစ်လုံးတွင်ဝင်ရောက်ထိုင်လိုက်သည်။

ထိုအခိုက် မြို့အုပ်ချုပ်သူ ဟူကျိန်သည် မိကျောင်းစိမ်းဓား လုပိုင်ချင်ထံ မျက်မှောင်ကြုတ်ကြည့်ရင်း....

'မင်း ဘယ်သူလဲ၊ ငါနဲ့ သီးသန့်ဘာအကြောင်းများဆွေးနွေးစရာရှိလို့လဲ'

ခပ်လော့လော့လေးဖြင့် မေးမြန်းလာတော့ မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ အသာအယာပြုံးလိုက်ကာ....

'ဟား....ဟင်း မြို့အုပ်မင်းကလဲ ကျွန်တော်တစ်ခုချင်းဖြေပါရစေ၊ ကျွန်တော်က မိကျောင်းနှစ်ကောင် အာခံမှာနက အဖွဲ့ခွဲခေါင်းဆောင် မိကျောင်းစိမ်းဓားလုပိုင်ချင်ပါ'

'ဩော်....မင်းလဲ ဝန်ထမ်းတစ်ဦးကိုး'

'မှန်ကန်တဲ့ဘက်က အမြဲရပ်တည်နေတဲ့ ဝန်ထမ်းကောင်းတစ်ဦးဆိုပါတော့၊ မြို့အုပ်မင်းထံ လာရောက်တဲ့ကိစ္စကတော့ ဒီမနက်ပိုင်းလောက်က အမှုတစ်ခုကို ရဲမက်စခန်းမှာ ကျွန်တော်တရားခံပါဖမ်းဆီးပို့ဆောင်ပြီး အမှုဖွင့်ခဲ့ပါတယ်'

စကားမဆုံးခင်ပင် မြို့အုပ်ချုပ်သူဟူကျိန်က မကြေမချမ်းလေသံပါပါနှင့် ကြားဖြတ် ဝင်ရောက်ပြောဆိုလာသည်မှာ....

'ဒါဆို ဒီအမှုငါ့ရုံးတော် ရောက်လာရင် သူ့အမှုတွဲကို ဖတ်ရှုပြီး ထိုက်သင့်တဲ့အပြစ်ဒဏ်ချမှတ်လိုက်မှာပေါ့၊ ဒီအတွက်နဲ့ ငါ့စံအိမ်တော်ထဲ ကျူးကျူးကျော်ကျော် မင်းဝင်ရောက်လာစရာအကြောင်းမရှိဘူး'

အပြစ်တင်ပြောဆိုလာသဖြင့် မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ မြို့အုပ်ချုပ်သူ ဟူကျိန်ထံ သူ့ညာလက်ထောင်ပြကာ ပြရင်း....

'နေ....နေပါဦး မြို့အုပ်မင်း၊ ကျုပ်စကားကို ဆုံးအောင်နားဆင်တော်မူပါဦးလေ'

ပြောဆိုပြီး သူ့အကြည့် ပန်းတစ်ရာ အရက်အိုးထံ ရွှေ့ပြောင်းရောက်ရှိသွားလေသည်၊



ပြီးမှ သူအသာအယာ ပြုံးလိုက်ရင်း....

'စကားပြောရင်း အာခြောက်လာလို့ မြို့အုပ်မင်း ကျွန်တော်မျိုးကို ယမကာလေးနဲ့ ဧည့်မခံတော့ဘူးလား'

ခနဲ့တဲ့တဲ့ပြောလိုက်တော့ မျက်နှာထားထင်းတင်း မာနေရသော မြို့အုပ်ချုပ်သူ ဟူကျိန်ကနှုတ်ခမ်းတစ်ချက်မဲ့လိုက်ရင်း.

'မင်းဟာ ငါ့ဧည့်သည်မှ မဟုတ်ဘဲ ငါ ဧည့်မခံနိုင်ဘူး၊ ဒါပေမယ့် မင်းအရက်ငတ်နေရင်တော့ အရက်အိုးထဲကအရက် မင်းကြိုက်သလောက် ငှဲ့သောက်ပေါ့'

'ဟင်း ဟင်း အေးဗျာ ကျုပ်က ဧည့်သည်တစ်ယောက် မဟုတ်ပေမယ့် မြို့အုပ်မင်းရဲ့အုပ်ချုပ် အမှန်လမ်းကြောင်းပေါ် ရောက်အောင် တည့်မတ်ပေးဖို့ ရောက်လာတဲ့လူတစ်ယောက်ပဲ'

ပြောဆိုပြီးနောက် မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ ပန်းတစ်ရာ အရက်အိုးကို ဖြတ်ခနဲ လှမ်းယူလိုက်ပြီး အရက်ခွက် အလွတ်တစ်လုံးထဲသို့ပန်းတစ်ရာအရက်များ ပြည့်လု ပြည့်ခင် စောင်းထည့်လိုက်သည်။

ပြီး သူယင်းအရက်ခွက်ကို အသာအယာမယူ၍တစ်ကျိုက် တည်းဖြင့် ခွက်ထဲရှိ ပန်းတစ်ရာအရက်တို့ကို ကုန်စင်အောင် သောက်ပစ်လိုက်သည်။

ထိုအခိုက်မှာပင်....

မြို့အုပ်ချုပ်သူ ဟူကျိန်၏ ညာလက်တစ်ဖက် စားပွဲခုံ အောက်သို့ မှတ်မထင်ရောက်ရှိသွားရလေတော့သည်။

* * *

## အခန်း ( ၆ )

## မိကျောင်းစိမ်းအဆိပ်လက်နက်ပုန်းအစွမ်း

'ဝှစ်....'
'ဟူး....'
'ဒုတ်....'
'ဘုန်း'

ရုတ်တရက် မြို့အုပ်ချုပ်သူ ဟူကျိန်မှာ စားပွဲဝိုင်းအောက်ရှိ လျှို့ဝှက်ဖုံးအုံဆွဲထဲမှ ဆောင်ဓား တစ်လက်ကို ထုတ်ယူပြီး အရက်မော့သောက်နေသော လုပိုင်ချင်ထံ ဝှေ့ယမ်း တိုက်ခိုက်လိုက်၏။

ထိုအခါ မျက်စိလျှင်နားပါးလှပ်လှန်းသော လုပိုင်ချင်မှာ ဟူကျိန်၏ဓားခုတ်ချက်ကို ထိုင်ခုံမှခုန်ပျံ ရှောင်တိမ်းလိုက်၏။



သို့မို့ကြောင့်....

မှတ်မထင် အလစ်ချောင်းတိုက်ခိုက်လိုက်သော ဟူကျိန်၏ ဓားချက်မှာ ပစ်မှတ်ကိုထိမှန်ခြင်းမရှိဘဲ ထိုင်ခုံနောက်ကျောမှီကိုသာ ခုတ်မိသွား၏။

သူ့ဓားချက်ထိမှန်သွားရသောထိုင်ခုံမှာ ကျွမ်းပြင်ပေါ်သို့ ဘုန်းခနဲပြိုလဲကျသွား၏။

ထိုအချိန်တွင်....

လုပိုင်ချင်မှာ မလှမ်းမကမ်းနေရာတွင် ရောက်ရှိနေလေသည်။

ထိုစဉ် လုပိုင်ချင်မှာ ဘယ်လက်တစ်ဖက်ဖျပ်ခနဲ လှုပ်ရှားလိုက်ရင်း....

'ဝှစ်....'

ဒုတ်....'

'အူး ဟူး ဟူး'

'ဟား ဟား ဟား မြို့အုပ်မင်းကို အခုလို မိကျောင်းစိမ်းအဆိပ်လက်နက်ပုန်းနဲ့ ပစ်ခွင်းလိုက်ရတာ တောင်းပန်ပါတယ်၊ အေးအေး ဆေးဆေးမြို့အုပ်မင်း ကိုယ့်ထိုင်ခုံမှာ ပြန်ထိုင်လိုက်ပါ'

မိကျောင်းစိမ်းဓားလုပိုင်ချင်၏ တို့ပြန်ပစ်ခွင်း တိုက်ခိုက်သော မိကျောင်းစိမ်းအဆိပ်လက်နက်ပုန်းတစ်ခုမှာ ကြောင်အမ်းတွေဝေနေရသည့် မြို့အုပ်မင်းဟူကျိန်၏ဘယ်နှင်အုံသို့စိုက်ဝင်သွားရ၏။

ဒါကြောင့် မြို့အုပ်မင်း ဟူကျိန်မှာ မိကျောင်းစိမ်းခေါ်း လုပိုင်ချင်ကို မယှဉ်နိုင်မှန်းသိ၍ လှမ်းအမိန့်ပေးလိုက်သည့်အတိုင်း သူ့ထိုင်ခုံဘာင် စိတ်ပျက်စွာထိုင်ချလိုက်ရ၏။

ထိုစဉ် လုပိုင်ချင်မှာ ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်၏။

သည်တွင် မိခေကျာင်းစိမ်းအဆိုပ်သက်နက်ပုန်းထိခုန်ခံထားရသော ဟူကျိန်မှာ လုပိုင်ချင်ထံ ခံပြင်းစွာလှမ်းကြည့်ချင်း-

'နေစမ်းပါဦး ကျွတ်ကျွတ် စောစောက မင်းစကားအရ ငါကိုအမှန်လမ်းကြောင်းရောက်အောင် တည့်မတ်ပေးရမယ်ဆိုတော့ ငါက အခု မမှန်လမ်းကြောင်းပေါ် ရောက်နေလို့လား....'

ယင်းအမေးကြောင့် လုပိုင်ချင်မှာ အစိပ္ပာယ်ပါပါ ပြုံးရယ်လိုက်ချင်း....

'တစ်ခြားအမှုတွေအပေါ် မြို့အုပ်မင်းအမှုစီရင် ဆုံးဖြတ်ချက်ချတာ မှန်မမှန်တော့ ကျုပ်မပြောလိုဘူး၊ ဟော... အခု ဒီမနက်အမှုဖွင့်တင်လိုက်တဲ့လူနဲ့ ပတ်သက်လာရင် မြို့အုပ်မင်း လုံးဝမမှန်ကန်ဘူးဆိုတာ ကျုပ်ရဲရဲအာမခံ ပြောရဲတယ်'

ထိုအခါ ဟူကျိန်၏မျက်လုံးအစုံတို့ ပြူးကျယ်သွားချိပြီး-

'နေစမ်းပါဦး အားကျွတ်ကျွတ်'

အားပါလှုပ်ရှားကာ စကားပြောဆိုလာမှုကြောင့် ဟူကျိန်ထံမှ ညည်းညူသံထွက်ပေါ်လာရလေသည်။

တခဏနေမှ မြို့အုပ်ချုပ်သူ ဟူကျိန်မှာ စကားဆက်၍ပြောဆိုလာသည်မှာ....



'မင်း....မင်း ဒီမနက်ရဲ့မက်စခန်းကို ဖမ်းပို့တဲ့လူက ဘယ်သူလဲ ဘာဖြစ်မှုကျူးလွန်လို့လဲ'

သည်တွင် လုပိုင်ချင်မှာ အဖြုံးသဲ့ယဲ့ပြုံးလိုက်ချင်း....

'ဘယ်သူကမှာလဲ၊ မြို့မှာ ဘယ်သူမှ ဂရုမစိုက်ဘဲ ကြီးစိုးမင်းမူနေတဲ့ ရဲကျိပ္ပားလေ'

'ဟင်'

ရဲကျိပ္ပားဟူသော နာမည်နာမကို ကြားလိုက်ရသည့် မြို့အုပ်ချုပ်သူဟူကျိန်မှာ တုန်လှုပ်အံ့သြစွာဖြင့် 'ဟင်' ဟူသော အာမေဍိတ်သံကို လွတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ထိုစဉ် လုပိုင်ချင်မှာ အသာအယာ ပြုံးပြလိုက်ရင်း....

'ဟင်း....ဟင်း မြို့အုပ်မင်း သူ့နာမည်ကြားလို့ အံ့အားသင့်သွားပြီလား၊ သူနဲ့ပတ်သက်ပြီး တရားရုံးတော်ရောက်လာတဲ့ အမှုမှန်သမျှ မြို့အုပ်မင်း တရားသေလွှတ်ပစ်ပေးတယ်ဆိုတာ ဘာပြောချင်သေးသလဲ'

ထိုးနှက်ပြောဆိုလိုက်တော့ အပြစ်တကယ်ရှိနေရသော မြို့အုပ်ချုပ်သူဟူကျိန်မှာ ကြက်နာကြီးတစ်ကောင်လို ခေါင်းငိုက်စိုက်ကျရုံကလွဲ၍ ထုံ့ပြန်မဖြေနိုင်ချေ။

ယင်းအရိပ်အခြေကို လှမ်းအကဲခတ်မိလိုက်ရသော လုပိုင်ချင်မှာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ချင်း....

'ဒီတော့ ကျုပ် ခပ်ပြတ်ပြတ်ပြောခဲ့ချင်တာက အခု ကျုပ်တင်လိုက်တဲ့ ရဲကျိပ္ပားအမှုကို ထိုက်သင့်တဲ့အပြစ်ဒဏ် မြို့အုပ်မင်း အမြန်ဆုံး ရုံးတင်အမိန့်ချမှတ်ပေးပါ၊ ဒါမှလဲ လျော့ရဲရဲဖြစ်နေတဲ့ ခင်ဗျားရဲ့သိက္ခာတွေ ပြန်မြင့်တင့်လာ

မယ်၊ ပြီးတော့ ဒီလူ့ရန်ကို စိုးရိမ်ကြောင့်ကြနေရကဲ့ ရန်ကျူး မြို့သူမြို့သားတွေ စိတ်ချမ်းသာသွားရမယ်'

စကားကြော ခဏ ဖြတ်တောက်လိုက်ပြီးနောက် လုပိုင်ချင်မှာ အရက်အိုးထဲမှ ပန်းကန်ရာ အရက်အချို့ကို အရက်ခွက်ထဲသို့ လောင်းငှဲ့ထည့်လိုက်လေသည်၊

ပြီး သူ ယင်းအရက်ခွက်ကို ကောက်မ၍ ပန်းတစ်ရာ အရက်တစ်ကျိုက် မော့သောက်လိုက်လေသည်။

နောက် သူ့လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်သို့ အသာအယာ ချလိုက်လေသည်။

ထိုအချိန်တွင်မူ....

မြို့အုပ်ချုပ်သူဟူကျိုန်သည် နာကျင်ရှုံ့မဲ့သောမျက်နှာနှင့် လုပိုင်ချင်၏ လှုပ်ရှားမှုအခြေအနေကို ငြိမ်သက်စွာ လှမ်းအကဲခတ် ကြည့်ရှုမိနေလေသည်။

ထိုစဉ် လုပိုင်ချင်သည် သူ၏နှုတ်ခမ်းများဝယ် ကပ်ငြိကျန်ရစ်နေသော အရက်ရည်များကို ညာလက်ခုံဖြင့် ဖိ၍ သုတ်သပ်ပစ်လိုက်ပြီးမှ မြို့အုပ်ချုပ်သူဟူကျိုန်ထံ အကြည့်စူးစိုက်ရောက်ရင်း....

'အဲဒီတော့ ကျုပ်ပြောတဲ့အတိုင်းမလုပ်ရင် အခု ခင်ဗျား ဘယ်ရင်အုံမှာ စိုက်ဝင်နေတဲ့ မိကျောင်းစိမ်း အဆိပ်လက်နက် ပုန်းရဲ့ အဆိပ်ဟာ အခုချက်ချင်း ဘာမှထူးခြားစွာ မခံစားရပေမယ့် နောက်နှစ်ပတ်အတွင်းမှာ ပြင်းပြင်းထန်ထန် ဝေဒနာဆိုးကြီး ဖြစ်ပေါ်လာရမယ်၊ အဲ... နောက်နှစ်ရက် သုံးရက်အတွင်း မြို့အုပ်မင်းကြီး လူ့လောကထဲက မရှိမလှ



ဒနာဆိုးခံစားရင်း ကျောခိုင်းထွက်ခွာသွားရမှာပဲ၊ ပြီးတော့ ဒီမိကျောင်းစိမ်း အဆိပ်ဖြေဆေးဟာလဲ ကျုပ်တစ်ယောက်တည်းဆီကလွဲပြီး ဘယ်သူ့မှာမှ မရှိဘူး၊ ဒါကြောင့် ကျုပ်စကားကို မြို့အုပ်မင်း သေ့ဖိခဲ့ရင် ကိုယ့်ဆိုက်နဲ့ကိုယ့်ကံပဲ၊ ကဲ... ကျုပ်သွားမယ်၊ ခင်ဗျားလဲ ဆေးကုသလိုက်ဦး၊ အမြန် ဒဏ်ရာလေး သက်သက်သာသာ ရှိသွားအောင်ပေါ့'

ယင်းသို့ လုပိုင်ချင် အကြပ်ကိုင် ခြိမ်းခြောက်ပြောဆိုပြီးနောက် ဟူကျိုန်ကို ကျောခိုင်းကာ ဝရန်တာသီသို့ ထားရှိ ရှေ့လျှောက်လာလေသည်။

ထိုအခိုက်မှာပင်....

'ဟေ့....ဟေ့ မိကျောင်းစိမ်း'

'အား—ကျွတ်....ကျွတ်'

နောက်ဘက်မှ တုန်ရီထစ်ငေါ့စွာဖြင့် ခေါ်ဟစ် အမိန့်ပေးဟန်အားလာသည့် ဟူကျိုန်၏စကားသံကို လုပိုင်ချင် ကြားလိုက်ရသဖြင့် သူ လှမ်းလက်စခြေလှမ်းအား တုန့်ခနဲ ရပ်ဆိုင်းလိုက်လေသည်။

ပြီးနောက် လုပိုင်ချင်မှာ ဟူကျိုန်ထံ အကြည့်ရောက်ရင်း....

'ဘာကိစ္စရှိလို့လဲ မြို့အုပ်မင်း'

လှမ်းမေးလိုက်တော့ ထိတ်ထိတ်ပျာပျာ ဖြစ်နေရှာသော ဟူကျိုန်က မဆိုင်းမတွပင် တုံ့ပြန်ပြောဆိုလာသည်မှာ'

'မင်း….မင်းပြောတဲ့အတိုင်း ငါ….ငါဆောင်ရွက်ပါ့မယ်၊ အခု ငါ့….ငါ့ကို အား….ကျွက်….ကျွက်….ငါ့ကို မိကျောင်းစိမ်းအဆိပ်ဖြေဆေး ပေးခဲ့ပါ'

မိကျောင်းစိမ်းအဆိပ်ဖြေဆေး လှမ်းတောင်းခံလာသဖြင့် လှပိုင်ချင်မှာ အဓိပ္ပာယ်ပါပါ ပြုံးရယ်လိုက်ရင်း၊

'ဟင်း….ဟင်း ကျုပ် အခုချက်ချင်းတော့ မိကျောင်းစိမ်းအဆိပ်ဖြေဆေးကို မပေးနိုင်သေးဘူး၊ ကျုပ် စောစောက ပြောဆိုခဲ့တဲ့အတိုင်း ရှစ်မျက်နှာကျားကို တရားခံရုံးတော်မှာ အမိန့်ချမှတ်ပေးပြီး နောက်တစ်နေ့မနက်ပိုင်းမှာ အဲဒီ မိကျောင်းစိမ်းအဆိပ်ဖြေဆေးကို ကျုပ်ကိုယ်တိုင် မြို့အုပ်မင်းထံ လာပို့ပေးပါ့မယ် ကျုပ်သွားပြီ'

ထိုသို့ လှပိုင်ချင်မှာပြတ်ပြတ်သားသား ပြောဆိုပြီးနောက် ကျောခိုင်းကာဝရံတာဘက်ဆီ ဦးတည်လျှောက်လှမ်းသွားလေ၏။

ထို့နောက် လှပိုင်ချင်သည် ဝရံတာကို ခုန်ပျံကျော်လွှား၍ စံအိမ်တော် လသာဆောင်ပေါ်မှ ဖွဲ့ကြဉ်ထွက်ခွာသွားလေသည်။

ထိုအချိန်၌….

ဒဏ်ရာအနာတရ ရရှိနေသော မြို့အုပ်ချုပ်သူဟူကျိုန်မှာ လရောင်အောက်ဝယ် တစ်ရွေ့ရွေ့ ကျောခိုင်းထွက်ခွာသွားသည့် လှပိုင်ချင်ထံ ငေးရီကြည့်ရင်း သက်ပြင်းမောကြီး တစ်ချက်ချမိသည်။



ပြီး သူသည် ဘယ်ရင်အုံ၌ ထိမှန်ထားရသော လက်နက်ဗုန်းဒဏ်ရာကို ဆေးကုသရန်အတွက် လသာဆောင်မှ ကျောခိုင်းထွက်ခွာလာခဲ့၏။

သူ့အဆောက်အဦ အတွင်းရောက်သည်နှင့် လူခေါ်မောင်းကို သုံးလေးချက် ခပ်မြန်မြန် တီးခတ်လိုက်၏၊ ထိုအခါ လူခေါ်မောင်းသံ တလွင့်လွင့်မှာ စံအိမ်တော်တစ်ခုလုံး ရုတ်ခြည်းလှုပ်ခြုံသွားရလေသည်။

သိပ်မကြာပါချေ။

သူရှိရာအပေါ်ဘက် သီးသန့်ခန်းထဲသို့ စံအိမ်တော်အမှုထမ်း ယောကျ်ားကြီးတစ်ဦး သုတ်သီးသုတ်ပျာ ရောက်ရှိလာ၏။

ထိုစဉ် စံအိမ်တော်အမှုထမ်းကောင်းလီသည် ဘယ်ရင်အုံပေါ်၌ သွေးစိုနစ်စွာဖြင့် ဒဏ်ရာတရ ရရှိနေသော မြို့အုပ်ချုပ်သူ ဟူကျိုန်ကို လှမ်းမြင်တွေ့ရပြီး အံ့သြတုန်လှုပ်စွာဖြင့်၊

'ဟာ….သခင်ကြီး ဒဏ်….ဒဏ်ရာ'

သည်တွင် မြို့အုပ်ချုပ်သူဟူကျိုန်မှာ အံ့သြတုန်လှုပ်နေသည့် အမှုထမ်းကောင်းလီထံ အကြည့်ရောက်ရင်း၊

'ကောင်းလီ ဆေးဆရာယုကြည့်ကို အမြန်သွားခေါ်စမ်း'

လှမ်းအမိန့်ပေးလိုက်တော့အမှုထမ်းကောင်းလီက ခေါင်းတစ်ချက်ညိတ်လိုက်က၏။

'ဟုတ်ကဲ့ သခင်ကြီး'

ဟုဆိုပြီး မြို့အုပ်ချုပ်သူဟူကျိုန်ကို ဦးတစ်ချက်ညွှတ်လိုက်ပြီး သီးသန့်ခန်းထဲမှ ကျောခိုင်း၍ ထွက်ခွာသွားသည်။

ပြောရမည်ဆိုလျှင်....

ဆေးဆရာယုကြည်မှာ သူ့စံအိမ်တော်ဝန်းအတွင်းထဲ၌ရှိပြီး စံအိမ်တော်ရှိ အိမ်သူအိမ်သားများနှင့်ဝန်ထမ်းအားလုံးတို့၏ ကျန်းမာရေးကို တာဝန်ယူကုသပေးနေရသူဖြစ်လေသည်။

ထိုဆေးဆရာယုကြည်သည် စံအိမ်တော် အဆောက်အဦခြေရင်း၌ရှိ သီးသန့်လုံးချင်း အဆောက်အဦ၌ နေထိုင်သူဖြစ်လေ၏။

ဒါကြောင့်မို့ ကွမ်းနှစ်ယာညက်ခန့်ပင် မကြာပါချေ၊ ဆေးဆရာယုကြည်နှင့် အမှုထမ်းကောင်းလီတို့ သီးသန့်ခန်းသို့ ခပ်သုတ်သုတ် ရောက်ရှိလာကြလေ၏။

သည်နောက် ဆေးဆရာယုကြည်သည် မြို့အုပ်ချုပ်သူ ဟူကျိုန်ကို အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် လှဲလျောင်းစေပြီး



ဘယ်ရင်အုံပေါ်တွင် စိုက်ဝင်နေသော မိကျောင်းစိမ်းခေါ် အဆိပ်လှက်နက်ပုန်းကို ဆွဲထုတ်ပစ်လိုက်သည်။

ပြီးသော် သူ မြို့အုပ်ချုပ်သူ ဟူကျိုန်၏ဒဏ်ရာနေရာသို့ အနာကျက်ဆေးသိပ်ထည့်၍ ဆေးပတ်တီးစီးနှောင်ပေးလိုက်တော့သည်။

* * *

ပြီးနောက် ဆေးဆရာယုကြက်သည် မြို့အုပ်ချုပ်သူ ဟူကျိန့်ကို သောက်ဆေးတစ်လုံး တိုက်ကျွေးလိုက်သည်။

သည်တွင် မြို့အုပ်ချုပ်သူ ဟူကျိန့်မှာ ဆေးဆရာယုကြည်ထံ အကြည့်ရောက်ရှင်း စိုးရိမ်းကြောင့်ကျသော လေသံဖြင့်။

'ဆရာယုကြည် အခုဗိုက္ကောင်းစိမ်းအဆိပ်လက်နက်ပုန်းမှာ ပြင်းထန်တဲ့အဆိပ်ရှိသလား'

ခုးစမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့ ဆေးဆရာယုကြည်မှာ အစိမ်းရောင်မိကျောင်းရုပ်ပုံ ထုဆစ်ထားသော လက်နက်ပုံးကိုညပ်ဖြင့်ကိုင်၍ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးလိုက်လေသည်။

ပြီးမှ သူ သက်ပြင်းမသိမသာချလိုက်ပြီး....

'သခင်ကြီး....ကျွန်တော်မျိုး စစ်ဆေးချက်အရဆိုရင် ဒီလက်နက်ပုန်းဟာ အဆိပ်လက်နက်ပုန်းတစ်ခု မဟုတ်ဘူး'

ထိုစကားကြားလိုက်ရသည်နှင့် ဟူကျိန့်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားဟန်ဖြင့်....

'ဆရာ... ဆရာယုကြည်၊ ဒီလက်နက်ပုန်းဟာ အဆိပ်လက်နက်ပုန်း မဟုတ်ဘူးဆိုတာ သေချာလား'

ထပ်ဆင့်မေးလာတော့ ဆေးဆရာယုကြည်မှာမျက်မှောင် တစ်ချက်ကြုတ်၍ တွေးတောစဉ်းစားလိုက်ပြီးမှ....

'သခင်ကြီးက ဒီလက်နက်ပုန်းကို အဆိပ်လက်နက်ပုန်းလို ထင်နေတဲ့သလား'

တုံ့ပြန်မေးလာသဖြင့် ဟူကျိန့်မှာ အခင်မကျဖြစ် တည်သွား ရင်း....



'ကျုပ်ထင်မှတ်နေတာ မဟုတ်ဘူး၊ အဲဒီလက်နက်ပုန်းနဲ့ ပစ်ခတ်တိုက်ခိုက်သွားတဲ့လူက ပြင်းထန်တဲ့ အဆိပ်လက်နက် ပုန်းလို့ပြောသွားလို့ ဆရာယုကြည်ကို ဟုတ်မဟုတ် စစ်ဆေး ကြည့်ခိုင်းတာပါ'

ယင်းစကားကြားလိုက်ရသောဆေးဆရာယုကြည်က တွေးတွေးဆဆ ဖြစ်သွားပြီး....

'ခက်တာက သခင်ကြီး တချို့ပြင်းထန်တဲ့အဆိပ်တွေဟာ အရောင်အဆင်း အနံ့မရှိကြဘူးလို့ ဆေးကျမ်းအရ ကြားခဲ့ဖူး ပါတယ်၊ ဒါကြောင့်လဲ ဒီလက်နက်ပုန်းမှာ အဆိပ်လက္ခဏာ ရုပ် ရှာဖွေတွေ့ရခြင်းလဲဖြစ်ပါတယ်'

ထပ်ဆင့်ပြောဆိုလာသော ဆေးဆရာယုကြည်၏ ဆိုစကား ကိုကြားလိုက်ရသည့် မြို့အုပ်ချုပ်သူ ဟူကျိန့်မှာ စိုးရိမ်ပူပန် သွားရလေသည်၊ ပြီးမှ သူ သက်ပြင်းခသးကြီး တစ်ချက်ချ လိုက်ပြီးနောက် စံအိမ်တော်အမှုထမ်း ကောင်းလီထံ အကြည့် စူးစိုက်ရောက်ရင်း....

'ကောင်းလီ....စံအိမ်တော်က လုံခြုံရေး အဖွဲ့ အခြေအနေဘယ် လိုရှိသလဲ'

မေးလာတော့ စံအိမ်တော်အမှုထမ်း ကောင်းလီမှာ စိတ် မကောင်းသည့်လေသံဖြင့်....

'သ....သခင်ကြီး လုံခြုံရေးအဖွဲ့ဝင်းသောက်စသူ၊ ရန်သူ့ရဲ့ လက်ချက်ကြောင့် ဒဏ်ရာတရနဲ့ သတိလစ်ပြီး လဲနေကြပါ တယ်....'

'အင်း....ရန်သူရဲ့ သိုင်းပညာအဆင့်အတန်း မခေပါလား။ ကဲ....ဆရာယုကြည်၊ ဒဏ်ရာရ သတိလစ်နေတဲ့ လုံခြုံရေးအဖွဲ့သားတွေကို ပြုစုကုသလိုက်ပါဦး'

အမိန့်ပေးလိုက်တော့ ဆေးဆရာယုံကြည်က ဦးတစ်ချက်ညွှတ်ပြီး....

'ကောင်းပါပြီ သခင်ကြီး'

သည်နောက် ဆေးဆရာယုကြည်နှင့် စံအိမ်တော်အမှုထမ်းကောင်းလိတ္တိ ဟူကျိန် အိပ်ခန်းထဲမှ ကျောခိုင်းထွက်ခွာသွားလေသည်။

ထိုအဖြစ်အပျက်ဖြစ်ပွားပြီး လေးရက်မြောက်နေ့ နေ့လည်ခင်းပိုင်း၊ အချိန်၌ ရန်ကျူးမြို့တစ်မြို့လုံး သတင်းတစ်ခု တွေ့ဘိပမာ ပျံ့နှံ့သွား၏။

ယင်းသတင်းထူးမှာ တခြားမဟုတ်ပေ။

ရန်ကျူးမြို့၌ ဥပဒေမဲ့ ကြီးစိုးမင်းမူနေသော ရှစ်မျက်နှာကျား ရဲကျိုပွားတစ်ယောက် ရုံးတော်မှ မြို့အုပ်ချုပ်သူ ဟူကျိန်က ထောင်ဒဏ် ငါးနှစ်ချမှတ်လိုက်သည်ဆိုသော သတင်းပင်ဖြစ်၏။

တိုသတင်းကြောင့် ရန်ကျူးမြို့တစ်မြို့လုံး၊ အုံ့ဩနေမိကြသည်။

အကြောင်းဟူမူ....

ယခင့်ယခင် ရှစ်မျက်နှာကျား ရဲကျိုပွား အမှုများကို ရုံးတော်မှ တရားသေလွှတ်ပေးခဲ့ရာ အခုမှ ထူးထူးခြားခြား ဟူကျိန်က ထောင်ဒဏ်ငါးနှစ် ထိုက်ထိုက်တန်တန်ချမှတ်လိုက်



သောကြောင့် ရန်ကျူးမြို့တစ်မြို့လုံး အလွန်အမင်းအံ့အားသင့်နေကြရသောကြောင့်ဖြစ်၏။

နောက် ရန်ကျူးမြို့သူမြို့သားတို့မှာ ရှစ်မျက်နှာကျား ရဲကျိုပွား ထောင်နန်းစံသွားရပြီမို့ အန္တရာယ်ကနေ့ဘဝ့်အယှက်ကင်းစွာ နေထိုင်ကြရမည်မို့ ကြိတ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏။

ယင်းသို့ အပြစ်ဒဏ်ချမှတ်ပြီး နောက်တစ်နေ့မနက်မှာပင် ရဲမက်စစ်သည်နှစ်ဦးတို့သည် ရှစ်မျက်နှာကျား ရဲကျိုပွားတို့ကို နယ်စွန်ရှိ ထောင်စခန်းသို့ပို့ဆောင်ရန်အတွက် ထိပ်တုံးခတ်၍ ရန်ကျူးမြို့မှခေါ်ဆောင်သွားကြ၏။

ထိုအချိန်တွင်မူ....

မြို့အုပ်ချုပ်သူ ယူကျိန်တစ်ယောက် စံအိမ်တော်အောက်ထပ်ရှိ ခန်းမကြီး၌ ဆောက်တည်ရာမရ လူး ပါခေါက်တုံ့လှိမ်းလျှောက်နေ၏။

အကြောင်းမှာ....

သူသည် မိကျောင်းစိမ်း အဆိပ်ဖြေဆေးကို မိကျောင်းစိမ်းခေါ် လုပိုင်ချင် တစ်ယောက် လာရောက်ပို့ဆောင်မည်ကို စိုးရိမ်စွာမျှော်လင့်နေမိခြင်းဖြစ်သည်။

'အင်း....ငါတော့ သူပြောတဲ့အတိုင်း မျက်စိမှိတ်ပြီး ရှစ်မျက်နှာကျားရဲကျိုပွားကို ထောင်ဒဏ်ငါးနှစ်ချမှတ်လိုက်ရပြီ၊ ဒီသတင်းကို ဟိုလူကြီးကြားရင်တော့ ဒေါသူပုန်ထပြီး ငါ့ကိုနာကြည်းမုန်းတီးနေမိမလားပဲ၊ မှတတ်နိုင်ဘူးလေ၊ လောလောဆယ်တော့ အသက်ရှင်ရေးက အရေးကြီးဆုံးပဲ၊ နောက်မှ သူ့

ကို ဒီအခြေအနေ ရှင်ပြရမှာပဲ၊ အခု လောလောဆယ် ဟို ကောင် ကတိတည်တည်နဲ့ ရောက်လာဖို့ပဲ၊ အား...ငါ...ငါ့ ခေါင်းတွေ တစ်အားမူးလာပါလား'

ထိုသို့ မြို့အုပ်ချုပ်သူဟူကျိန် တွေးတောပူပန် ရေရွတ်နေမိ ရင်းက သူ့ခေါင်းတစ်ခုလုံး မခံမရပ်နိုင်အောင်မူးဝေလာလေ သည်။

နောက်ဆုံး သူ လမ်းမလျှောက်နိုင်တော့ဘဲ ထိုင်ခုံသို့ သွား ရောက်၍ထိုင်ချလိုက်လေသည်။

'အား....ကျွတ် ကျွတ် အခုမှမိကျောင်းစိမ်းအဆိပ်တက်နိုး လာပြီနဲ့တူတယ်၊ ဒီ...ဒီ ကောင် ငါ့ကို ကတိဖောက်ဖျက်ပြီနဲ့ တူတယ်'

ထိုစဉ်မှာပင်....

'ခွပ် ခွပ် ခွပ်'

စံအိမ်တော် ခြံဝင်းတံခါးပေါက်ဆီမှ စိုင်းနှင်လာသော မြင်းခွာသံကို မြို့အုပ်ချုပ်သူ ဟူကျိန် ကြားလိုက်ရပြီး လှုပ်လှုပ် ရှားရှားဖြစ်သွားလေသည်။

'ဟင်....ဒီ....ဒီမြင်းခွာသံဟာ မိကျောင်းစိမ်းခါးချွဲ ပါ ဆီကို ရောက်လာတာများလား၊ ငါမျှော်လင့်သလို ဖြစ်ပါ စေ'

ယင်းသို့မြို့အုပ်ချုပ်သူဟူကျိန်မှာ စိုးရိမ်တကြီး ဆုတောင်း မိလိုက်လေသည်။



သူ၏ဆုတောင်း ပြည့်မပြည့်ဆိုတာကိုတော့ တစေ့နီးကပ် လာသောမြင်းခွာသံက စံအိမ်ဆင်ဝင်အောက် အရောက်တွင် ရပ်ဆိုင်းသွားလေသည်။

သိပ်မကြာလိုက်ပါချေ။

စံအိမ်တော်ခန်းမအတွင်းသို့ ဧည့်သည်တော် တစ်ယောက် ဣန္ဒြေရရ ခြေလှမ်းများဖြင့် ဝင်ရောက်လာလေသည်၊

ထိုအခါ ဧည့်သည်တော်၏ ခြေနင်းသံများက ဆိတ်ငြိမ် သောစံအိမ်တော်ခန်းမအတွင်း ဖြန့်ကျက်လွှမ်းခြုံလျက် ရှိနေ ပေသည်။

ထိုစဉ် ခန်းမလည်ရှိ ကျွန်းစားပွဲဝိုင်းတွင် တစ်ကိုယ်တော် ထိုင်နေသော မြို့အုပ်ချုပ်သူဟူကျိန်မှာ ခြေသံပျံ့လွင့်လာရာဆီ သို့ မြူးတူးဖြတဲ့ လှမ်းကြည့် မိလိုက်လေသည်။

'ဟာ....မိကျောင်းစိမ်းပါလား၊ တူး....သူ....သူကတိတည် ပါလား'

တအံ့တဩ ရေရွတ်ရင်း သူဆီဦးတည်လှမ်းလာနေသော မိကျောင်းစိမ်းခါးလုပိုင်ချင်ကို မှင်သက်မိစွာ စိုက်ကြည့်နေမိ လေသည်။

ထိုစဉ်မှာပင်....

အပြုံးရိပ်ခဝလျှက်ရှိသော မိကျောင်းစိမ်းခါး လုပိုင်ချင် မှာ စားပွဲဝိုင်းနား ချဉ်းကပ်ရောက်လာပြီး....

'မြို့အုပ်မင်း ကျုပ်မလာမှာ သိပ်စိုးရိမ်ပူပန်နေတယ်မဟုတ်လား'

ခန့်သံဖြင့် လှမ်းမေးလိုက်တော့ အဆိပ်တက်က ၁ခေါင်းကဲ့ မတတ်မူးနောက်လာရှာသော မြို့အုပ်ချုပ်သူဟူကျိုနိမှာ အား ယူ၍ ခေါင်းညိတ်ဝန်ခံလိုက်ရင်း....

'အား....ဟုတ်....ဟုတ်ပါတယ်၊ ကျုပ်....ကျုပ် ခေါင်းကွဲ မတတ်ဝေဒနာခံစားနေရပါပြီ၊ ခင်ဗျားဆီက ဖြေဆေးသာ ထုတ်ပေးပါတော့'

တောင်းပန် တိုးလျှိုး၍ အဆိပ်ဖြေဆေးကို တောင်းလာ သဖြင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ အပြုံးယဲ့ယဲ့ပြုံးရင်း....

'ဟင်း....ဟင်း ကျုပ်မြို့အုပ်မင်းကို ဖြေဆေး ပေးချင်လို့ စံအိမ်တော်ကိုရောက်လာတာပဲ၊ အခုမြို့အုပ်မင်း စတင်ခံစားနေရ တဲ့ဝေဒနာဆိုးက မိကျောင်းစိမ်းအဆိပ်ရဲ့ပမာဏပဲ ရှိပါသေး တယ်'

ပြောဆိုပြီးနောက် သူ့ညာလက်တစ်ဖက်ကို ဝတ်စုံစိမ်းထဲ သို့ထိုးနှိုက်လိုက်လေသည်။

သူလက်ပြန်အရုတ်တွင်တော အဖြူရောင်ဆေးတစ်လုံး ပါ လာလေသည်၊ ပြီးနောက် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်သည် လက်ထဲမှ အဖြူရောင်ဆေးလုံးတစ်လုံးကို ဝေဒနာခံစားနေရ သော မြို့အုပ်ချုပ်သူဟူကျိုနိထံ လှမ်းပေးလိုက်လေသည်၊



'ဟဲ....မြို့အုပ်မင်းဖြေဆေး'

ထိုအခါ မြို့အုပ်ချုပ်သူဟူကျိုနိသည် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ထံမှ ဆေးဖြူလုံးကိုယူ၍ ကယာကယာ မြိုလိုက် လေသည်။

ပြီး သူ ယင်းဆေးဖြူလုံးကို သူ့ပါးစပ်ထဲသို့ ပစ်သွင်း၍ ငွပ်ခနဲမျိုချလိုက်လေတော့သည်။

* * *

အခန်း (၇)

## ရွှေရောင်ဝတ်စုံနှင့်မိန်းမချော

ထိုစဉ် လုပိုင်ချင်သည် ဖြေဆေးလုံး သောက်နေသော ဟူကျိန်ထံ အကြည့်ရောက်ရင်း....

'ကဲ... မြို့အုပ်မင်းရဲ့ တာဝန်ကျေခဲ့သလို ကျုပ်လဲ ကတိအတိုင်း ဖြေဆေးပို့ခဲ့ပြီးပြီ၊ ကျုပ်မှာ ခရီးဆက်စရာရှိသေးလို့ ပြန်ခွင့်ပြုပါဦး မြို့အုပ်မင်း'

နှုတ်ဆက်စကား ဆိုလိုက်တော့ အစွမ်းထက်မြက်သည့် ဖြေဆေးတန်ခိုးကြောင့် ဟူကျိန်မှာ အဆိပ် လုံးဝ ကင်းစင်ပျောက်ကွယ်သွားပြီး စိတ်အေးချမ်းသာ ဖြစ်တည်သွားရကာ-

'ကောင်းပါပြီ'



ညည်နေဘက် လုပိုင်ချင်မှာ ဟူကျိန်ကို ကျေးဇူးတင်ရှိခြင်းအား စံအိမ်တော်ခန်းမလယ်မှ တရွေ့ရွေ့ ထွက်ခွာလာလေသည်။

မြို့အုပ်ချုပ်သူ စံအိမ်တော်မှ ထွက်ခွာလာသောအခါ အချိန်က နေထိန်းတစ်ဖျားသို့ ရောက်ရှိနေချေပြီ။

ထို့ကြောင့် လုပိုင်ချင်သည် အုန်းခွံ ရောင်မြင်းညိုကြီးကို စီးနှင်း၍ မြို့ရှေ့ပေါက်မှ ထွက်လာခဲ့ရာ မြို့လယ်သို့ရောက်သောအခါ နေမှုန်းအညို့သွားရချေပြီ။

ထို့ကြောင့် သူသည် နံနက်စာစားသောက်ရန်အတွက် မြို့လယ်ခင်းလမ်းမဈေးကြီးရှေ့ရှိ ရွှေဂေါ်း စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ရသောသည်။

သူ အခန်းဆောင်ရှိ စားပွဲဝိုင်း၌ ဖင်ချထိုင်မိလိုက်သည်နှင့် ရည်မှန်းသော စားပွဲထိုးလူငယ်မှာ သူ့စားပွဲဝိုင်းဆီသို့ သွက်လက်ပျော်မြန်စွာ ချဉ်းကပ်ရောက်ရှိလာပြီး....

'ဟာ....အစ်ကိုကြီး'

ဟု မှတ်မိစွာဖြင့် ရွှင်ရွှင်ပြောဆိုလာလေသည်။

သည်တွင် လုပိုင်ချင်မှာ အံ့ဩယွဲ့သွဲ့ပြုံး ပြီ ဝံ့ရင်း...

'မင်း ငါ့ကို မှတ်မိသားပဲ'

'ဟုတ်ကဲ့၊ အဲ သုံးဆောင်မလဲ'

'ငါ အရက်သောက်ချင်သေးတယ်၊ အဲဒီအတွက် ဝါးရွက်စိမ်းတစ်အိုးရယ်၊ အမြီးက အူနဲ့ဟင်းတစ်ပွဲနဲ့ ငါးခေါင်းဟင်းချိုလုပ်ခဲ့ကွာ'

ထိုသို့မှာကြားလိုက်တော့ စားပွဲထိုးလူငယ်ကို အပြုံးရိပ်ဖြင့်....

'ဟာ....အစ်ကိုက ဒီအရက်နဲ့ဒီအမြီးကို အတော် ကြိုက်တယ်နော်'

ယင်းဆိုစကားကြောင့် လုပိုင်ချင်မှာ စားပွဲထိုးလူငယ်၏ မျက်လုံးအစုံပြူးကြည့်လိုက်ရင်း....

'ဟော....ငါ ဒီအရက်နဲ့ ဒီအမြီး ကြိုက်နှစ်သက်နေတာ မင်း ဘယ်လိုလုပ်သိသလဲ'

အံ့သြဟန်ဖြင့် လှမ်းမေးလိုက်တော့ စားပွဲထိုးလူငယ်က အပြုံးရိပ်ဖြင့် မဆိုင်းမတွ ပြန်ဖြေလာသည်မှာ....

'သိတာပေါ့၊ ကျွန်တော်တို့ဆိုင် အစ်ကိုလာစားသောက်တိုင်း ဒီအရက်နဲ့ ဒီအမြီးပဲ မှာနေတာကိုး'

'သြော်.... ဟုတ်ပြီ....ဟုတ်ပြီ၊ မင်း မှတ်ဉာဏ်ကောင်းတဲ့ လူငယ်ပဲ'

သည်နောက် ထို စားပွဲထိုးလူငယ်သည် ပြုံးရွှင်စွာဖြင့် လုပိုင်ချင်ကို ကျောခိုင်း၍ ထွက်ခွာသွားလေသည်။

ထိုစဉ်မှာပဲ လုပိုင်ချင်မှာ တစ်စုံတစ်ယောက်ကို ဆွတ်ကျင်စွာ သတိရလိုက်လေသည်။

ထိုသို့ သူ လွမ်းဆွတ်သတိရမိသွားကြသူက တခြား သူမဟုတ်ရှီးလား။

သူ့ရင်ကို တုန်လှုပ်စွဲရစ်စေခဲ့သော ဒေါ်ကျိဟန်လင်း၏ သမီး၊ လီဆန်လင်းမင် ဖြစ်လေသည်။

'အင်း....လီဆန်လင်းတို့သားအမိနှစ်ယောက်လဲ ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးသွားကြတာ ဘယ်ရွာကိုရောက်နေကြပြီလဲ မသိဘူး၊ ဟူး....တစ်နေ့ ကံကောင်းရင်တော့ ဒီသားအမိ ငါနဲ့ ပြန်ဆုံဆည်းရမှာပဲ'



ထိုသို့ သူ လီဆန်လင်းကို သတိရတမ်းတမိပြီး ရေရွတ်ပြောဆိုနေချိန်မှာ စားပွဲထိုးလူငယ်လေးမှာ လင်ဗန်းတစ်ချပ်ဖြင့် ပစ္စည်းပစ္စယများ သယ်ဆောင်ကာ သူ့စားပွဲဝိုင်းဆီသို့ ရောက်ရှိလာခဲ့ သည်။

ယင်းစားပွဲထိုးလူငယ်လေးသည် လင်ဗန်းပေါ်မှ ပစ္စည်းပစ္စယများကို စားပွဲဝိုင်းပေါ်သို့ အစီအရီ ခင်းကျင်းလိုက်ပြီးနောက် လုပိုင်ချင်အား ဦးညွှတ်ကာ ကျောခိုင်းထွက်ခွာသွားလေသည်။

သည်နောက် သူစားသောက်ရင်း ရှေ့ဆက်ခရီးနှင်ရမည့်အရေး တွေးတောမိလိုက်သည်။

'ငါ ဒီမြို့မှာ နှစ်ရက်လောက်ဘည်းခိုပြီ၊ ရှစ်မျက်နှာကျားအဖွဲ့ အခြေအနေကို စောင့်ကြည့်လိုက်ဦးမယ်၊ ဘာမှမထူးခြားရင်တော့ ငါ ဟူစီအင်မြို့ကို ခရီးဆက်ရမယ်'

ထိုသို့မီကျောင်းစိမ်းခေါ်လုပိုင်ချင်မှာ တွေးတောဆုံးဖြတ်လိုက်မိ၏။

သူစားသောက်ပြီးသောအခါ နေ့ခင်းနာရီမောင်းနှစ်ချက်တီးအချိန်သို့ ရောက်ရှိသွား၏။

သည်တွင် လုပိုင်ချင်သည် မြို့ဆင့်ခြေဖုံး ရပ်ကွက်စွန်းရှိ လီဆန်လင်းနေအိမ်သို့ သွားရောက်ချင်စိတ် ပေါက်လာရလေသည်။

'ငါ့စိတ်အလုပ်ပြေ လီဟန်လင်းတို့အိမ်လေး သွားကြည့်ရင်ကောင်းမယ်'

တွေးတောဆုံးဖြတ်ပြီးနောက် သူစားပွဲထိုး လူငယ်လေးကို လက်ယပ်ခေါ်ရင်း ကျသင့်ငွေအား ရှင်းလင်းလိုက်လေသည်။

သည်နောက် သူမြင်းညိုကြီးကို စိုင်းနှင်၍ ရွှေနဂါး စားသောက်ဆိုင်ကို ကျော်ခိုင်းထွက်လာခဲ့၏။

သို့နှင့်လုပိုင်ချင်မှာ ရန်ကျူးမြို့၌ နှစ်ရက်တိတိ နေထိုင်ပြီး ကောင်နန်းစံမြန်းသွားရသော ရဲကျိုပွား၏အဖွဲ့ အခြေအနေကို အကဲခတ်ကြည့်ရှုမိ၏။

ထိုအခါ ဦးဆောင်မှုမရှိသဖြင့် ရှစ်မျက်နှာကျားအဖွဲ့သားတို့မှာလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေသည်။

ဒါကြောင့်မို့ ....

လုပိုင်ချင်သည် နောက်တစ်နေ့နံနက်ခင်း အဆာပြေစားသောက်ပြီးလျှင် ရန်ကျူးမြို့မှခရီးနှင်လာခဲ့လေသည်။

ဟူစီအင်မြို့သည် ရန်ကျူးမြို့နှင့် လီနှစ်ဆယ်ကျော်မျှဝေးသွားသည်၊ ဒါကြောင့် လုပိုင်ချင်မှာ မြို့နှစ်မြို့ကြားရှိ ရွာတစ်ရွာ၌ တစ်ညတည်းခိုလိုက်ရ၏။

ထိုသို့ သူယင်းရွာ၌တည်းခိုရင်း ဒေါ်ကျိဟန်လင်းတို့သားအမိရှိမရှိစုံစမ်းကြည့်သေး၏။

သို့သော်....



ထိုရွာ၌ ဒေါ်ကျိဟန်လင်းသားအမိ သတင်းအစအနစုံစမ်းမရရှိသဖြင့် မရှိကြောင်းသူတွေးတောဆုံးဖြတ်မိလိုက်လေသည်။

နောက်တစ်နေ့မနက် လုပိုင်ချင်သည် ထိုရွာမှ ထွက်ခွာလာခဲ့သည်။

နေ့လည်နှင်းတည့်ချိန်ရောက်သောအခါ လုပိုင်ချင်မှာ တောအုပ်တစ်အုပ်အတွင်းသို့ ရောက်ရှိလာ၏။

နေပူပြင်းလွန်းလာသဖြင့် လုပိုင်ချင်သည် ယင်းတောအုပ်ထဲ၌ ခရီးတစ်ထောက်နားရင်း နံနက်စာစားရန် ဆုံးဖြတ်ချက်ချလိုက်မိ၏။

ပြီး ... သူသည် အောက်ခြေရှင်း၍ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော သစ်ပင်အိုကြီးတစ်ပင်အောက်၌ သူ၏ မြင်းညိုကြီးကို ဇက်ကြိုးသင်၍ရပ်ဆိုင်းလိုက်၏။

ထိုသစ်ပင်ကြီး၏ အနီးဝန်းကျင်၌ မြက်ခင်းစိမ်းများပေါက်ရောက်လျက်ရှိနေသည်။

ဒါကြောင့်သူသည် မြင်းညိုကြီး လည်ဆံကို လက်ဝါးချင်ဖြင့် တစ်ချက်ငွေယမ်းပွတ်သပ်လိုက်ရင်း...

'ကိုင်း မေ့သားကြီး မြက်ခင်းပြင်ရှိတာနဲ့အတော်ပဲ မင်းသဘောရှိစားပေတော့၊ ငါလဲအပင်မှီရင်း နံနက်စာကိုအနားယူစားသောက်လိုက်ဦးမယ်'

ရေရွတ်ပြောဆိုပြီးနောက် မြင်းညိုကြီးပေါ်မှခရီးဆောင်ကျောပိုးအိတ်ကို ဖြုတ်ယူလိုက်၏၊ ပြီးသူမြင်းညိုကြီးကိုမြက်ခင်းပြင်သို့ အသာပုတ်လွှတ်လိုက်၏၊

သူအနားယူနေသော သစ်ပင်ကြီးမှာ လှိမ်းနှင့် ခပ်လှမ်းလှမ်းရှိနေ၏။

သို့ဖြင့်သူသည် ရှာစားသောက်ဆိုင်မှ ကြိုဘင်ဝယ်ယူလာခဲ့သော ပေါက်စီနှင့် အမြည်းထုပ်များကို ခရီးဆောင်အိတ်ထဲမှ ထုတ်ယူလေ၏။

ပြီး သူနံနက်ခင်းစာကို ဆာဆာဖြင့် စားသောက်လိုက်လေသည်။

ထိုအချိန်တွင်....

သူ၏မြင်းညိုကြီးသည်လည်း မြက်ခင်းပြင်ရှိ စိမ်းနုနုမြက်များကို အားပါးတရ ကိုက်ဖြတ်စားသောက်နေ၏။

စားသောက်ပြီးနောက် သူသစ်ပင်ကြီး၏ ပင်စည်ကိုကျောမှီလျက် တခဏမှေးစက်လိုက်၏၊ ခရီးပင်ပန်းနွမ်းလျမှုကြောင့် လုပိုင်ချင်မှာ ချက်ချင်းအိပ်ပျော်သွား၏။

မည်မျှအိပ်ပျော်သွားသည် မသိ၊

'ခွပ် ခွပ် ခွပ်'

အဝေးမှ ပြန့်လွင့်ရောက်ရှိလာသော စိုင်းနှင်လာကြသည့် မြင်းခွာသံများကြောင့် မှေးကနဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားရသည့် မိကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ ဖြတ်ခနဲ လန့်နိုးသွားရ၏။

'အင်း... ခရီးသွားတစ်စုတော့ ဒီဘက်ကို ဦးတည်လာနေကြပါလား'

ရေရွတ်ပြောဆိုပြီးနောက် သူရေတက်သာသဖြင့် ရေဘူးကိုလှမ်းယူ၍ အဖုံးဖွင့်ကာ ရေတစ်ကျိုက်မော့သောက်လိုက်၏၊



'အား....အခုမှ ငါ့ရင်အေးသွားသလိုပဲ၊ အင်း....ပစ္စည်းပစ္စယ သိမ်းဆည်းလိုက်ဦးမှ'

ပြောပြောဆိုဆိုနှင့်ပင် လုပိုင်ချင်က ပစ္စည်းပစ္စယများကို သိမ်းဆည်းပြီးနောက် ခရီးဆောင်အိတ်ကို အသင့်ပြင်လိုက်သည်၊

ထိုအချိန်၌ မြင်းညိုကြီးမှာ မြက်စားကောင်းနေ၍ ရှိနေသဖြင့် သူသစ်ပင်ကြီးကိုကျောမှီ၍ ထိုင်မစောင့်နေလိုက်၏၊

ထိုစဉ်မှာပင် အဝေးမှစိုင်းနှင်လာသည့် မြင်းခွာသံများ တောအုပ်အဘွင်းသို့ ထိုးဖောက်ဝင်ရောက်လာကြလေတော့သည်။

'အင်း ခရီးသွားတွေတော့ တောအုပ်အတွင်းရောက်လာကြပြီ'

ထိုသို့ မိကျောင်းစိမ်းခေါ်း လုပိုင်ချင်က ရေရွတ်ပြောဆိုမိလိုက်၏၊

ထိုအခိုက်....

'ဘုန်း'

'အောင်မယ်လေး'

'ဟီး....ဟီး....ခွပ်....ခွပ'

ဟာ....ဒါ....မိန်းကလေး အော်ဟစ်သံနဲ့ မြင်းဟီးလဲကျသွားတဲ့ အသံပဲ....ဘာတွေဖြစ်နေကြပြီလဲ မသိဘူး သွားကြည့်ဦးမှပဲ'

ယင်းသို့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်က ပြောပြော ဆိုဆိုနှင့်ပင် သစ်ပင်ကြီးအောက်မှဖွဲ့ကြည့်၍ အော်သံများပျံ့လွင့်လာသည့် လမ်းဆီသို့ ဦးတည်မရွေ့လျားသွားလိုက်လေသည်။

ထိုသို့ခပ်သွက်သွက်ရွေ့လျားလာရင်းက လူတစ်ရပ်ကျော် အမြင့်ရှိခြုံပုတ်ကြီးကို ကွေ့ပတ်ကျော်လိုက်၏။

ထိုစဉ် တစ်ဖက်မှ ယင်းခြုံပုတ်ကြီးကို ကွေ့ပတ်ကျော်လာသည့် လူရိပ်နှင့် သူထိပ်တိုက်ဆုံတွေ့မိ၏။

'ဟင်'

'ဟာ'

'ဘုန်း'

'အား'

ကိုယ်ရှိန်မသတ်နိုင်ကြတော့သဖြင့် လုပိုင်ချင်နှင့် နွဲ့နှောင်းသည့်လူရိပ်တို့ ရင်ဆိုင်တိုက်မိကြရင်း မြေလိုင်းပေါ်သို့ လုံးထွေးကျရောက်သွားကြသည်။

သည်တော့မှ....

လုပိုင်ချင်မှာ သူနှင့် မမျှော်လင့်ဘဲ တိုက်မိသူမှာ ရွှေရောင်ဝတ်စုံဝတ် မိန်းမချောလေးတစ်ဦး ဖြစ်နေမှန်း သိရှိလိုက်ရသည်။



ဒါကြောင့် သူ့ရင်ခွင်ထဲဝယ် ညည်းညူလူးလွန့်နေရသော ရွှေရောင်ဝတ်စုံဝတ် မိန်းကလေးကို မြက်ခင်းပေါ်သို့ အသာ ဖယ်ထုတ်လိုက်၏။

ထိုစဉ်မှာပင်....

'ဟူး ဟူး ဟူး'

'ဘုတ် ဘုတ် ဘုတ်'

လူရိပ်ငါးရိပ်တို့ လုပိုင်ချင်ရှိရာဆီသို့ လေပွေတိုက်ခတ်သကဲ့သို့ ပျံ့ဝဲရောက်ရှိလာကြ၏။

သည့်တွင် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်သည် ဝိုင်း၍ ရောက်ရှိလာသည့် လူရိပ်ငါးရိပ်တို့ကို လှမ်းအကဲခတ်ကြည့်ရှုမိပြန်၏။

သူတို့နှစ်ယောက်အား ဝိုင်းရံရောက်ရှိလာကြသည့် ဆောင်ခါးကိုပ်စီနှင့် လူငါးဦးတို့မှာ ဝတ်စုံနက်များကို တူညီစွာ ဝတ်ဆင်ထားကြသည်။

ပြီး သူတို့ခေါင်းအသီးသီးဝယ် ပန်းရောင်ခေါင်းစည်းတို့ကို တူညီစွာရစ်ပတ်ထားကြသည်။

ထို့အတူ....

သူတို့၏ ခါးစည်းကြိုးများမှာလည်း ပန်းရောင်ပင်ဖြစ်လေသည်။

ယင်းပန်းရောင်ခေါင်းစည်းနှင့် ဓားသမားငါးဦးတို့မှာ အသက်အားဖြင့် သုံးဆယ်ကျော်ခန့်ရှိ လူလတ်ပိုင်းများပင်ဖြစ်ကြသည်။

'အင်း....ဒီဓားသမားငါးဦးတို့ဟာ မိန်းကလေးကို လိုက်ဖမ်းကြတာနဲ့တူတယ်၊ ဘာကိစ္စကြောင့်လဲမသိဘူး မေးမြန်းကြည့်ဦးမှပဲ'

ထိုသို့ လုပိုင်ချင်မှာ တွေးတောစဉ်းစားမိလိုက်လေ၏၊

ပြီးမှ သူ ဆောင်ဓားကိုယ်စီအသင့်ကိုင်ဆောင်လျက်ရှိသော ပန်းရောင်ခေါင်းစည်းနှင့် ဓားသမားငါးယောက်တို့ကို တစ်ချက်ဝေ့ဝဲကြည့်ရှုပြီးနောက် ခေါင်းဆောင်ဟုထင်ရလောက်သည့် ကာယဗလတောင့်တင်းလှန်းသော ဓားသမားထံ လှမ်းမေးလိုက်သည်မှာ။

'မင်းတို့ဘာကိစ္စကြောင့် ဓားကိုယ်စီနဲ့ ဒီမိန်းကလေးနောက် လိုက်နေကြတာလဲ'

သည်တော့ ကာယဗလတောင့်တင်းသူက မဲ့ပြုံးပြုံးလိုက်ရင်း....



'ငါတို့ ဒီမိန်းမကို အလိုရှိလို့ လိုက်လာခဲ့တာပဲ မင်းမဆိုင်တဲ့ကိစ္စထဲဝင်မရှုပ်ပါနဲ့ ဘေးထွက်နေလိုက်ပါ'

ယင်းသို့ ခက်ထန်မာကြောစွာဖြင့် အမိန့်ပေးပြောဆိုလာသောကြောင့် မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ ခံပြင်းဒေါသတောင်းခနဲထွက်သွားရလေ၏။

* * *

'အစ်ကိုရယ် ကျွန်…ကျွန်မကိုကယ်ပါရှင်၊ သူ…သူတို့ ကျွန်မကို အနိုင်ကျင့်စော်ကားထားကြသိုပါ'

ထိုသို့ ရွှေရောင်ဝတ်စုံဝတ် မိန်းမချောက လုပိုင်ချင်၏ ခြေအစုံကိုဖက်၍ အသနားခံ တောင်းပန်ငိုကြွေးလာသော ကြောင့် ယင်းသည်တွင် ကာယဗလတောင့်တောင့် ပန်းရောင်ခေါင်းစည်းနှင့် ဓားသမားက နှုတ်ခမ်းတစ်ချက် မဲ့ပစ်လိုက်ရင်း…

'အောင်မယ်…နင်က ဒီလူကို အားကိုးရှာနေတာပေါ့၊ ဟိုတဲကောင်တွေ အချိန်မရှိဘူး၊ ဒီကောင်မကို ဝိုင်းဖမ်းကြစမ်း'

လှမ်းအမိန့်ပေးလိုက်တော့ ကျန်ဓားသမား လေးဦးတို့ ဆောင်ဓားကိုယ်စီ ဝင့်ပြိုက်ကြ၏။

ထိုအခြေအနေကို လှမ်းအကဲခတ်မိလိုက်ရသော လုပိုင်ချင်မှာ ဒုက္ခရောက်နေရသည့်ရွှေရောင်ဝတ်စုံဝတ်မိန်းမချောလေး အား ကယ်တင်ဖို့ ဆုံးဖြတ်ချက်ချလိုက်မိ၏။

ဒါကြောင့် လုပိုင်ချင်သည် သူ့ခြေလုံးအစုံတို့ကို ပွေ့ဖက်ထားသော ရွှေရောင်ဝတ်စုံမိန်းမချောလေးထံ အကြည့်ရောက်ရင်း၊

'ထဗျာ ကျုပ်အနားက ခွာလိုက်ပါ ဒီလူတွေကို ကျုပ်ရှင်ဆိုင်ပါ့မယ်'

သတိပေးပြောလိုက်တော့ ရွှေရောင်ဝတ်စုံဝတ်မိန်းမချောလေးမှာ လုပိုင်ချင်၏ ခြေအစုံကို ဖက်ထားရာမှဖြေလွှတ်လိုက်ပြီး နောက်သို့ရွှေ့သွား၏။



ထိုအခိုက် လုပိုင်ချင်မှာ ဓားအိမ်ထဲမှ မိကျောင်းစိမ်းဓားကို ဖြုတ်ခနဲ ဆွဲထုတ်လိုက်၏။

ထိုအခါ မိကျောင်းစိမ်းဓားဖျားမှ အစိမ်းရောင်အလင်းတန်းကြီး ဘေးဘီဝန်းကျင်သို့ ဖြာထွက်သွားရသည်။

ထိုစဉ်မှာပင်…

ပန်းရောင်ခေါင်းစည်းနှင့် ဓားသမားငါးယောက်တို့သည် ဆောင်ဓားကိုယ်စီဝင့်၍ လုပိုင်ချင်ထံ အားယူမာန်တင်းသံနှင့်အတူ ခုန်ပျံတိုက်ခိုက်လိုက်ကြ၏။

'ယား ယား ယား ယား'

'ဝှီး…ဝှီး ဝှစ်…ဝှစ်…ဝှစ်'

'ထန်…ထန် ချွင်…ချွင် ရှပ်'

'အီး…'

မိကျောင်းစိမ်းဓား လုပိုင်ချင်သည် ဝိုင်းရံတိုက်ခိုက်လာကြသော ပန်းရောင်ခေါင်းစည်းနှင့် ဓားသမားတို့၏ ဓားချက်များအား မိကျောင်းစိမ်းလှိုင်းတံပိုးနှင့် ဓားကွက်တို့ကို အသုံးပြု၍ ခုခံတိုက်ခိုက်လိုက်၏။

ထိုအခါ အစိမ်းရောင်ဓားရိပ်အလင်းတန်းသည် ငွေရောင်ဓားရိပ်များကို လွှမ်းခြုံသွားရလေ၏၊ ပြီး မိကျောင်းစိမ်းဓားချက်တစ်ချက်သည် ပန်းရောင်ခေါင်းစည်းနှင့် ဓားသမားတစ်ယောက်၏ ကျောပြင်ပေါ်သို့ ထိမှန်သွားရလေ၏။

ဒါကြောင့်မို့ ဓားချက်ထိသွားရသော ပန်းရောင်ခေါင်းစည်းနှင့် ဓားသမားတစ်ဦးမှာ နာကျင်ကြီးစွာ အော်ဟစ်ရင်း မြက်ခင်းပေါ်သို့ ပြိုလဲကျသွားလေသည်။

ထိုစဉ် ကျန်ပန်းရောင်ခေါင်းစည်းနှင့် ခါးသမားလေးဦး တို့သည် သူတို့အဖွဲ့သားဒဏ်ရာရသွားသည်ကို ကြုံတွေ့ရပြီး ခံပြင်းဒေါသ ထွက်သွားကြလေသည်။

ဒါကြောင့် ပန်းရောင်ခေါင်းစည်းနှင့် ခါးသမားလေးဦး တို့သည် လုပိုင်ချင်လို ဆေခင်ခါးကိုယ်စီမြှောက်ပင့်ကြကာ တရကြမ်းတိုက်ခိုက်ကြလေသည်။

'ယား....ယား....ယား'

'ဝှီး....ဝှီး....ဝှစ်....ဝှစ်'

'ထန်....ထန်....ဒုတ်....ရှပ်'

'အီး....အား'

'ဘုန်း....ဘုန်း'

သည်တွင် မိကျောင်းစိမ်းခါး လုပိုင်ချင်သည် မိကျောင်း စိမ်းမုန်တိုင်းခါးကွက်ကို အသုံးပြု၍ပန်းရောင်ခေါင်းစည်းနှင့် ခါးသမားလေးဦးထံ တုံ့ပြန် တိုက်ခိုက်လိုက်လေသည်။

ယင်းမိကျောင်းစိမ်း မုန်တိုင်းခါးကွက်မှာ ဆန်းပြားလှ ပြီး အစိမ်းရောင်ခါးရိပ်မှာ ရောင်ခြည်ဖြာထွက်သကဲ့သို့ ပန်း ရောင်ခေါင်းစည်းနှင့်ခါးသမား လေးယောက်တို့အပေါ် ဖြန့် ကျက်လွှမ်းခြုံသွားလေသည်။

ထိုအခါ ခါးသိုင်းပညာရပ် အလည်အလတ် ရှိကြသော ပန်းရောင်ခေါင်းစည်းခါးသမားလေးဦးတို့မှာ အရှိန်အဟုန် ပြင်းပျစွာ လွှမ်းခြုံလာသည့် အစိမ်းရောင် ခါးရိပ်များအား အသည်းအသန် ခုခံကာကွယ်နေရလေသည်။



သို့ရာတွင် ပန်းရောင်ခေါင်းစည်း ခါးသမား နှစ်ဦးတို့မှာ မိကျောင်းစိမ်းခါးလုပိုင်ချင်၏ခါးကွက်ကို လုံးဝခုခံကာကွယ် နိုင်ခြင်း မရှိဘဲ ထိမှန်သွားကြလေသည်။

ဒါကြောင့် ယင်းခါးသမား နှစ်ဦးတို့သည် ရူးရှနာကျင် စွာ ဟစ်အော်ကြရင်း မြက်ခင်းပေါ်သို့ ပြိုလဲကျကုန်ကြလေ သည်။

ယင်းအခြေအနေကို လှမ်းမြင်တွေ့လိုက်ကြရသော ကျန် ပန်းရောင်ခေါင်းစည်းနှင့်ခါးသမားနှစ်ဦးတို့သည် အံ့သြတုန် လှုပ်သွားကြသည်။

ပြီး ထိုခါးသမားနှစ်ယောက်တို့သည် မိကျောင်းစိမ်းခါး လုပိုင်ချင်ကို မယှဉ်ဝံ့ကြဘဲ ထိုနေရာမှ ကျောခိုင်း၍ ခြေကုန် သုတ် ထွက်ပြေးသွားကြလေသည်။

ထိုအခါ မြက်ခင်းပေါ်ဝယ်ခါးဒဏ်ရာ အသီးသီးရရှိနေ ကြသော ပန်းရောင်ခေါင်းစည်း ခါးသမား သုံးယောက်တို့ ကောက်ကာငင်ကာပင်ထ ာကြပြီး ထွက်ပြေး ဒွသူ နှစ်ဦးကို နောက်ပြေးလိုက်သွားကြသည်။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော လုပိုင်ချင်မှာ ပြုံးလိုက်ရင်း....

'ဟင်း....ဟင်း.... ကိုယ့်ထိမှာကျတော့ ကြောက်လိုက်ကြ တာ'

ရေရွတ် ပြောဆိုလိုက်ပြီးနောက် လုပိုင်ချင်မှာ မိကျောင်း စိမ်းခါးကို ခါးအိမ်အတွင်းသို့ ချွင်ခနဲ ထိုးသွင်းလိုက် လေ သည်။

ထိုစဉ် ရွှေရောင်ဝတ်စုံဝတ် မိန်းကလေးမှာ လှပိုင်ချင်ထံ ချဉ်းကပ်ရောက်ရှိလာလေသည်။

ပြီး သူမသည် လှပိုင်ချင်ထံ ကျေးဇူးတင်လွန်းသောအကြည့်ဖြင့် စူးစိုက်ကြည့်ရင်း....

'အစ်ကို ညီမကိုသူတို့လက်ထဲက ကယ်တင်လိုက်တာ ကျေးဇူးတင်ပါတယ်ရှင်'

ကျေးဇူးတင်စကား ပြောဆိုလာသဖြင့် အဝေးသို့အကြည့်ရောက်နေသော လှပိုင်ချင်၏အကြည့် ရွှေရောင်ဝတ်စုံဝတ်မိန်းကလေးထံ ရွှေ့ပြောင်း ရောက်ရှိလာပြီး....

'ညီမ ကျေးဇူးတင်စကားပြောစရာမလိုပါဘူး၊ ဒုက္ခရောက်နေတဲ့မိန်းကလေးအဖြစ်ကို ကြုံတွေ့ရတဲ့သူတိုင်းလက်ပိုက်ကြည့်နေကြမှာမဟုတ်ပါဘူး၊ ကဲ....လာ ကျုပ်အနားယူနေတဲ့အပင်အောက်ကို သွားကြရအောင်'

ပြောတော့ မျက်ခုံး ကောင်းကောင်း၊ နှာတံ ပေါ်ပေါ် မိန်းမချောလေးက မိကျောင်းစိမ်းဓား လှပိုင်ချင်ထံ ရှိန်းလို့ စွာစိုက်ကြည့်ရင်း ခေါင်းအသာညိတ်ကာ....

'ဟုတ်ကဲ့'

သည်နောက် မိကျောင်းစိမ်းဓားလှပိုင်ချင် ရွှေရောင်ဝတ်စုံဝတ် မိန်းကလေးကို သူအနားယူ ထိုင်ခဲ့သော သစ်ပင်ကြီးအောက်သို့ ခေါ်ဆောင်လာလာလေသည်။



သစ်ပင်အောက် ရောက်တော့ လှပိုင်ချင်မှာ မိန်းကလေး စိတ်မောလူပန်းဖြစ်နေရသည်ကို ရိပ်စားမိပြီး ရေဘူးကိုလှမ်းပေးရင်း....

'ညီမလေး ရေသောက်လိုက်ဦး'

'ဟုတ်ကဲ့'

ဟုဆိုကာ ရွှေရောင်ဝတ်စုံဝတ် မိန်းကလေးမှာ လှပိုင်ချင်ထံမှ ရေဘူးကို လှမ်းယူလိုက်လေသည်။

ပြီးနောက် သူမမှာ ရေဘူးအဖုံးဖွင့်၍ ရေတစ်ကျိုက် မော့သောက်လိုက်လေသည်။

ထိုစဉ် မိကျောင်းစိမ်းဓားလှပိုင်ချင်မှာ ရွှေရောင်ဝတ်စုံဝတ် မိန်းကလေးထံ အကြည့်ရောက်ကာ....

'စောစောက ထွက်ပြေးသွားတဲ့လူတွေနဲ့ ဘယ်လို ပတ်သက်နေသလဲ'

လှမ်းမေးလိုက်တော့ ရွှေရောင်ဝတ်စုံဝတ်မိန်းကလေးမှာ သက်ပြင်းလေးပြီး တစ်ချက်ချလိုက်ပြီးနောက်....

'ကျွန်မနာမည် ရိန်လင်းပါ၊ ကျွန်မ ဟူစီအင်းမြို့မှာနေထိုင်ပါတယ်၊ ကျွန်မ ရန်ကျူးမြို့ကို ခရီးထွက်လာရင်း ကျွန်မနောက် နောက်ယောင်ခံလိုက်လာပြီး အဓမ္မကျင့်ကြံဖို့ ကြံစီနေကြတာပါ၊ ကျွန်မ အစ်ကိုနဲ့ တွေ့ကြုံရလို့ ရေတိမ်မနစ်တာပါရှင်'

ယင်းသို့ ရိန်လင်းက သူမအဖြစ်ဆိုးကို အတိုချုံး၍ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ထံ ရင်ဖွင့်ပြောပြလိုက်လေသည်။

သည်တော့ လုပိုင်ချင်က မရိန်လင်းထံ မျက်ခမှာင်ကြုတ်ကြည့်ရင်း....

'မရိန်လင်းကို လက်လုံနှောင့်ယှက်တဲ့သူတွေ ဘယ်သူဘယ် ဝါဆိုတာ သိသလား'

မရိန်လင်းက နဖူးကြောလေးတင်ချက် တွန့်သွားရပြီး....

'အင်း....ဒီလူတွေဟာ ဟူစီအင်းမြို့မှာ ဆိုးသွမ်းခေါင်း ကျန်းနေတဲ့ ဒုစရိုက်သမားတွေပါပဲ'

'သူတို့အဖွဲ့အစည်း နာမည်ကိုရော မရိန်လင်း မသိဘူး လား'

မေးတော့ မရိန်လင်းမှာ ခေါင်းဆတ်ခနဲညိတ်လိုက်ရင်း-

'သိပါတယ်ရှင်၊ သူတို့က သွေးစကြာ ဒုစရိုက်ဂိုဏ်းက အဖွဲ့ဝင်တွေပါ'

'သွေးစကြာဂိုဏ်း ဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ အစ်ကို အဲဒီဂိုဏ်းအကြောင်း ကြား ဖူးလို့လား'

တုံ့ပြန်မေးလာသော မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....



'ဟင့်အင်း....မသိပါဘူး၊ ဒါဆို မရိန်လင်း ရန်ကျူးမြို့ကို ခရီးဆက်ရဦးမှာပေါ့'

မရိန်လင်းမှာ ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....

'ကျွန်မ ဒီလိုကိစ္စမကြုံတွေ့ရင် ရန်ကျူးမြို့ကို သွားမလို့ပါ ဘဲ၊ ဒါပေမယ့် အခုတော့ ကျွန်မ မသွားတော့ပါဘူး၊ ဟူစီ အင်းမြို့ကိုပဲ ပြန်တော့မှာပါ၊ အစ်ကိုရော ဘယ်သွားမှာလဲ'

မေးလာတော့ လုပိုင်ချင်မှာ မဆိုင်းမတွပင် တုံ့ပြန်ပြော လိုက်သည်မှာ....

'ကျုပ်လဲ ဟူစီအင်းမြို့ကို သွားမလို့ပါ'

ထိုစကားကြားလိုက်ရလျှင် ရိန်လင်းမှာ လှုပ်လှုပ်ရှားရှား လေသံဖြင့်....

'ဟယ်....ဒါဆိုအတော်ပဲ၊ ကျွန်မနဲ့အတူတူ ဟူစီအင်းမြို့ကို သွားကြတာပေါ့'

ခရီးအတူသွားရန် ပြောဆိုလာသဖြင့် လုပိုင်ချင်မှာ သဘောတူသည့်အနေဖြင့် ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ကောင်းပြီလေ၊ ဒါဆို အချိန်မလင့်ခင် သွားကြရ အောင်၊ ဒါနဲ့ ညီမမြင်းကို ရှာကြရအောင်'

ပြောလိုက်တော့ မရိန်လင်းမှာ စီးတော်မြင်းကို အမှတ်ရ လိုက်ပြီး....

'ဟင်.... ဘုတ်ပါရဲ့ ကျွန်မမြင်းလဲ ဟိုလူယုတ်မာလက်နက် ပုန်းထိမှန်ပြီး ကြောက်လန့်တကြီး ဘယ်ကို ထွက်ပြေးသွားသလဲ မသိပါဘူး'

မိကျောင်းစိမ်းခေါင်းလုပိုင်ချင်းက....

'ဟာ....ဒါဆို မရိန်လင်းရဲ့မြင်းဟာ အဝေးကို ထွက်ပြေးသွားပြီ'

ဒီစကားကြောင့် မရိန်လင်းမှာ မျက်လုံးမျက်ဆန် ပြူးသွားရပြီး....

'ဟယ်....ဒါဆို ကျွန်မ သွားရေးလာရေး ခက်ခဲသွားရပြီ'

ညည်းညူစကား ပြောဆိုလာသဖြင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ မြင်းညိုကြီးထံ ခေါင်းလှည့်သွားရပြီး သူ့ရင်ထဲမှသန္နိကို ထုတ်ဖော် ပြောသင့် မပြောသင့် စဉ်းစားမိလိုက်လေသည်။

ဒါကြောင့် သူ သက်ပြင်းတစ်ချက် မသိမသာ ချလိုက်မိလေသည်။

နောက် သူ ပူပန်ရိပ်သမ်းနေရသော မရိန်လင်းထံ အကြည့်စူးစိုက်ရောက်ရင်း အားတုံ့အားနာဟန် လေသံဖြင့်....

'မရိန်လင်း လိုက်နိုင်မယ်ဆိုရင် ကျုပ်မြင်းနဲ့လိုက်ခဲ့ပေါ့'



အကြံပေးပြောဆိုလိုက်တော့ မရိန်လင်းမှာ ခေါင်းအသာညိတ်လိုက်ရင်း....

'ဟုတ်....ဟုတ်ကဲ့'

ထိုအခါ လုပိုင်ချင်သည် မြင်းညိုကြီးထံ ချဉ်းကပ်ရောက်ရှိသွားပြီး....

'ကိုင်းဖေ့သားကြီးရေ သွားကြစို့'

ဟု ရေရွတ်ပြောဆိုပြီးနောက် မြင်းညိုကြီး၏ပေါင်းချပ်ကြိုးကိုဆွဲငင်၍ မရိန်လင်းထံဆွဲယူလာ၏။

အနားရောက်တော့ လုပိုင်ချင်မှာ မရိန်လင်းထံ လှမ်းပြောလိုက်သည်မှာ....

'ကဲ....ညီမ မြင်းပေါ်တက်လိုက်ပါ'

မရိန်လင်းသည် ခေါင်းတစ်ချက်ညိတ်လိုက်ရင်း....

'ဟုတ်ကဲ့ရှင်'

ပြောဆိုပြီးနောက် မရိန်လင်းသည် မြင်းညိုကြီးပေါ်သို့ တက်ရောက်လိုက်၏။

ပြီးသော် လုပ်ပိုင်ချင်သည် မရိန်လင်း၏ နောက်ဘက်သို့ မြင်းပေါ်သို့ခုန်လွှားတက်လိုက်၏။

ထို့နောက် လုပ်ပိုင်ချင်မှာ မြင်းကို သစ်ပင်ကြီး များမှ စိုင်းနှင်ထွက်ခွာလာလေသတော့၏။

## အခန်း (၈)

## ရွှေရောင်သစ်ခွသခင်မ၏ မာယာလော

သူတို့ယူစီအင်မြို့အဝင်သို့ ရောက်ရှိသောအခါ နေဝင်ဖျိုးဖျအချိန်သို့ ရောက်ရှိလာလေ၏။

သို့နှင့် မြို့စွန်ရပ်ကွက်သို့ ရောက်သောအခါ မရိန်လင်းက နောက်ဘက်ကိုယ်ချင်းထိကပ်လျက်ရှိသည့် လုပ်ပိုင်ချင်ထံလှမ်း ပြောလိုက်သည်မှာ....

'အစ်ကို ကျွန်မတော့ဗိုက်ဆာလာပြီ စားသောက်ဆိုင် တစ်ခုဝင်ရောက်စားသောက်ရင် ကောင်းမယ်'

သည့်တွင် လုပ်ပိုင်ချင်မှာ လမ်းတစ်လျှောက်လုံး သူ့ရင်ခွင်ထဲဝယ် မရိန်လင်းမှာ ပူးကပ်ထိတွေ့ လာရသဖြင့် စိတ်ဖောက်ပြန်လှုပ်ရှားခဲ့ရသည်။

သို့သော်သူသည် စိတ်ရိုင်းတို့ကို ချုန်းအုပ်၍ ထိန်းထားခဲ့လေသည်။

တကယ်စဉ်းစားကြည့်တော့လည်း သူတို့နှစ်ဦးမှာ သွေးမတော်သားမစပ် သူစိမ်းတရံမျှားဖြစ်ကြသဖြင့် စိတ်ဖောက်ပြန်မိသည်မှာ မဆန်းပဲချေ၊ ဒါကြောင့် သူပင့်သက်မောကြီးတစ်ချက်ချလိုက်ပြီးနောက်....

'ညီမဆာနေရင် ဝင်လေ ညီမကဒီမြို့သူဆိုတော့ဘယ်ဆိုင်ကောင်းသလဲဆိုတာသိမှာပေါ့'

ယင်းသို့ ပြောလိုက်တော့ မရိန်လင်းချက်ချင်း သွက်သွက်လက်လက်ပြောဆိုလာသည်မှာ....

'ဒီဆင်ခြေဖုံးရပ်ကွက်လည်မှာရှိတဲ့ ဆုံရပ်စားသောက်ဆိုင်ဟာ သန့်ရှင်းမှုလဲရှိတယ် လက်ရာလဲကောင်းတယ်'

သည်ဆင်ခြေဖုံးရပ်ကွက်၌ အကောင်းဆုံးဆိုင် ဖြစ်သော ဆုံရပ်စားသောက်ဆိုင်ကို မရိန်လင်းက အညွှန်းပြုပြောဆိုလာလေ၏။

သည်တော့ လုပိုင်ချင်မှာ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး-

'ဒါဆို အဲဒီဆုံရပ်ဆိုင်ကိုသွားကြတာပေါ့ ရပ်ကွက်လယ်ကို ဒီလမ်းအတိုင်းသွားရင်ရောက်တယ်မဟုတ်လား'

လှမ်းမေးလိုက်တော့ မရိန်လင်းမှာ အပြုံးရိပ်ဖြင့် ခေါင်းညိတ်လိုက်ရင်း....



'ဒီလမ်းဟာ ရပ်ကွက်လယ်လမ်းမကြီးပဲ'

'ဩော်....ဩော်'

လုပိုင်ချင်မှာ ခေါင်းတစ်ချက်ညိတ်လိုက်၏။

ပြီးနောက် လုပိုင်ချင်သည် မြင်းညိုကြီးကို ရပ်ကွက်လယ်လမ်းမကြီးအတိုင်း စီးနှင်းလာခဲ့၏။

ထိုအချိန်တွင်....

နေဝင်သွားပြီဖြစ်သော်လည်း မိုးအလင်းရောင်ကကြီးစိုးမင်းမူစဆဲ ဝန်းကျင်တစ်ခုလုံးလင်းလင်းချင်းချင်း ရှိနေလေသည်။

ရာသီဥတုကြည်လင်ကောင်းမွန်သော ညနေခင်း အချိန်မို့ ရပ်ကွက်လယ် လမ်းမကြီးအပေါ်ဝယ် လူသွားလူလာစည်ကားလျက်ရှိနေပေသည်။

ထိုအခါ မြင်းတစ်ကောင်ပေါ်ဝယ် နှစ်ယောက်ပူးကပ်စီးနှင်လာကြသော မိကျောင်းစိမ်းခေါ်လုပိုင်ချင်နှင့် မရိန်လင်းတို့ကိုလမ်းသွားလမ်းလာသူတို့ စူးစမ်းဟန်ဖြင့် လှမ်းကြည့်လာကြ၏။

ယင်းအခြေအနေကို လှမ်းအကဲခတ်လိုက်မိသော လုပိုင်ချင်မှာ အသွားရအလာရခက်သွားရ၏။

သို့ဖြစ်၍ လုပိုင်ချင်မှာ မရိန်လင်းထံ တီးတိုးလေသံဖြင့်ပြောဆိုလိုက်သည်ကား....

'ညီမ အစ်ကိုတို့လမ်းဆင်းလျှောက်ကြရင် ကောင်းမယ်၊ လမ်းမှာလူသွားလူလာများတော့ သွားရခက်တယ်'

မြောတော့ အလိုက်သိလွန်းသော မရိန်လင်းမှာ ခေါင်းအသာညိတ်လိုက်ရင်း....

'ကြွတ်ကဲ့ လမ်းလျှောက်ကြတာပေါ့'

ဟု ပြောဆိုကာ မြင်းညိုကြီးပေါ်မှနေ၍ လမ်းပေါ်သို့ အသာခုန်ဆင်းလိုက်၏။

သည်နောက် ကျောက်စိမ်းခေါး လုပိုင်ချင်သည် မြင်းညိုကြီးပေါ်မှ လမ်းပေါ် ခုန်လွှားဆင်းလိုက်၏၊ ပြီးသူတို့နှစ်ယောက် ဘေးချင်းယှဉ်လျှောက်လျက် လမ်းမအတိုင်း ရပ်ကွက်လယ်သို့ဦးတည်၍လျှောက်လှမ်းလာခဲ့ကြ၏။

သူတို့ရပ်ကွက်လယ်ဈေး၏ မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ရှိဆုံရပ်စားသောက်ဆိုင်ရှေ့သို့ရောက်သောအခါ မိုးစုန်းစုန်းချုပ်သွားရသည်။

ထိုစဉ် သူတို့ဆီသို့ ဖော်ရွေသောအပြုံးကိုဆောင်လျက် ဧည့်ကြိုလူငယ်တစ်ဦး ချဉ်းကပ်ရောက်ရှိလာသည်၊

ထိုအခါ လုပိုင်ချင်က သူ၏မြင်းညိုကြီးကို ဧည့်ကြိုလူငယ်ထံအပ်နှံပြီးနောက် မရိန်လင်းနှင့်အတူ ဆုံရပ်စားသောက်ဆိုင်အတွင်းသို့ ရောက်ရှိသွားကြ၏။

ထိုအချိန်တွင်မူ....

ဆုံရပ်စားသောက်ဆိုင်အတွင်းဝယ် စားသောက်သူများနှင့် စည်စည်ကားကား ဆူဆူညံညံရှိနေသည်ကို သူတို့တွေ မြင်လိုက်ရသည်။

ဆိုင်တွင်းရှိ စားပွဲတိုင်းပိုလို စားသောက်သူများနှင့် ပြည့်နှက်နေသည်ကို သူတို့မြင်ရသည်။



ထိုအခိုက် မရိန်လင်းသည် လုပိုင်ချင်ထံအကြည့် ရောက်ရင်း....

'အစ်ကို အောက်ထပ်တော့ မြင်တဲ့အတိုင်း လူပြည့်နေပြီ၊ အပေါ်ထပ် သီးသန့်ဆီသွားကြရအောင်'၊

အကြံပြုပြောဆိုလာသဖြင့် လုပိုင်ချင်ကခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'သွားလေ'

သို့ဖြင့် သူတို့နှစ်ဦး မင်းလမ်းအတိုင်း အပေါ်သို့တက်ရောက်သည့် လှေကားဆီသို့ လျှောက်လှမ်းလာခဲ့ကြလေသည်၊

ထိုစဉ်မှာပင်....

အခန်းထောင့် စားပွဲဝိုင်းတွင် ဝိုင်းဖွဲ့ထိုင်နေကြသော ဝတ်စုံနက်ဝတ် လူငါးဦးတို့မှာ မိကျောင်းစိမ်းခေါး လုပိုင်ချင်နှင့် မရိန်လင်းတို့ ဆိုင်ထဲဝင်လာကတည်းက လှမ်းအကဲခတ်ကြည့်ရှုနေမိကြသည်။

ဤသည်ကို သူတို့နှစ်ဦးစလုံး ရိပ်စားမိခြင်း မရှိကြပါချေ၊ သူတို့နှစ်ဦးသည် လှေကားထစ်များကို နင်းကျော်ဖြတ်သန်းရင်း အပေါ်ထပ်သို့ရောက်ရှိလာကြသည်၊

အပေါ်ထပ်ရောက်တော့ စားပွဲထိုးလူငယ်က သူတို့ထံ ပျာပျာသလဲ ပြောဆိုလာသည်မှာ....

'အစ်ကို အမှတ်ငါးအခန်းမှာ လူလွတ်နေပါတယ်'

'အေး...အေး'

ဟု သူတို့နှစ်ဦး ပြိုင်တူ ခေါင်းညိတ်စကားဆိုမိလိုက်ကြပြီး ရှေ့က စားပွဲထိုးလူငယ်လေး လျှောက်လှမ်းရာနောက်သို့ ထက်ကြပ်မကွာ လိုက်လာခဲ့ကြလေသည်။

သူတို့ အမှတ်ငါး သီးသန့်အလယ်ရှိစားပွဲဝိုင်း၌ မျက်နှာချင်းဆိုင် ထိုင်မိကြလေသည်။

ထိုစဉ် မရိန်လင်းက ဦးဆောင်၍ အနားတွင်ရပ်နေသော စားပွဲထိုးလူငယ်ထံ လှမ်းမှာကြားလိုက်သည်မှာ....

'မောင်လေး အစ်မတို့ကို ပါးရှက်စိမ်း အရက်တစ်အိုး၊ သီးစုံအချိုရည်တစ်ခရားနဲ့ အမြည်းသုံးလေးပွဲလုပ်လာခဲ့၊ ဒီဆိုင်မှာ အကောင်းဆုံးအမြည်းနော်'

'ဟုတ်ကဲ့ အစ်မ'

ဟုဆိုကာ စားပွဲထိုးလူငယ်လေးမှာ ခေါင်းဆတ်ခနဲညိတ်လိုက်လေသည်။

ပြီးနောက် ယင်းစားပွဲထိုးလူငယ်မှာ သူတို့စားပွဲဝိုင်းမှ ကျောခိုင်းထွက်ခွာသွားလေသည်။

ထိုအခိုက် မိကျောင်းစိမ်းဓားလုပိုင်ချင့်မှာ ယောကျ်ားတကာအပေါ် ဆွဲဆောင်နိုင်သော မရိန်လင်းသို့ အကြည့်ရောက်ရာ....

'ဒါနဲ့ မရိန်လင်းက ဒီမြို့ဘယ်မှာနေတာလဲ'

မေးလိုက်တော့ မရိန်လင်းမှာ ကပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း–

'ကျွန်မ မြို့မြောက်ဘက်ရပ်ကွက်မှာ နေထိုင်ပါတယ်'

'ဪ... မိဘတွေနဲ့ အတူပဲလား'



ယင်းအမေးကြောင့် မရိန်လင်း၏မျက်နှာလှကလေး အုံ့မှိုင်းသွားမှိုင်း ဖြစ်သွားရပြီးမှ ခေါင်းလေးတွဲ့စွာ ခါယမ်းလိုက်ပြီး....

'မဟုတ်ပါဘူးရှင်၊ ကျွန်မအဖေါ်တွေနဲ့ အတူနေတာပါ'

'မရိန်လင်းက အဖော်တွေနဲ့ အတူနေတာကိုး၊ ဒါဆို ညီမမိဘတွေက တခြားတစ်နယ်ဆီမှာပေါ့'

သည်တွင် မရိန်လင်းမှာ ခြေကွဲလိုက်လဲ့သံဖြင့် မိကျောင်းဓားလုပိုင်ချ၏အမေးကို လှမ်းဖြေလာသည်မှာ...။

'ကျွန်မမိဘတွေ ဘယ်ဆီဘယ်ဝယ် ရောက်နေသလဲဆိုတာ ကျွန်မ အခုထက်ထိ မသိရသေးပါဘူးရှင်'

ထိုအဖြေစကားကြားလိုက်ရသည်နှင့် လုပိုင်ချင်မှာ မျက်လုံးအစုံတို့ ပြူးကျယ်သွားရပြီး၊

'ဟာ....မရိန်လင်း ကိုယ့်မိဘတွေ ဘယ်မှာနေထိုင်ကြတာကို ဘာကြောင့် မသိရတာတုန်း'

တအံ့တသြဖြစ်ဟန်ဖြင့် လှမ်းမေးလာတော့ မရိန်လင်းမှာ သက်မဝင်သော အပြုံးတစ်ချက်ကို ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း၊

'ဟင်း....ဟင်း ဘာကြောင့် မသိရသလဲဆိုတော့ ကျွန်မနဲ့ ကျွန်မမိဘတွေ ခွဲခွာခဲ့ရတာ နှစ်အတန်ကြာလာခဲ့ပြီလေ၊ ကျွန်မရဲ့ ခါးသီးလာခဲ့ရတဲ့ ဘဝအကြောင်းတွေလျှောက်ပြောရရင် အစ်ကိုစိတ်မကောင်းဖြစ်ရုံပဲ ရှိပါလိမ့်မယ်'

ယင်းသို့ မရိန်လင်းမှာ သူမ၏ မလှမပ ဘဝဇာတ်ကြောင်းကို လုပ်ပိုင်ချင်ကို ထုတ်ဖော်မပြောလို၍ စကားလှလှဖြင့် ပိတ်ပြောလိုက်လေသည်။

ထိုအခါ လုပ်ပိုင်ချင်မှာ သက်ပြင်းတစ်ချက် မသိမသာချလိုက်မိရ၏။

ထိုအခိုက်မှာပင်....

စားပွဲထိုးလူငယ်မှာ လင်ပန်းတစ်ချပ်ဖြင့် မှာကြားထားသော အရက်အိုး အရက်ခွက် အချိုရည်ခရားနှင့် အမြည်းပန်းကန်များကို သယ်ဆောင်လာရင်း သူတို့စားပွဲဝိုင်းထံ ရောက်ရှိလာလေသည်။

ပြီး ယင်းစားပွဲထိုးလူငယ်သည် လင်ပန်းပေါ်မှ ပစ္စည်းများကို သူတို့စားပွဲဝိုင်းပေါ်သို့ အစီအရီ တည်ခင်းလိုက်လေသည်။

ပြီးနောက် စားပွဲထိုးလူငယ်မှာ သူတို့ကို ဦးတစ်ချက်ညွှတ်ပြီး ကျောခိုင်းထွက်ခွာယာလေ၏။

သည်တွင် မရိန်လင်းက လုပ်ပိုင်ချင်ထံ ရွှန်းလက်သောအကြည့်ဖြင့် စူးစိုက်ကြည့်ရင်း။

'ကဲ....အစ်ကိုလဲ ညီမကြောင့် အတော်လေး ပင်ပန်းနွမ်းနယ်လာရပြီ ယမကာလေး သုံးဆောင်လိုက်ပဦး။'



ပြောဆိုပြီးနောက် သူမကိုယ်တိုင်အရက်အိုးကို ကောက်မ၍ အရက်ခွက်ထဲသို့ ဝါးရွှက်စိမ်း အရက်ချို စောင်းငှဲ့သည့်လိုက်၏။

ပြီးလျှင်သူမ ယင်းအရက်ခွက်ကို လုပ်ပိုင်ချင်ထံ အရိုအသေလှမ်းပေးလိုက်လေသည်။

သည်တော့....

မိကျောင်းစိမ်းစားလုပ်ပိုင်ချင်မှာ သူမ လှမ်းပေးလာသောအရက်ခွက်ကိုလှမ်းယူပြီးနောက် သူအရက်ခွက်ကို မြှောက်ပင့်၍ ဝါးရွှက်စိမ်းအရက် တစ်ကျိုက် မော့သောက် လိုက်လေသည်။

ယင်းအချိန်တွင်မူ....

သူမသည် သီးစုံအချိုရည်ခွက်ကို ကောက်မ၍ သီးစုံအချိုရည်တစ်ကျိုက် မော့သောက်လိုက်လေသည်။

သည်နောက်မိကျောင်းစိမ်းစားလုပ်ပိုင်ချင်နှင့် မရိန်လင်းတို့သောက်စားရင်း ဝ စတွေ့ရာလေးပါး ရယ်ရယ်မောမော ပြောဆိုလာကြလေသည်။

အရက်နှစ်ခွက်ပင် သောက်ရသေးသည်။

မိကျောင်းစိမ်းစားလုပ်ပိုင်ချင်မှာ တစ်ဟုန်ထိုး အမူးရှိန်မှာ ထိုးတက်လာလေသည်။

'ဟာ....ဒီ... ဒီ ဝါးရွက်စိမ်းက ငါသောက်နေကျ ဝါးရွက်စိမ်းအရက်နဲ့ မတူတဲ့ တစ်မူထူးခြားနေပါလား၊ မဟုတ်သေးဘူး'

ထိုသို့ လုပိုင်ချင်မှာ တင်မူထူးခြားနေသောသော်လည်း ရွက်စိမ်း အရက်ကို တွေးတော သုံးသပ်မိလိုက်သည်။

ပြီး သူ့အကြည့်က မရိန်လင်းထံ ရွေ့လျားရောက်ရှိသွား လေသည်။

သည်တွင် မရိန်လင်းမှာ သူ့အားအဓိပ္ပာယ်ပါပါအကြည့် ဖြင့် စူးစိုက်ကြည့်နေသည်ကို သူ လှမ်းမြင်တွေ့လိုက်ရလေသည်။

'ဟင်....မရိန်လင်းအကြည့်တွေထူးခြားတဲ့ အရိပ်အယောင် တွေယှက်သမ်းနေပါလား။ ဟာ....ကျွတ် ကျွတ် ငါ....ငါမခံ မရပ်နိုင်အောင် မူး....မူးလာရပါသလား။ မရိန်လင်းကိုအထပ် ထပ်မြင်....မြင်နေရပါလား'

ယင်းသို့လုပိုင်ချင်စိတ်လှုပ်ရှားစွာ ရေရွတ်နေရင်းက သူ့ အမြင်အာရုံပေါ်ဝယ် မရိန်လင်းကိုကိုယ်ရိပ်ကိုယ်ပွား အထပ် ထပ်မြင်လာရလေသည်။

နောက်ဆုံး သူအခန်းတစ်ခုလုံးချာလပတ်လည်သလို မခံ မရပ်နိုင်အောင်မူးလာရလေသည်။

ပြီး သူ့ကိုယ်သူ မားမားရပ်တည်နိုင်စွမ်း မရှိပဲ စားပွဲပေါ် သို့ အရုပ်ကြိုးပြတ်ကျသည့်နှယ် ခေါင်းထိုးကျသွားလေသည်။

'အား....'

'ဝုန်း....'

'ချွင်....ဂလွမ်'

'ဟင်း....ဟင်း....ဟင်း'



သူစားပွဲပေါ်သို့ ပြိုလဲကျသွားမှုကြောင့် ပန်းကန် ခွက် ယောက်များထိခိုက်ကာ ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျရောက် ကာ ကွဲရှကုန်ကြလေသည်။

သည်တွင် သခောာကျရယ်မောသံအခန်းတွင်းဝယ် ပျံ့လွင့် ပေါ်ပေါက်လာလေတော့သည်။

ထိုသို့ ရယ်မောလိုက်သူကား....

* * *

'ဝလောက်'

'ကျွီ....ကျွီ....ကျွီ'

သော့ခလောက်ဖွင့်သံ။

တံခါးတွန်းဖွင့်လိုက်သည့်ဆူညံလာသော အသံဗလံများကြောင့် ကျောက်ခုတင်တစ်လုံးပေါ်ဝယ် ငြိမ်သက်စွာဖြင့်လဲလျောင်းနေသော အစိမ်းရောင် ဝတ်စုံဝတ်လူ သက်ဝင် လှုပ်ရှားလာလေသည်။

အချိန်မှာ နံနက်နာရီခမောင်းရှစ်ချက်ထိုးအချိန်သို့ ရောက်ရှိနေချေပြီ။

စင်စစ်သော်....

ကျောက်ခုတင်ပေါ်မှ သက်ဝင်လှုပ်ရှားလာသူအား တစ်ခြားသူဟုတ်ရိုးလော။

မနေ့ညက မြို့စွန်ရပ်ကွက်ရှိ ဆိုရှ်စားသောက်ဆိုင်အပေါ် ထပ်သီးသန့်ခန်းဝယ် အမူးလွန်မေ့ပြဲသွားရသော လုပိုင်ချင်မှာ ရုတ်တရက်ပေါ်ပေါက်လာရသောအသံဗလံများကြောင့် တစ်ညလုံး မူးမေ့နေရာမှ သက်စင် နိုးထလာရခြင်း ဖြစ်လေသည်။



ထိုသည်တွင် လုပိုင်ချင်သည် ပက်လက်လှန်လဲလျောင်းနေရာမှ မျက်လုံးအစုံဖွင့်ကြည့်ခိုက် ခိုင်ခန့်သောကျွန်းပြားများ လုံလုံခြုံခြုံမိုးထားသည်ကို တွေ့မြင်လိုက်ရာ တအံ့တဩဖြစ်သွားရပြီး....

'အင်း....ငါ ငါ ဆိုရှ်စားသောက်ဆိုင်မှာ မူးမေ့သွားရင်းက ဘယ်နည်းနဲ့ ဒီနေရာ ရောက်နေရတာလဲ၊ မရိန်လင်းများ ဒီကိုခေါ်လာတာလား၊ ဒီနေရာ ဘယ်နေရာပါလိမ့်'

ယင်းသို့ လုပိုင်ချင်မှာ ကျွန်းပြားအမိုးကို စိုက်ကြည့်ရင်း အဖြေရှာစဉ်းစားမိနေ၏။

ထိုအခိုက်မှာပင်....

'ခွပ်....ခွပ်....ခွပ်'

အခန်းတွင်းသို့ လှမ်းဝင်လာကြသော ဖိနပ်နှင့်ကြမ်းပြင် ထိတွေ့သည့် ခြေလှမ်းသံကို လုပိုင်ချင် ကြားလိုက်ရသည်။

ငါ့ကြောင့် [illegible] ခြေလှမ်းလှမ်းသံပျံ့လွင့်လာရာသို့ ကိုယ်စောင်းကြည့်လိုက်မိ၏။

'ဟာ....ရဲမက်တွေပါလား၊ ငါ....ငါ ရဲမက်စခန်းအကျဉ်းထဲရောက်နေပါလား၊ ဒါ....ဒါဆိုရင် မရိန်လင်းဟာ....'

အခန်းထဲသို့ လျှောက်လှမ်း လာကြသော ရဲမက်စစ်သည်များကို လုပိုင်ချင်မြင်တွေ့ရပြီး အံ့သြတုန်လှုပ်သွားရ၏။

ပြီး သူမနေ့ညက ဆုံချပ်စားသောက်ဆိုင်သီးသန့်ခန်းတွင် အတူတွဲသောက်ခဲ့ရသော မင့်နီလင်းအပေါ် သံသယဝင်သွားရလေသည်။

သို့သော်လည်း သူမူးပြီးသတိလစ်သွားသော အခြေအနေကို မည်သို့မျှ မသိရှိရသေးသဖြင့် မရိန်လင်းအပေါ် သံသယဝင်မှုနည်းပါးသွား၏။

'အင်း... ရဲမက်တွေ ငါ့ကို လာခေါ်ပုံထောက်ရင် ငါ့ဒီ အကျဉ်းစခန်းထဲ ဘယ်ပုံဘယ်နည်း ရောက်လာရသလဲ ဆိုတာ သိရမှာပဲ'

ယင်းသို့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ရေရွတ်ပြောဆိုနေစဉ် ခိုက်မှာပင် သူ့အနားသို့ ရဲမက်စစ်သည်လေးဦး ချဉ်းကပ်ရောက်ရှိလာကြလေ၏။

ထိုတွင် ရဲမက်တပ်ကြပ်ကြီး စုံရှန်ကျန်းကမိကျောင်းစိမ်းခေါင်းလုပိုင်ချင်ထံ ခက်ထန်မာကြောစွာစူးစိုက်ကြည့်ရင်း....

'မင်းနာမည် လုပိုင်ချင်ဆိုတာ ဟုတ်သလား'၊

အပြစ်ရှိသူပမာနှယ် ဝေါက်ဖမ်းမေးမြန်းလာသဖြင့် ဘုမသိဘမသိ အချုပ်ခန်းထဲ ရောက်နေရသော မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ မခံချိမခံသာဖြစ်သွားရပြီး အသံတူ တုံ့ပြန်ဖြေလိုက်မိသည်မှာ....



'ဟုတ်တယ်'

မချေမငံ တုံ့ပြန်ဖြေလာသော မိကျောင်းစိမ်းခေါင်းလုပိုင်ချင် စကားကြောင့် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ မကြေမချမ်း ဖြစ်တည်သွားရပြီး၊

'ဟိတ်ကောင် ငါမေးတာ ချိုချိုသာသာဖြေစမ်း မင်းဘယ်မြို့ကလဲ ကျောက်လက်ဝါးကြီးစုံရှန်ကျန်းဆိုတာ မကြားဖူးဘူးနဲ့တူတယ်'

ကြိမ်းဝါးပြောဆိုလာမှုကြောင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ မဲ ပြုံးတစ်ချက်ပြုံးလိုက်ရင်း၊

'နေစမ်းပါဦး ကျုပ်ဘာပြစ်မှုရှိလို့ ဒီအချုပ်ခန်းထဲမှာ ခေါ်ချုပ်ထားရတာလဲ'

ယင်းစကားကြောင့် ရဲမက်တပ်ကြပ်ကြီး စုံရှန်ကျန်းမှာ ဒေါသရောင်ရစ်လွှမ်းလာရသော မျက်လုံးအစုံကြောင့် လုပိုင်ချင်ထံ စူးစူးဝါးဝါးစိုက်ကြည့်ရင်း၊

'ဘာကွ မင်းကျူးလွန်လာတဲ့အပြစ်ကို မင်းမသိဘူးလား'

ထိုသို့ ရဲမက်တပ်ကြပ်ကြီး စုံရှန်ကျန်း အော်ဟစ်ဝေါက်ငမ်းမေးလာတော့ အသံကျယ်ကြီးက အချုပ်ခန်းတွင်းဝယ် မိုးခြိမ်းသံ ကျယ်ကျယ်လောင်လောင် လွှမ်းခြုံသွားသည့်ပမာ ဖြစ်သွားရလေ၏။

သို့စေကာမူ မည်သည့်အပြစ်မှ ရှိသည်မဟုတ်ဟု ထင်မှတ်နေရသော လုပိုင်ချင်မှာ မထီမဲ့မြင်ဟန်ဖြင့် အပြုံးတစ်ချက်ပြုံးလိုက်ရင်း၊

'ဟင်း... ဟင်း ကျုပ် မနေ့ညက အရက်သောက်မိပြီး မူးမေ့သွားရုံကလွဲလို့ ဘာအပြစ်မှမရှိဘူး'

'ဘာပြောတယ်ကွ၊ မင်းနဲ့အတူ ဆုံရပ်စားသောက်ဆိုင် သီးသန့်ခန်းမှာ အတူသောက်လာတဲ့မိန်းမ ဘယ်သူဘယ်ဝါ ဆိုတာသိသလား'

မေးတော့ လုပိုင်ချင်သည် အပြုံးသဲ့သဲ့ဖြင့် ပခုံးတစ်ချက်တွန့်ပစ်လိုက်ရင်း။

'သိပ်သိတာပေါ့၊ သူ့နာမည်က မရိန်လင်း သူ့ကို တောအုပ်ထဲမှာ သွေးစကြာဒုစရိုက်ဂိုဏ်းအဖွဲ့သားတွေ ဝိုင်းအနိုင်ကျင့်ကြလို့ ကျုပ်ဝင်ကယ်ထုတ်ခဲ့ရသေးတယ်'

သူ့စကားဆုံးသွားသည်နှင့်....

'ဟား ဟား ဟား ဟား ဟား'

အချုပ်ခန်းတွင်းဝယ် ရဲမက်စစ်သည်လေးဦးတို့ လှောင်ပြောင်ဟားတိုက် ရယ်မောလိုက်ကြသော အသံကြီးများမှာ ကျယ်ကျယ်လောင်လောင် လွှမ်းခြုံသွားရလေသည်။

ထိုအခြေအနေကို ကြုံတွေ့လိုက်ရသော လုပိုင်ချင်မှာ အံ့ဩမင်သက်မိသွားကြရ၏၊



တခဏကြာတော့ ထိုရဲမက်စစ်သည်တို့၏ ရယ်မောသံများ တိတ်ဆိတ်သွားရ၏၊ သည်ကွင် မိကျောင်းစိမ်းခေါင်းလုပုိင်ချင်က အရယ်ရိပ်စွန်းထင်စဲရှိနေသော ရဲမက်စစ်သည်တပ်ကြပ်ကြီး စုရှန်ကျန်းထံ နားမလည်နိုင်စွာဖြင့် စူးစိုက်ကြည့်ရင်း၊

'နေစမ်းပါဦး၊ ကျုပ်စောစောကပြောတဲ့ စကားထဲမှာ ရယ်စရာပါလို့လား'

မေးလိုက်တော့ ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းက နှာခမ်းတစ်ချက် မဲ့ရှုံ့လိုက်ပြီး....

'ဟိတ်ကောင် မင်းအခုမှ ကလိုန့်စေ့ပြမ်းဆင်စကားတွေ လာပြောနေလို့ ငါတို့ အဘောကျရယ်မိတာ ငါတို့မြို့မှာ သွေးစကြာဒုစရိုက်ဂိုဏ်းဆိုတာ လုံးဝ မရှိဘူးကွ'

ထိုအဖြေစကားကြားလိုက်ရပြီး လုပုိင်ချင်မှာ မျက်လုံးပြူးကျယ် ဝိုင်းစက်စွာဖြင့်...

'ဒါ... ဒါဆို မရိန်လင်းကို ဝိုင်းဖမ်းတဲ့သူတွေက ဘယ်သူတွေလဲ'

ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းက....

'အဲဒီ လူတွေက ငါတို့ရဲ့ ရဲမက်စခန်းကလူတွေ အဲဒီ မင်းပြောတဲ့ မရိန်လင်းဆိုတဲ့ ရွှေရောင်သစ်ခွ သခင်မ ယာရိန်လင်းဟာ မြို့သူဌေးကြီး ဆင်ကျူကျန်ထံ ဆီက ရတနာပစ္စည်းတွေ မိန်းမယာယာသုံးပြီး လိမ်လည်လှည့်ဖျား ခိုးယူသွားတဲ့ မိန်းမပဲ၊ အဲဒါကို မင်းက သူနဲ့ အလိုတူအလိုပါ ငါ့ရဲ့ အဖွဲ့

သားတွေကို ဒက်ရာတရပြစ်အောင် တိုက်ခိုက် ကယ်ထုတ်ခဲ့တယ်၊ အခု သူလဲ ငါတို့ ဖမ်းချုပ်ထားပြီး ဒီနေ့ မင်းကို မြို့ဝန်မင်းရုံးတော်ကိုတင်ပြီး အပြစ်ဒဏ်ချမှတ်ဖို့ ငါတို့လာခေါ်တာ၊

'ဟင်....'

လုံးဝ မထင်မှတ်သော ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်း၏ ဆိုစကားကို ကြားလိုက်ရပြီး လုပိုင်ချင်မှာ အလွန်အမင်း အံ့သြတုန်လှုပ်သွားရလေသည်၊

'ဒါ....ဒါဆို တောအုပ်အတွင်းတုန်းက မရိန်လင်းဟာ သူ့ကို သေးစကြာ ဒုစရိုက်ဂိုဏ်းအဖွဲ့သားတွေ လိုက်ဖမ်းနေလို့ ယူကြတယ်လို့ ပြောရတာလဲ၊ အခုရဲမက်ကြီး ပြောတဲ့စကားနဲ့ တခြားစီဖြစ်နေပါရောလား၊ ကြားမှာတစ်ခုခုတော့ လွဲချော်နေတာရှိရမယ်၊ အင်း....ငါ မြို့ဝန်ရုံးကိုလိုက်သွားမှ အဖြေမှန် သိရမှာပဲ'

ထိုသို့ လုပိုင်ချင်က နဖူးကြောကြုတ်၍ တွေးတောစဉ်းစားမိလိုက်၏၊

ပြီးမှ သူ ဆက်ပြင်းတစ်ချက် မသိမသာချလိုက်မိ၏၊

ထိုအခိုက် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းက ရဲမက်တစ်ဦးစီထံအကြည့်ရောက်ပြီး....

'ဟိတ်....သူ့ကိုရုံးတင်ဖို့ ထိပ်တုံးခတ်လိုက် စမ်း'

လှမ်းအမိန့်ပေးလိုက်သဖြင့် စစ်သည်တစ်ဦးမှာ ခေါင်းငြိတ်ခနဲညိတ်ပြီး....



'ဟုတ်ကဲ့ ဆရာကြီး'

ဟုဆိုပြီး မိကျောင်းစိမ်းခါး လုပိုင်ချင်ထံ ချဉ်းကပ်ရောက်ရှိသွား၏၊

သည်အတွင် လက်ခုပ်ထဲကရေ ရောက်နေရသည့် လုပိုင်ချင်မှာ ရဲမက်စစ်သည်၏ ထိပ်တုံးခတ်ခြင်းကို ငြိမ်းဆန်မှုမပြုဘဲ လိုက်လျောလက်ခံလိုက်ရ၏၊

'အော်....ငါ့ဘဝကံကြမ္မာကြီးဟာ ကံဇာတ်ဆရာရဲ့ ကစ်ဆစ်ချိုး လှည့်ပတ်လိုက်မှုကြောင့် သူဘောင်းဘပေါ်နေ ခုံရုံးတင်ခံရတဲ့ တရားခံဘဝ ရောက်သွားရပါပလား၊ ငါ့ဘဝ ဇီလိုအဖြစ်ဆိုးနဲ့ကြုံတွေ့ရအောင် ဘယ်သူဖန်တီးလိုက်တာလဲ၊ အယုံသွင်းသွားတဲ့ ရွှေရောင်သစ်ခွ လီရိန်လင်းပဲလား၊ ဒါမှ မဟုတ် ဘယ်သူလဲ'

ထိုသို့ မိကျောင်းစိမ်းခါး လုပိုင်ချင်မှာ ရဲမက်စစ်သည်များ ဖမ်းဆီးခေါ်ဆောင်ရာနောက် တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာရင်းက သူ့အား ပညာသားပါပါ ချောက်ထဲဆွဲသွင်းလိုက်သည့် တရားခံကို တွေးတောစဉ်းစား အဖြေထုတ်နေမိသည်၊

သို့ဖြင့် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းခေါင်းဆောင်သည့် အဖွဲ့သည် မိကျောင်းစိမ်းခါး လုပိုင်ချင်ကို အချုပ်ရသွားလုံးဖြင့် ကူစီအင်မြို့လယ် အချေခြမ်းရှိ တရားရုံးတော်သို့ ခေါ်ဆောင်လာကြ၏၊

သူတို့ ယင်းတရားရုံးတော်ရောက်ခဲ့တာ နေမွန်းတည့်လု ပင်ဖြစ်နေ၏။

ပြောရမည်ဆိုလျှင် ဟူစီအင်မြို့ကြီးသည် ရန်ကျူးမြို့ထက် ကျယ်ပြန့်စည်ပင်သည့် မြို့ကြီးတစ်မြို့ဖြစ်၏။

ငြိမ်း အချက်အချာကျသည့်မြို့ကြီးဖြစ်သဖြင့် လူဝင်လူထွက် မပြတ်စည်ကားလျက်ရှိ၏။

သို့မို့ကြောင့်လည်း....

ယင်းဟူစီအင်မြို့၌ မြို့ဝန်မင်းကိုယ်တိုင် အခြေစိုက်နေထိုင် ပြီး တိုက်ရိုက်အုပ်ချုပ်စီမံကွပ်ကဲ၏။

ပြီး ရန်ကျူးမြို့သည်လည်းသူ့လက်အောက်ခံ မြို့တစ်မြို့ဖြစ် သည်။

သို့ရာတွင် မြို့ဝန်မင်း ထိုက်ချိကု ရန်ကျူးမြို့၏ အုပ်ချုပ်ရေး အပိုင်းကို မြို့အုပ်ချုပ်သူ ဟူကျိန်တို့အား အာဏာကုန်လွှဲအပ် အုပ်ချုပ်ခွင့်ပြုထားကြ၏။

ဒါသည်ကလည်း နေပြည်တော်က ဘုရင်မင်းမြတ် စီစဉ် ညွှန်ကြား ခန့်အပ်ထားခြင်းဖြစ်၏။

သို့ဖြင့် ရဲမက်များက ဖမ်းဆီးခေါ်ဆောင်လာမှုကြောင့် လုပိုင်ချင်မှာ ခံပြင်းဒေါသစိတ်နှင့်ထိုက်ချိ၏ရုံးခန်းသို့ရောက်ရှိ လာရ၏။

ထိုစဉ်....

တရားရုံးခန်းအတွင်း၌ သူ့အရင် ရွှေရောင်သစ်ခွသခင်မ လီရိန်လင်း ကြိုတင်ရောက်ရှိနေသည်ကို လုပိုင်ချင်တွေ့မြင် သည်။



သည်တွင် သူရုံးခန်းထဲဝင်ရောက်လာသည်ကို လှမ်းကြည့် နေသည့် လီရိန်လင်း၏အကြည့်နှင့်သူ့အကြည့် ဆုံသည်းသွား ရ၏။

ထိုအခါ ရွှေရောင်သစ်ခွသခင်မ လီရိန်လင်း၏အကြည့် ချက်ချင်းလွှဲဖယ်သွားပြီး မျက်လွှာချသွား၏။

'အင်း....သူ ငါ့ကိုလှမ်းကြည့်နေတဲ့အကြည့်မှာ မရိုးသား တဲ့အရိပ်တွေ ငါရှာဖွေတွေ့လိုက်တယ်၊ ဧကန္တ ဒီကောင်မ ငါ့ကို မာယာနဲ့ ဒီချောက်ထဲဆွဲသွင်းလိုက်တာပဲလား'

ယင်းသို့ သူ ရွှေရောင်သစ်ခွသခင်မ လီရိန်လင်းအပေါ် သံသယဝင်စွာ တွေးတောသုံးသပ်မိ ပိုက်၏။

ထိုစဉ်အစောင့်ရဲမက်စစ်သည်နှစ်ဦးတို့သည် မိကျောင်းစိမ်း ခေါ်းလုပိုင်ချင်ကို တရားခံထားရာ ဝက်ခြံအကာအရံအတွင်း သို့ ထည့်သွင်းလေ၏။

ကွမ်းတစ်ရာညက်ခန့် ကြာသောအခါ တရားခုံရုံး စားပွဲ ရှည်အလယ်၌ ကျွန်းခုံမြင့်ကြီးတစ်လုံးပေါ်သို့ အဖြူရောင်ပိုး ထည်ဝတ်စုံနှင့် မြို့ဝန်မင်း ထိုက်ချိ ဣနြေ္ဒရရပင် ဝင်ရောက် ထိုင်လာလေတော့သည်။

## အခန်း (၉)

## ပဟေဠိဝတ်စုံနှင့်ဓားပြတောကျွန်းကြီး

ထိုအချိန်တွင်....

မြို့ဝန်မင်းတိုက်ချိ၏ အမိန့်ချမှတ်မှုကို လာရောက်နား ထောင်လိုကြသော ဟူစီအင်မြို့သူမြို့သားအချို့ တရားရုံးခန်း မထဲတွင် အသင့်တန်းစီခင်းထားသည့် ထိုင်ခုံအသီးသီးတို့ဝယ် ဝင်ရောက်ထိုင်လိုက်ကြ၏။

ယင်းသို့ရောက်ရှိလာကြသော ဟူစီအင်မြို့သူ မြို့သားများ သည် မြို့သူဌေးကြီး ဆင်ကျူကျန်၏ ရွှေငွေရတနာပစ္စည်းတို့ ကို ပူးပေါင်းကြံစည်ကြသည့် ရွှေရောင်သစ်ခွသခင်မ လီရိန် လင်းနှင့် မိကျောင်းစား လုပိုင်ချင်တို့ကို ရှုံမုန်းတီးသော အကြည့်များဖြင့် စုပြုံစိုက်ကြည့်လာကြလေသည်။



ပြီး ဟူစီအင်မြို့သူမြို့သားတို့မှာ အရုးခံနှစ်ဦးတို့ကို လှမ်း ကြည့်ရင်း တီးတိုးတီးတိုးပြောဆိုရရှုတ် ပြောဆိုနေကြလေ သည်။

ထိုစဉ်မှာပင်....

တရားရုံးခန်းအတွင်းသို့ ရွှေရောင်ပိုးသည်ဝတ်စုံ ဝတ်ဆင် မြန်းထားသော ဝဝဖိုင့်ဖိုင့် ထောင်ထောင်မောင်းမောင်း လူ ကြီးတစ်ယောက် တည်ကြည်ရာနွဲ့ဖြင့် ဝင်ရောက်လာ၏။

ဝင်စစ်တော့....

ထိုရွှေရောင်ဝတ်စုံဝတ်လူကြီးမှာ ဟူစီအင်မြို့ သူဌေးကြီး ဆင်ကျူကျန်ပင်ဖြစ်သည်။

မြို့သူဌေးကြီးဆင်ကျူကျန်မှာ မင်းလမ်းအတိုင်းလျှောက် လှမ်းလာပြီးအဲ့ရွှေဆုံးသီး သန့်ကျွန်းထိုင်ခုံတန်းတွင် ဝင်ရောက် ထိုင်လိုက်၏။

ယင်းသို့တရားရုံးခန်းအတွင်းသို့ မြို့သူဌေးကြီး ဆင်ကျူ ကျန်ဝင်ရောက်လာသည်နှင့် မြို့သူမြို့သားတို့၏ တီးတိုးပေဖန် သံများ စီစီညံညံ ပေါ်ထွက်လာကြလေသည်။

ထိုအခိုက်....

မြို့ဝန်မင်းထိုက်ချိသည် သစ်သားတူဖြင့် ပေတုံးကို သုံး ခေါက်ချက်ထုလိုက်လေသည်။

'ဒုန်း ဒုန်း ဒုန်း'

ထိုသို့မြို့ဝန်မင်း ထိုက်ချီ၏သစ်သားတူရိုက်ချက်ကြောင့် စီစီညညရှိနေကြသော သူမြို့သားများ ရှုတ်ခြည်း တိတ်ဆိတ်သွားရ၏။

ထိုအခါ မြို့ဝန်မင်း ထိုက်ချီမှာ ဆိတ်ငြိမ်သက်သွားရသောတူသံများထံ အကြည့်တစ်ချက် ဝေ့ဝဲကြည့်ရှုလိုက်လေသည်။

ပြီးမှ မြို့ဝန်မင်းထိုက်ချီမှာ ရဲမက်စခန်းမှ တင်လာသော ရွှေရောင်သစ်ခွသခင်မ လီရိန်လင်း၏အမှုတွဲကို မျက်မှောင်ကြုတ်၍ စေ့စေ့စပ်စပ် ဖတ်ရှုလိုက်၏။

တအောင့်မျှကြာသည်နှင့် မြို့ဝန်မင်းထိုက်ချီမှာ အမှုတွဲ ဖတ်ရှုပြီးနောက် တရားခုံစားပွဲရှည်၏ ညာဘက်ခြမ်းရှိ ဝက်ခြံတွင် ခေါင်းငိုက်စိုက်ချလျက် ရှိနေသော ရွှေရောင်သစ်ခွသခင်မ လီရိန်လင်းထံ စူးစိုက်ကြည့်ရင်း....

'လီရိန်လင်း ဒီမှုခင်းကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့တာမှန်သလား'

ညြဇာညောင်းသော လေသံဖြင့် လှမ်းမေးလာကြောင့် ရွှေရောင်သစ်ခွသခင်မ လီရိန်လင်းမှာ မြို့ဝန်မင်း ထိုက်ချီထံ ခေါင်းထောင်ကြည့်လာသည်။

ပြီး သူမခေါင်းတစ်ချက်လေးတွဲစွာညိတ်လိုက်ရင်း ဝန်ခံပြောဆိုလာသည်မှာ....



'မှန်ပါတယ်ရှင်'

'အိမ်း....ပြီးတော့ ဟိုဘက်က လုပိုင်ချင်ဟာ ဒီအမှုကို လီရိန်လင်းနဲ့အတူ ပူးပေါင်းကြံစီလာခဲ့တယ်ဆိုတာ ဟုတ်လား'

သူမမှာ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ပါတယ် မြို့ဝန်မင်း'

'ဟိတ်.... တာမဟုတ်တာတွေ လျှောက်ပြောနေရတာလဲ မြို့ဝန်မင်း သူပြောသလို ဒီအမှုကို ကျုပ်တော်မျိုး ပူးပေါင်းကြံစည်တာမဟုတ်ပါဘူး'

ထိုသို့ မိကျောင်းစိမ်းခေါ: လုပိုင်ချင်မှာ ခံပြင်းဒေါသထွက်စွာဖြင့် မြို့ဝန်မင်းထိုက်ချီအား ထိုချေပြောဆိုလိုက်လေသည်။

ထိုအခါ မြို့ဝန်မင်းထိုက်ချီသည် မိကျောင်းစိမ်းခေါ: လုပိုင်ချင်ထံ အကြည့်ပြောင်းရွှေ့ရောက်သွားပြီး....

'မင်းဘာမှစောဒကတက်မနေနဲ့၊ ဒီမှာမင်းနဲ့အတူပူးပေါင်းကြံစီလာတဲ့ လီရိန်လင်းက ဝန်ခံပြောဆိုလာပြီ၊ ကဲ....မင်းတို့နှစ်ယောက်စလုံး အမိန့်နာခံကြ'

သူ၏တင်ပြမှုကိုငြင်းပယ်ချလိုက်သော တစ်ဖက်သတ် မြို့ဝန်မင်းထိုက်ချီထံ မုန်းတီး နာကြည်းဟန်ဖြင့် စိုက်မိကြည့်လိုက်သည်။

ရှေ့ဆက်ငြင်းပယ်ပြောဆိုသော်လည်း အကျိုးထူးတော့မည်မထင်၍ မိကျောင်းစိမ်းခေါ:လုပိုင်ချင်မှာ သက်ပြင်းလေးကြီးတစ်ချက်ချလိုက်မိလေသည်။

'နေအေးလေ လီရိန်လင်း နင်တို့ပရိယာယ်ဆင်ပြီးငါ့ကိုဒုက္ခ လှလှကြီး ရောက်အောင်လုပ်တဲ့ အပြစ်ကြေးကို တစ်နေ့ငါ ကလဲ့စားချေပြမယ်'

ယင်းသို့ မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ စိတ်ထဲကကြိမ်း ဝါးပြောဆိုလိုက်လေသည်။

ထိုစဉ်မှာပင်....

မြို့ဝန်မင်းထိုက်ချီသည် ရွှေရောင်သစ်ခွသခင်မ လီရိုန်လင်း နှင့် မိကျောင်းစိမ်းဓားလုပိုင်ချင်တို့ကို အပြစ်ဒဏ် ချမှတ်လေ လေသည်။

'တရားခံနှစ်ဦးစလုံးနားထောင်၊ သူခိုးကြီး ဆင်ကျူကျန် ရဲ့ ရွှေငွေရတနာပစ္စည်းတွေကို သိမ်းသည့်မှုနှင့်များ ခိုးယူမှုနှင့် ပြစ်မှုကျူးလွန်ခဲ့ကြသော ရွှေရောင်သစ်ခွသခင်မလီရိုန်လင်းနှင့် မိကျောင်းစိမ်းဓားလုပိုင်ချင်တို့ကို ထောင်ဒဏ် ခုနစ်နှစ် ကျခံစေ ဤရုံးတော်မှ အမိန့်ချမှတ် လိုက်သည်'

'အောင်မယ်လေးလေး'

'ဟင် ဟာ အို'

'ရွှေရောင်သစ်ခွသခင်မ လဲကျသွားပြီ'



အမိန့်ချမှတ်လိုက်သောအပြစ်ဒဏ်ကိုကြားလိုက်ရသည့် ရွှေရောင် သစ်ခွသခင်မ လီရိုန်လင်းမှာ ရုတ်တရက်ဝက်ခြံအတွင်း သတိလစ်မေ့လဲကျသွားလေသည်။

ထိုအခြေအနေကိုလှမ်းမြင်တွေ့လိုက်ရသောလူများ လှုပ် လှုပ်ရှားရှားဖြစ်သွားရလေသည်။

ထို့နောက် မြို့ဝန်မင်းထိုက်ချီသည် သစ်သားတူကိုကိုင်၍ စားပွဲကို တဒုန်း ဒုန်း ထုနှက်ရင်း ဆူဆူညံညံ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသောလူများကို ရှုတ်ခြည်း တိတ်စေလိုက်လေသည်။

'ဒုန်း....ဒုန်း....ဒုန်း'

ထိုအခါ တရားရုံးတော်အတွင်း အပ်ကျသည့်ပင် ကြားရလောက်အောင် တိတ်ဆိတ်သွားတော့မှ ...

'အားလုံးနားထောင်ကြပါ၊ အခုတရားခံဖြစ်သူ ရွှေရောင်သခင်မ လီရိုန်လင်းမှာ ကျန်းမာရေး အခြေအနေပေါ် ပေါက်လာရသဖြင့် ရုံးတော်မှချမှတ်ထားသော ထောင်ဒဏ်အားကျခံခြင်းမှ အခါ နှင့်အသင့်မရှိ ရွှေ့ဆိုင်းငံ့လိုက်သည်၊ သူ ကျန်းမာရေးကောင်းမွန်လာမှ ရုံးတော်မှချမှတ်ထားသည့် အပြစ်ဒဏ်ကို ဆက်လက်ကျခံစေ'

ထိုထပ်ဆင့်အမိန့်ကိုကြားလိုက်ကြရသော လားရောက်နားထောင်သူတို့ထံမှ အမျိုးမျိုး ဝေဖန်သံများ တီးတိုး တီးတိုး ထွက်ပေါ်လာရလေသည်၊

ထိုအခိုက်မှာပင်....

ရဲမက်စစ်သည်နှစ်ဦးတို့သည် ဝက်ခြံကဲတွင် သတိလစ်မေ့မျောနေသော ရွှေရောင်သခင်မ လီရိန်လင်းကို သယ်မထုတ်ယူ၍ ရုံးတော်အတွင်းမှထုတ်ယူသွားကြလေ့သည်၊

ပြီးနောက်....

ရဲမက်စစ်သည် လေးဦးတို့သည် ဒေါ်ယရိပ် လွှမ်းခြုံနေသော မိကျောင်းစိမ်း လုပိုင်ချင်ကို ဝက်ခြံထဲမှ ရုံးအပြင်ဘက်သို့ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

ရေနွေးတစ်အိုးကျက်ခန့်ကြာသောအခါ ရွှေရောင်သခင်မ လီရိန်လင်းနှင့် မိကျောင်းစိမ်းခေါ်လုပိုင်ချင်တို့ သဟင်းဆိုးကြီးမှာ ဟူစီအင် တစ်မြို့လုံး တောမီးပမာ ပျံ့နှံ့၍သွားခဲလေသည်။

သို့ဖြင့် တစ်နေ့တာ ကုန်ဆုံး၍ ညအချိန်အခါသို့ ရောက်ရှိလာလေသည်။



ည....

မဟူရာကောင်းကင်ပြင်ပေါ်၌ သီဘဂူလခြမ်း ကွေးကွေးသေးသေးမှာ ကြယ်တာရာအပေါင်း ခြည်းလျက် အေးချမ်းစွာ သာထွန်းလျက်ရှိနေပေသည်။

အချိန်ကား ညနာရီခေါင်း ရှစ်ချက်တီးအချိန်သို့ရောက်ရှိနေချေပြီ။

ထိုအချိန်မှာပင်....

ဟူစီအင်မြို့ တောင်ဘက်ရပ်ကွက်ရှိ ရဲဘက်စခန်းမှ ရထားလုံးတစ်စီး မောင်းနှင်ထွက်ခွာလာလေသည်။

ယင်းရထားလုံးကို မောင်းနှင်လာသော ရထားထိန်းမှာ ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းပင် ဖြစ်လေ့၏၊

ထိုရထားလုံးမှာ တရားခံသယ်ဆောင်လေ့ရှိသော အချုပ်ရထားလုံးဖြစ်၏။

အခု ထိုအချုပ်ရထားလုံးအတွင်း ကာယဗလတောင့်တင်းကြံ့ခိုင်သော လူသန်ကြီးတစ်ဦး လိုက်ပါလာသည်၊

စင်စစ်တော့....

ထိုလူသန်ကြီးမှာ လူသတ်ခေါ်းပြမှုဖြင့် မြို့ဝန်မင်း ရုံးတော်သို့တင်၍ အပြစ်ကျခံရန်အတွက် ရဲမက်စခန်း၌ စောင့်ဆိုင်းနေရခြင်းဖြစ်၏။

မေးမြန်းရမည်ဆိုလျှင်....

ယင်းဓားပြလူသတ်သမားဖြစ်သော တောကျားကြီး ချူးစိန်မှာ မိကျောင်းစိမ်းဓားလုပိုက်ချင်းအမှုသက်ခွေကျပြီး မြို့ဝန်မင်းရုံးတော်တင်၍ အမိန့်ချမှတ်ခံရမည်ဖြစ်သည်။

သို့ရာတွင် မမျှော်လင့်ဘဲ ပေါ်ပေါက်လာရသော လုပိုက်ချင်း၏အမှုကို တောကျားကြီးချူးစိန်အမှုထက်စောလျှင်စွာပင် မြို့ဝန်မင်းရုံးတော်သို့ ခုန်ကျော်တင်၍ အမိန့်ချက်ချင်း ချမှတ်လိုက်လေသည်။

သို့မို့ကြောင့်....

ဓားပြတောကျားကြီးချူးစိန်၏ အမှုမှာ နောက်ကျ ကြန့်ကြာသွားရလေသည်။

ဟော အခုတော့....

အမိန့်မချမှတ်ရသေးသော ဓားပြတောကျားကြီး ချူးစိန်ကို အချိန်အခါမဟုတ် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ အချုပ်ရထားလုံးဖြင့် ရဲမက်စခန်းအတွင်းမှ ခေါ်ဆောင်လာလေသည်။

မည်သည့်ရည်ရွယ်ချက်ဖြင့် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ ဓားပြတောကျားကြီး ချူးစိန်ကို ရဲမက်စခန်း အတွင်းမှ ခေါ်ဆောင်လာရပါသနည်း။

ဤသည်ကိုတော့....

ကာယကံရှင် ရဲမက်တပ်ကြပ်ကြီး စုရှန့်ကျန်း ကိုယ်နှိုက်မှလွဲ၍ မည်သူမျှသိနိုင်မည်မထင်ပါချေ။



ပြောရလျှင်....

အချုပ်ရထားလုံးတွင် စီးနင်းလိုက်ပါလာရသော ဓားပြတောကျားကြီးချူးစိန် တစ်ယောက်တည်း မည်သည့်ရည်ရွယ်ချက်ဖြင့် ရဲမက်တပ်ကြပ်ကြီးအပြင်ကို ခေါ်ဆောင်လာကြောင်း လုံးဝ လုံးဝ မသိရှိပါချေ။

လရောင် မှုန်ဝါးဝါးအောက်ဝယ် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်း မောင်းနှင်လာသော အချုပ်ရထားလုံးမှာ မြို့တောင်ဘက်ရပ်ကွက် လမ်းမကြီးအတိုင်း ရွေ့လျားလာရင်းက မြို့လယ်သွား ပင်မလမ်းမကြီးနှင့် ဆုံဆည်းရာ လမ်းဆုံကို ရောက်ရှိလာရလေသည်။

ထိုအချိန်တွင်မူ....

လမ်းမပေါ်တွင် လူသွားလူလာ ကျဲပါးလျက် ရှိနေလေသည်။

သည်နောက်....

ရဲမက်တပ်ကြပ်ကြီးစုရှန်ကျန်း မောင်းနှင်လာသော အချုပ်ရထားလုံးမှာ တောင်ရပ်ကွက်လမ်းမှတစ်ဆင့် မြို့လယ်ပင်မလမ်းဆီသို့ ဝင်ရောက်လာပြီး မြို့လယ်ဆီသို့ ဦးတည်မောင်းနှင်လာလေသည်။

ကွမ်းတစ်ယာညက်ခန့် ရောက်သောအခါ မြို့လယ်ပင်မလမ်းမကြီးမှ ခွဲဖြာထွက်သွားသည့် မြေနီလမ်းကျဉ်းထဲသို့ အချုပ်ရထားလုံးမှာ ကွေ့ဝင်သွားပေသည်။

သို့ဖြင့် ယင်း အချုပ်ရထားလုံးမှာ မြေနီလမ်းဂက်သို့ ရောက်သောအခါ ရပ်ဆိုင်းသွားလေသည်၊

ထိုမြေနီလမ်းဝက်၏ ဘယ်ဘက်ခြမ်း၌ အတော်အသင့်ကျယ်ပြန့်သော မြက်ခင်းကွက်လပ်လေး ရှိနေလေသည်။

ထိုမြက်ခင်းကွက်လပ် အလယ်ဗဟို၌ ဝတ်စုံနက်ဝတ်ထောင်ထောင်မောင်းမောင်း လူတစ်ယောက် မြေနီလမ်းဘက်သို့ ကျောခိုင်း၍ ရပ်စောင့်နေလျက် ရှိနေပေသည်၊

ကြည့်ရသည်မှာ....

ရဲမက်တပ်ကြပ်ကြီး စုံရှန်ကျန်းမှာ ထိုမြက်ခင်းပြင်ကွက်လပ်၌ ရပ်စောင့်နေသော ဝတ်စုံနက်လူကို လှမ်းမြင်တွေ့လိုက်ရ၍ သူ့အချုပ်ရထားလုံးအား ဇက်ကြိုးသပ် ရပ်ဆိုင်းပစ်လိုက်ခြင်း ဖြစ်ပါသည်၊

ဟုတ်ပါသည်၊

ရဲမက်တပ်ကြပ်ကြီး စုံရှန်ကျန်းသည် ရထားမောင်းသည့်နေရာမှ မြေနီလမ်းပေါ်သို့ ခုန်ပျံဆင်းလိုက်လေသည်၊

ပြီးနောက်....

သူသည် မြေနီလမ်း၏ ဘယ်ဘက်ခြမ်းရှိ မြက်ခင်းလွင်ပြင်ငယ်ဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားလေသည်၊



သို့ဖြင့်....

ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ နောက်ကျောခိုင်းလျက် ရပ်စောင့်နေရသော ဝတ်စုံနက်ရှေ့သို့ ရောက်ရှိသွားလေသည်။

သည်တွင် ရဲမက်တပ်ကြပ်ကြီးစုံရှန်ကျန်းသည် ကျောခိုင်းရပ်နေသော ဝတ်စုံနက် ကို ဦးညွှတ်ဂါရဝပြုလိုက်စဉ်မှာပင်-

'စုရှန်ကျန်းတောင် ရောက်လာပြီကိုး'

ကြြာညောင်းလွန်းသောလေသံဖြင့် ဝတ်စုံနက်လူက ရေရွတ်ပြောဆိုလိုက်လေ့သည်။

သည်တော့ ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ ရိုကျိုးသောလေသံဖြင့်....

'ဟုတ်....ဟုတ်ပါတယ် သခင်ကြီး'

'အိမ်....ဟို....တောကျားကြီးချူးစိန်ရော အချုပ်ရထားလုံးထဲမှာ အေးအေးဆေးဆေး လိုက်ပါလာရဲ့လား'

'ပါ....ပါတယ် သခင်ကြီး'

'အိမ်း....သူ့ကို ငါ့ဆီ ခေါ်လာခဲ့စမ်း'

ယင်းသို့ လှမ်းအမိန့်ပေးလိုက်တော့ ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ ဦးတစ်ချက်ညွှတ်လိုက်ပြီး....

'ဟုတ်ကဲ့ပါ…သခင်ကြီး'

ထိုသို့ ပြောဆိုပြီးနောက် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ ဝတ်စုံနက်အပါးမှ ကျောခိုင်း၍ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့လေတော့သည်။



သည့်နောက် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းမှာ အချုပ်ရထားလုံးတံခါးကိုဖွင့်၍ ဓားပြ တောကျားကြီးချူးစိန်ကို အပြင်သို့ ခေါ်ထုတ်လိုက်လေသည်။

ဓားပြ တောကျားကြီးချူးစိန်တစ်ယောက် မြေနီလမ်းပေါ်ရောက်သည်နှင့် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းက သတိပေးစကား ပြောဆိုလာသည်မှာ…

'တောကျားကြီး၊ မင်း အခု တွေ့ဆုံရမယ့်သခင်ကြီးကို လက်ခံစကားပြောတဲ့အခါ ရိုရိုကျိုးကျိုး ပြောဆိုပါ၊ မင်းအတွက် အကျိုးရှိလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်'

ယင်းစကားကြောင့် တောကျားကြီးချူးစိန်က အသာအယာပြုံးပြီး….

'အေးဗျာ ကျုပ်ဟာ ပြစ်မှုတကယ်ကျူးလွန်ထားတဲ့လူဆိုတော့ မျှော်လင့်ချက်ကင်းဝေးနေတာတော့အမှန်ပဲ'

စိတ်ပျက်ညည်းညူသံဖြင့်ပြောဆိုလာသဖြင့် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းက အဓိပ္ပာယ်ပါပါပြုံးရယ်ကာ….

'ဟင်းဟင်း ဒီတစ်ခါမင်းအတွက် မျှော်လင့်ချက်ရောင်ခြည်သမ်းလာရပါပြီကွာ၊ ကဲ….သွားကြစို့'

'ဟုတ်'

သည်နောက် ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းနှင့် ခားပြကျားကြီး ချူးစိန်တို့သည် ဝတ်စုံနက် စောင့်ဆိုင်းနေသည့် မြက်ခင်းလွင်ပြင်အလယ်ဗဟိုဆီသို့ ဦးတည်လျှောက်လှမ်းလာကြ၏။

ထိုအချိန်တွင်....

ညဥ့်လေအေးက မြက်ခင်းလွင်ပြင်ကို ဖြတ်သန်း၍ တသုန်သုန် တိုက်ခတ်သလာ၏။

ယင်းလေပြေတိုက်ခတ်မှုကြောင့် သစ်ရွက်သစ်ခက်လှုပ်ရှားသံများ ညဥ့်ဂီတတေးသွားတစ်ပုဒ်ကို ဖြစ်ထွန်းပေါ်ပေါက်လာရ၏။

သို့စေကာမူ—

ယင်းမြက်ခင်းစိမ်းလွင်းပြင်၌ရောက်ရှိနေကြသည့် လူသားသုံးဦးတို့ကတော့ သဘာဝညဥ့်တေးသွားကို ခံစားနိုင်ကြမည်မဟုတ်ပါချေ။

သူတို့နှစ်ဦး ကျောခိုင်းလျက် လက်ပိုက်ရပ်မြဲရှိနေသော ဝတ်စုံနက်မလှမ်းမကမ်းသို့ ရောက်ရှိလာကြသည့်အခါ....



'သခင်ကြီး တောကျားကြီး ချူးစိန် အသင့်ရောက်ရှိလာပါပြီ'

ထိုသို့ ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းက ဝတ်စုံနက်ထံ သတင်းပို့လိုက်သောအခါ ဝတ်စုံနက်က ခေါင်းတစ်ချက်ကို အသာညိတ်ပြီး....

'ကောင်းပြီ...မောင်ရင် ရထားလုံးအနားမှာသွားစောင့်ရင်း ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကြည့်ရှုနေပါ'

အမိန့်ပေးပြောဆိုလိုက်တော့ စုရှန်ကျန်းက ဦးတစ်ချက်ဆတ်ခနဲညွှတ်ပြီး....

'ဟုတ်...ဟုတ်ကဲ့ပါ သခင်ကြီး'

ရိုကျိုးစွာပြောဆိုပြီး သူတို့နေရာမှ ခြေလှမ်းသွက်သွက်ဖြင့် ကျောခိုင်းထွက်လာခဲ့၏။

ထိုစဥ်မှာပင်....

တောကျားကြီး ချူးစိန်မှာ ပဟေဠိဆန်စွာ ရှိနေသော ထောင်ထောင်မောင်းမောင်း ဝတ်စုံနက်လူကြီးကို ဆိတ်ငြိမ်စွာဖြင့် မှိုမှိတ်မသုန်စူးစိုက်အကဲခတ်မိ၏။

'ဒီသခင်ကြီးဆိုတာ ဘယ်သူလဲ၊ ဘာအကြောင်းကြောင့် ငါလို ခားပြကြီးတစ်ယောက်ကို လျှို့ဝှက်တွေ့ဆုံနေရတာလဲ၊

'အင်း....ဒီသခင်ကြီးဟာ ရဲမက်အဖွဲ့ကိုခေါ်၍ ပိုင်စိုးနိုင်ခဲ့တာက တော့ သေချာတယ်'

ထိုသို့ သူ သို့လောသို့လော တွေးတောနေမိစဉ်မှာပင် ကျောခိုင်းရပ်နေသော ဝတ်စုံနက်မှာ တောကျားကြီး ချူးစိန် ထံ မျက်နှာမူလာ၏။

သည်တွင်....

တောကျားကြီး ချူးစိန်မှာ ဝတ်စုံနက်၏မျက်နှာကို မည်သူမည်ဝါမှန်း သိလိုဇောဖြင့် လှမ်းအကဲခတ်ကြည့်လိုက်မိသည်။

'ဟင်....'

သို့သော် သူ့မျှော်လင့်ချက် သဲထဲရေသွန် အကျိုးမရှိသလို ဖြစ်သွားရချေ၏။

အကြောင်းဟူမူ....

ယင်းဝတ်စုံနက်မှာ အနက်ရောင်မျက်နှာဖုံး တပ်ဆင်ထားသောကြောင့် သူမျှော်လင့်သလို မည်သူမည်ဝါမှန်း လှမ်းအကဲခတ်နိုင်ခြင်းဖြစ်၏။

သို့မို့ကြောင့်....

သူ့နှုတ်မှ 'ဟင်' ဟူသော အာမေဍိတ်သံကို မတိုးမကျယ် ရေရွတ်မိလိုက်ခြင်းဖြစ်၏။



ထိုအခိုက်မှာပင်....

ဝတ်စုံနက်က ချူးစိန်ထံ တည်ကြည်သော အသံဖြင့် စကားဆိုလာသည်မှာ....

'တောကျားကြီး အခုလို လျှို့ဝှက်တွေ့ဆုံနေရလို့ တအံ့တသြဖြစ်နေသလား'

စူးစမ်းဟန်ဖြင့် လှမ်းမေးလာတော့ ချူးစိန်က ရိုကျိုးသံဖြင့်....

'ဟုတ်....ဟုတ်ပါတယ်သခင်ကြီး'

'အိမ်း....ပို့ပြီးအံ့သြရမယ့် စကားတွေ တောကျားကြီး ဆက်ကြားရဦးမယ်'

'ခင်ဗျာ'

ဝတ်စုံနက်၏ ပဟေဠိဆန်လွန်းနေသောစကားများကြားရပြီး တောကျားကြီးချူးစိန် အံ့သြတကြီးဖြစ်ကာ ခင်ဗျာဟု ရေရွတ်ပြောဆိုမိလိုက်၏။

သည်တွင် ဝတ်စုံနက်မှာ ရယ်သွမ်းသွေးလိုက်ပြီး၊

'အေး....မင်းကို ငါတာဝန်တစ်ခုပေးအပ်မယ်၊ မင်း အဲဒီတာဝန်ကို ကျေကျေပွန်ပွန် ထမ်းရွက်မယ်ဆိုရင် မင်းကို ခါးပြမှုကရော လူသတ်မှုကရော လွတ်မြောက်သွားဖို့ ငါဆောင်ရွက်ပေးမယ်'

ထိုစကားကြားလိုက်ရသည်နှင့် တောကျားကြီးချူးစိန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး။

'သခင်ကြီးက ကျွန်တော်ရဲ့ ကြီးလေးတဲ့အပြစ်ကို လွတ်မြောက်အောင် လုပ်ပေးနိုင်စွမ်းရှိတယ်ဆိုတော့'

'ဘာလဲ ငါ မင်းကို ကွင်းလုံးကျွတ်အမှုက လွတ်မြောက်အောင့် မစွမ်းဆောင်နိုင်ဘူးလို့ ထင်နေသလား'

ထိုစကားကို ဝတ်စုံနက်က လေသံမှာမာဖြင့် တောကျားကြီးချူးစိန်ထံ ညာလက်ညှိုးငေါက်ငေါက်ထိုးလျက် ပြောဆိုလာလေသည်၊

သည်တွင် မျက်စိလျင်လွန်းသော တောကျားကြီးချူးစိန်မှာ ဝတ်စုံနက်၏ ညာလက်ညှိုးမ ထူးခြားမှုတစ်ခုကို ဖြတ်ခနဲ လှမ်းမြင်တွေ့လိုက်ရလေသည်။



သည်နောက် တောကျားကြီးချူးစိန်သည် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရပြီး။

'ယုံ....ယုံပါတယ် သခင်ကြီး၊ ကျွန်တော်မျိုး ဘယ်လိုတာဝန်မျိုးကို ထမ်းရွက်ရမလဲဆိုတာ အမိန့်ရှိတော်မူပါ'

ချက်ချင်း လက်ခံယုံကြည်သွားရသော တောကျားကြီးချူးစိန်၏ ဆိုစကားကို ကြားလိုက်ရသည့် ဝတ်စုံနက်မှာ ရယ်သံတစ်ချက်ပြုလိုက်ရင်း....

'အေး....အေး ငါ့အပေါ် စိတ်ချယုံကြည်သွားပြီဆိုတော့ မင်းထမ်းဆောင်ရမယ့် တာဝန်ကို ငါထုတ်ဖော်ပြောပြရဲတော့မှာပေါ့'

'ဟုတ်ကဲ့'

'အေး....မင်းဆောင်ရွက်ရမယ့် ကိစ္စကသည်လို'

ထိုသို့ ဝတ်စုံနက်က တောကျားကြီး ချူးစိန်ကို ထမ်းဆောင်ရမည့်တာဝန်ကို ဂဃနဏ ပြောဆိုလိုက်လေသည်၊

ထိုအခါ တောကျားကြီးချူးစိန်မှာ ဝတ်စုံနက်ပြောကြားနေသော စကားများကို စေ့စေ့စပ်စပ် နားထောင်ခဲ့ရပါသေးသည်။

သည်နောက် ....

သူတို့နှစ်ယောက် စကားကြော တခဏပြတ်တောက်သွား ရလေသည်။

ထိုစဉ် စဉ်ဆက်မပြတ်ကိုက်ခတ်နေသော ညဉ့်လေပြည်လေ ညှင်းကြောင့် သစ်ရွက်သစ်ခက် လှုပ်သံလေးများ ညဉ့်ယံကို ကြီးစိုးမင်းမူသွားရလေသည်။

သည်တွင် တောကျွားကြီးချူးစိန်က မျက်နှာဖုံးတပ်ဝတ် စုံနက်ထံ အကြည့်စူးစိုက်ရောက်ရင်း။

'သခင်ကြီး အဲဒီကိစ္စကို ဘယ်နေ့ဆောင်ရွက်ရမလဲ'

မ်းမေးလိုက်တော့ ဝတ်စုံနက်က မဆိုင်းမတွပင် တုံ့ပြန် ပြောလာသည်မှာ။

'မနက်ဖြန် အပြီးဆောင်ရွက်စေချင်တယ်၊ ငါလဲ မင်းရဲ့ လှုပ်ရှားမှုကို နောက်ယောင်ခံလိုက်ကြည့်နေမှာပဲ မင်းကိစ္စ အောင်မြင်စွာ ဆောင်ရွက်ပြီးပြီဆိုရင် ရဲမက်ဘပ်ကြပ်ကြီးသာ သတင်းပို့လိုက် ငါအဲဒီကို ချက်ချင်း ရောက်လာခဲ့မယ်'

'ဟုတ်ကဲ့ ဒါဆို ကျွန်တော်မျိုး အချုပ်ရထားလုံးနဲ့ ပြန် လိုက်သွားရမလား'

'နေဦး'



ဟုဆိုကာ ဝတ်စုံနက်မှာ သူ့ညာလက်ကို ဝတ်စုံနက် အတွင်းသို့ ထိုးနှိုက်လိုက်သည်။

သူ့ညာလက်ပြန်အရုတ်တွင် ငွေစများထည့်ထားသော ကတ္တီပါအိတ်ဖောင်းဖောင်းတစ်အိတ် ပါလာလေသည်။

ပြီးနောက် ဝတ်စုံနက်သည် လက်ထဲမှကတ္တီပါအိတ်ကို တောကျွားကြီးချူးစိန်ထံ လှမ်းပေးရင်း၊

'ရော့...မင်းလိုအပ်ရင်သုံးဖို့ ဒီညမင်းရဲ့ဖျက်ပြီး မြို့လယ် တည်းခိုခန်းမှာသွားဘည်း မနက်ဖြန်ကစပြီး ငါ့ပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ဘာ့'

'ဟုတ်ကဲ့ပါသခင်ကြီး'

ယင်းသို့ တောကျွားကြီးချူးစိန် ဦးညွှတ်ပြောဆိုပြီး နောက် ဝတ်စုံနက်လှမ်းပေးလာသော ငွေဖွဲ့ဖောင်းဖောင်း ကတ္တီပါအိတ်တစ်အိတ်ကို တရိုတသေလှမ်းယူလိုက်၏။

ပြီးဝတ်စုံနက်က တောကျွားကြီး ချူးစိန်ကို အကြည့် ရောက်ရင်း....

'ကိုင်း...တောကျွားကြီး ရဲမက်ကြီးကို သွားခေါ်လိုက် စမ်းပါ'

'ဟုတ်ကဲ့သခင်ကြီး'

ဦးညွှတ်နှာခံလိုက်ပြီးနောက် တောကျားကြီး ချူးစိန်မှာ ဝတ်စုံနက်ကို ကျောခိုင်း၍ မြေနီလမ်းကွင်းရပ်ဆိုင်းထားသော အချုပ်ရထားလုံးဆီသို့ ဦးတည်ထွက်ခွာသွားလေသည်။

သိပ်မကြာလိုက်ပါချေ။

တောကျားကြီးချူးစိန်မှာ အချုပ်ရထားလုံးနားတွင် ရပ်စောင့်နေသော ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်းကို ခေါ်ဆောင်၍ မြက်ခင်းပြင်ဆီသို့ လျှောက်လှမ်းလာကြ၏။

ကိုဂဥ်....

ရဲမက်တပ်ကြပ်ကြီး စုရှန်ကျန်း·က ရွှင်ရွှင်လန်းလန်းတက် တက်ကြွကြွရှိနေသော တောကျားကြီးချူးစိန်ထံ လှမ်းမေး လိုက်သည်မှာ....

'ဘယ့်နှယ် တောကျားကြီး ကျုပ်စောစောကပြောသလို ပဲ ခင်ဗျားရဲ့ ပျောက်ဆုံးနေပြီထင်ရတဲ့ မျှော်လင့်ချက်ရောင် ခြည်ယှက်သမ်းလာရပြီမဟုတ်လား'

မေးလာတော့ တောကျားကြီးချူးစိန်မှာ အပြုံးရိပ်ဖြင့် ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်....ဟုတ်ပါတယ် ဆရာကြီးရယ်၊ အခု သခင်ကြီးက ငွေထုပ်တစ်ထုပ်ထုတ်ပေးပြီး မြို့လယ်တည်းခိုခန်းမှာ သွား တည်းခိုခိုင်းတယ်၊ အဲ တာဝန်တစ်ခုတော့ ကျေကျေပွန်ပွန် ဖြစ်အောင်ဆောင်ရွက်ရမှာပေါ့'



'ဟင်း ဟင်း....ဒီတောကျားကြီး သခင်ကြီး ပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီးရင် တောကျား ကြီးဘဝလဲ ကောင်းကင်ငှက်တွေသို့ လွတ်လွတ် လပ်လပ် ပျံ သန်းနိုင်ပြီပေါ့'

'ဟုတ်....ဟုတ်ကဲ့ပါ'

'အဲ့ဒီတော့ ဒီဓားပြတိုက် လူသတ်ခြင်းကို ဆက်လုပ်ဦး မှာလား'

သွေးတိုးစမ်းအနေဖြင့် လှမ်းမေးလိုက်တော့ တောကျား ကြီးချူးစိန်မှာ ခေါင်းသွင်သွင်ခါယမ်းလိုက်ပြီး ...

'မလုပ်တော့ပါဘူးဆရာကြီး'

'ဘာလဲ အပြင်လောကထဲ ပြန်ရောက်သွားလို့ ကြာရင် လမ်းဟောင်းကြီးပဲ ဆက်လျှောက်မှာပဲမဟုတ်လား'

'မဟုတ်ရပါဘူးဆရာကြီး အခုပေးအပ်တဲ့တာဝန်ကျေပွန် သွားရင် ကွဲကွာခဲ့တာ ကြာပြီဖြစ်တဲ့ မိသားစု အခြေအနေ သွားရောက်ကြည့်ရှုပါဦးမယ်'

'အင်း ခင်ဗျားလဲ မိသားစုတွေပစ်ပြီး အမိုက်ဇာတ်ခင်း လာတာပဲနော်'

'မှားခဲ့တာလဲ မှားခဲ့ပါပြီ'

ထိုသို့ သူတို့နှစ်ယောက် စကားဟိုးဟိုး ပြောဆိုကြရင်းက သခင်ကြီးဟူသော ဝတ်စုံနက်ရှေ့မှောက်သို့ ရောက်လာကြလေသည်၊

ထိုစဉ်....

သူတို့နှစ်ယောက် ဝတ်စုံနက်ကို ပြိုင်တူဦးညွှတ် ဂါရဝပြုလိုက်ကြ၏၊

'ကိုင်း ရဲမက်ကြီး သူကိုမြို့လယ်မှာ တည်းခိုဖို့လွှတ်လိုက်ပြီ ငါတို့လမ်းခွဲကြစို့'

'ဟုတ်ကဲ့သခင်ကြီး'

သည်နောက် ထိုသူသုံးဦးတို့ မြက်ခင်းလွင်ပြင်ငယ်လမ်းခွဲ ထွက်သွားကြလေတော့သည်၊

* * *

ပထမပိုင်းပြီး၏။

( ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန် )

ဝင်းဘုန်းအောင်

# မိကျောင်းစိမ်းဓား ရှစ်မျက်နှာကျား

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

ဒုတိယ ပိုင်း၊